# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း (၁၁)ရက် ၊ စနေနေ့ ၊ (25-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၈၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပ



နေပြည်တော် ဇူလိုင် ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့်

စာမျက်နှာ ၁၆ ကော်လံ ၁

**ဆက်ကပ်လှူဒါန်း**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။


ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်များကို ကြည့်ရှုစစ်ဆေး — စာမျက်နှာ - ၁၉

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ ကျင်းပ — စာမျက်နှာ - ၂၀

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ ကျင်းပ — စာမျက်နှာ - ၂၂

ကျပ်ဘီလီယံ ၂၃၀ ပျဉ်းမနားပင်မဓာတ်အားခွဲရုံရှိ ၃၃ ကေဗွီ ပျဉ်းမနား ဓာတ်အားလိုင်း ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်မည် — စာမျက်နှာ - ၈


## ဆေးဝါးစက်ရုံ(အင်ရောင်း)၌ တစ်ခါသုံးဆေးထိုးအပ်များ ထုတ်လုပ်မှုပြန်လည်စတင်

နေပြည်တော် ဇူလိုင် ၂၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဆေးဝါးစက်ရုံ(အင်ရောင်း)တွင် တစ်ခါသုံးဆေးထိုးအပ်များ ထုတ်လုပ်မှု ပြန်လည်စတင်ပြီဖြစ်ကြောင်း အဆိုပါ စက်ရုံမှ သိရသည်။

ဆေးဝါးစက်ရုံ(အင်ရောင်း)၌ တစ်ခါသုံးဆေးထိုးအပ်များထုတ်လုပ်မှုပြန်လည် စတင်ခြင်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက စက်ရုံ၌ ကျင်းပရာ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသွင်အောင်၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် Valves Private limited ဥက္ကဋ္ဌတို့ တက်ရောက်ဖွင့်လှစ်ပေးကြပြီး စက်ရုံအတွင်း

စာမျက်နှာ ၂၅ ကော်လံ ၄

## ရန်ကုန်-ပြည်-ရန်ကုန် ခရီးစဉ်တွင် အမှတ်(၇၃)အဆန်၊ (၇၄)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားများ စတင်ပြေးဆွဲမည်

နေပြည်တော် ဇူလိုင် ၂၄

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-မန္တလေး လမ်းပိုင်းအတွင်း ရန်ကုန် - နေပြည်တော် - ရန်ကုန်ရထားခရီးစဉ်၊ ရန်ကုန်-မန္တလေး-ရန်ကုန်နှင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန် ရထားခရီးစဉ်များကို လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားများဖြင့် ပြေးဆွဲပေးခဲ့ပြီး ခရီးသည်များ ကြိုက်နှစ်သက်၍ စီးနင်းမှုများသောကြောင့်

စာမျက်နှာ ၂၅ ကော်လံ ၁



ရတနာပုံ
၂၀၂၆ ခုနှစ် ဇူလိုင် ၂၅ ရက်
အယ်ဒီတာ့အာဘော်

# အသိပညာ၊ အတတ်ပညာဖြင့်ပြည့်စုံသော လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် သဘာဝအရင်းအမြစ်များနှင့် စီးပွားရေးအင်အားအပေါ်တွင်သာ မူတည်နေခြင်းမဟုတ်ဘဲ အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များအပေါ်တွင်လည်း များစွာ မူတည်လျက်ရှိသည်။ ခေတ်နှင့်အညီ တွေးခေါ်နိုင်စွမ်း၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ကျွမ်းကျင်မှုများ ပိုင်ဆိုင်ထားသည့်လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မှသာ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍကို နိုင်ငံတည်ဆောက်ရေး၏ အခြေခံအုတ်မြစ်အဖြစ်သတ်မှတ်၍ အခြေခံပညာမှစတင်ကာ အဆင့်မြင့်ပညာရေးအထိ အနာဂတ်လူသားအရင်းအမြစ်တို့၏ အရည်အသွေးမြင့်မားစေရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇူလိုင် ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများအား တွေ့ဆုံစဉ် **"ကျောင်းနေအရွယ်ကလေးငယ်များကို ငယ်ရွယ်စဉ်မှစ၍ အသိပညာ၊ အတတ်ပညာများရရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် ၎င်းတို့ဘဝတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်သကဲ့သို့ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ အသိပညာ၊ အတတ်ပညာပြည့်စုံပြီး အတွေးအခေါ်မှန်ကန်ကောင်းမွန်သည့်လူငယ်များကို မွေးထုတ်ပေးနိုင်မှသာလျှင် နိုင်ငံ၏အနာဂတ်သည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း"** စသည်ဖြင့် အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့ခေတ်တွင် အသိပညာနှင့် နည်းပညာများ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလျက်ရှိသဖြင့် လူငယ်များအနေဖြင့် ဝေဖန်ပိုင်းခြားနိုင်စွမ်း၊ ဆန်းသစ်တီထွင်နိုင်စွမ်း၊ ပြဿနာများကို မှန်ကန်စွာ ဖြေရှင်းနိုင်စွမ်းတို့ကို ပိုင်ဆိုင်ထားရန် အထူးလိုအပ်လာသည်။ ထိုသို့သော အရည်အချင်းများကို ပညာရေးမှတစ်ဆင့် စနစ်တကျ ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးနိုင်မှသာ နိုင်ငံတော်အတွက် အားထားရသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာမည်ဖြစ်သည်။

ထို့ပြင် အနာဂတ်လူငယ် ကျောင်းသား၊ ကျောင်းသူများကို စာမေးပွဲအောင်မြင်ရေးတစ်ခုတည်းကိုသာ ဦးတည်သင်ကြားပေးခြင်းမဟုတ်ဘဲ ဘာသာရပ်တစ်ခုချင်းစီကို နက်နက်ရှိုင်းရှိုင်း နားလည်တတ်ကျွမ်းစေရန်၊ လက်တွေ့အသုံးချနိုင်သော အရည်အချင်းများရရှိစေရန် လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်သည်။ ကျောင်းပညာရေးအပြင် ပြင်ပဗဟုသုတများ၊ လူမှုဆက်ဆံရေးစွမ်းရည်၊ စည်းကမ်းလိုက်နာတတ်မှု၊ ပြည်သူ့နီတိနှင့် အကျင့်စာရိတ္တကောင်းမွန်ရေးတို့ကိုလည်း တစ်ပြိုင်တည်းလေ့ကျင့်သင်ကြားပေးရန်လိုအပ်သည်။ ထိုသို့ ဆောင်ရွက်ပေးခြင်းအားဖြင့် အသိပညာ၊ အတတ်ပညာသာမက လူ့အဖွဲ့အစည်းအတွက် အကျိုးပြုနိုင်သည့်အရည်အသွေးမြင့် လူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ အသိပညာ၊ အတတ်ပညာပြည့်စုံပြီး ဆင်ခြင်သုံးသပ်ဝေဖန်နိုင်စွမ်းမြင့်မားသည့် လူသားအရင်းအမြစ်များသည် နိုင်ငံတော်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားများပင်ဖြစ်သောကြောင့် ၎င်းတို့ကို မွေးထုတ်ပေးနိုင်ရေးသည် အရေးကြီးပေသည်။ ထို့ကြောင့် နိုင်ငံအတွက်လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ မိဘ၊ ဆရာ၊ ဆရာမများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၂၄၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**တန့်ဆည် ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၂၄၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၄၅၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၂၄၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ပဲစင်းငုံ ၂၄၅၇ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၄၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြသည်။

ယခုနှစ် တန့်ဆည်မြို့နယ်တွင် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းနှင့် အရည်အသွေးတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# မနေ့ဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဖီးကြမ်းငှက်ပျောသီးအဖီးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မနေ့ဖြူ ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး မနေ့ဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဖီးကြမ်းငှက်ပျောသီးအဖီးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မနေ့ဖြူမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွန်းက ပြောပြသည်။

မနေ့ဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မေလအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၄၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ဖီးကြမ်းငှက်ပျောသီးအဖီးရေ ၅၅၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လအတွင်း ဖီးကြမ်းငှက်ပျောဖီးတွေ ရန်ကုန်ဈေးကွက်ကို တင်ပို့အားကောင်းခဲ့ပါတယ်။ ဒေသထွက်သီးနှံတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချခဲ့တာပါ။ ပြည်တွင်းမှာကို ဖီးကြမ်းငှက်ပျောဖီးတွေက ဝယ်လိုအားများနေတဲ့ အခြေအနေရှိနေပါတယ်။ ရောင်းတာနဲ့ဝယ်တာ အဆင်ပြေပြေ လည်ပတ်နေပါတယ်"ဟု မနေ့ဖြူမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွန်းက ပြောပြသည်။

မနေ့ဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဖီးကြမ်းငှက်ပျောသီးအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၆၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသထွက် ငှက်ပျောသီးအဖီးများ အရောင်းအဝယ်ပြုလုပ်နေရသည့်အတွက် ငှက်ပျောစိုက်တောင်သူများ၊ ကုန်သည်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပုသိမ်ကြီးမြို့နယ် မင်းရဲလှကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပုသိမ်ကြီး ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းရဲလှကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက စီမံကိန်းရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ရှိသူများက ကော်မတီဝင်များရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များနှင့် ကော်မတီဝင်များ၏ တာဝန်များအကြောင်းကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ မင်းရဲလှကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် VDP စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူ့ထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ပျော်ဘွယ်မြို့နယ် ချောင်းနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းနွယ်ထွေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်နှင်းနွယ်ထွေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၃၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ချောင်းနားကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦးကို ငွေကျပ် ၂၉၈ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၁၃၁ ဒသမ ၅ သိန်း စုစုပေါင်း အသင်းသားအသင်းသူ ၁၁၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၄၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဦးသန်းထိုက်-ဒေါ်သီတာဝင်း မိသားစုက ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၁၄၆၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ မြတ်ကျော်၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးယုတင်နှင့် ရုံးအဖွဲ့မှူးတို့က လက်ခံရယူစဉ်။

# ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၀၈၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဆားလင်းကြီး ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၀၈၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၇၀၄၃ ဧက စိုက်ပျိုးရန် လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၀၈၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဆားလင်းကြီးမြို့နယ်မှာ ပဲတီစိမ်း ဧက ၁၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၈၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်" ဟု ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြသည်။

ဆားလင်းကြီးမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# သာစည်မြို့နယ် မယ်ဇလီကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ မယ်ဇလီကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇူလိုင် ၂၃ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မယ်ဇလီကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၃ ဒသမ ၁ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မယ်ဇလီကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၆ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၃ ဒသမ ၄ သန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၁၂၈ ဦးကို ငွေကျပ် ၁၈ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၄ ဒသမ ၇ သန်း စုစုပေါင်း အသင်းသားအသင်းသူ ၂၀၂ ဦးကို ရန်ပုံငွေကျပ် ၃၃ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း နှံ့ကားစပါးတင်းရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း နှံ့ကားစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ပပလင်းက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဆန်စပါးများ တင်ပို့ရောင်းချလျက်ရှိရာ မေလအတွင်းက နှံ့ကားစပါးတင်းရေ ၄၃၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း နှံ့ကားစပါးတင်းရေ ၅၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ နှံ့ကားစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၄၇၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်က လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်နဲ့ ပုသိမ်ဈေးကွက်ကို အဓိကထား တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်း မော်လမြိုင်ကျွန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို နှံ့ကားစပါးတင်းရေ အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဇူလိုင်လထဲမှာလဲ နှံ့ကားစပါးကို ရန်ကုန်ဈေးကွက်က အများအပြားဝယ်ယူဖို့ ကမ်းလှမ်းထားပါတယ်။ အခုလို နှံ့ကားစပါးတွေ အရောင်းအဝယ်ကောင်းလာတော့ တောင်သူတွေ၊ ပွဲရုံပိုင်ရှင်တွေ၊ ကုန်တင်ယာဉ်အငှားလိုက်သူတွေ၊ ကုန်တင်ကုန်ချလုပ်သားတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ပပလင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိသည့် နှံ့ကားစပါးအပါအဝင် လယ်ယာထွက်ကုန်ပစ္စည်းများကို ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး စနစ်တကျ သန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသများသို့ ဆက်လက်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ကျန်းမာရေးနှင့်အလှအပအတွက် အကျိုးများသည့်ထောပတ်သီး

ဒေါက်တာလပြည့်ခင်

**ထောပတ်သီး(Avocado)**

လွန်ခဲ့သည့် နှစ် ၂၀ ခန့်က ကမ္ဘာတစ်ဝန်းတွင် အာဟာရအပြည့်ဝဆုံးသော အသီးတစ်မျိုးအဖြစ် ဂင်းနစ်စံချိန်ဝင်ခဲ့သည့် ထောပတ်သီး၏အသုံးဝင်ပုံအမျိုးမျိုးနှင့် ကျန်းမာရေးအကျိုးကျေးဇူးများအကြောင်း ဖော်ပြပါမည်။

**ထောပတ်သီးတွင်ပါဝင်သော အာဟာရတန်ဖိုးများ**

သစ်သီးအများစုတွင် ကာဗိုဟိုက်ဒရိတ် (သကြားဓာတ်) အတန်အသင့်နှင့် အမျှင်ဓာတ်၊ ဗီတာမင်နှင့် သတ္တုဓာတ် စသည်ဖြင့် ကြွယ်ဝစွာပါဝင်သော်လည်း ပရိုတင်းနှင့် အဆီဓာတ်ကြွယ်ဝစွာပါဝင်သည့်အသီးရှားပါးသည်။ ထောပတ်သီးသည် အခြားသစ်သီးများကဲ့သို့ အမျှင်ဓာတ်များ၊ ဗီတာမင်ကေ၊ ဗီတာမင်အီး၊ ဗီတာမင်စီ၊ ဗီတာမင် B6 နှင့် သတ္တုဓာတ် အမျိုး ၂၀ ခန့်ပါဝင်သည့်အပြင် ထူးခြားစွာအဆီဓာတ်ကြွယ်ဝစွာပါဝင်နေသည်။ အဆီဓာတ်ကြွယ်ဝသော်လည်း ထောပတ်သီးတွင်ပါဝင်သည့် အဆီဓာတ်အများစုသည် ကျန်းမာရေးကိုမထိခိုက်စေဘဲ ကောင်းကျိုးပြုနိုင်သည့် မပြည့်ဝဆီအမျိုးအစားဖြစ်ပြီး အထူးသဖြင့် နှလုံးကျန်းမာရေးကို အထောက်အကူပြုသည့် အိုလစ်အက်စစ်အများအပြားပါဝင်ကာ ခန္ဓာကိုယ်အတွက် ကောင်းမွန်သည့်အဆီဓာတ်ဖြစ်သည်။ ထို့ပြင် ထောပတ်သီးတွင် ပိုတက်စီယမ်ဓာတ်လည်း ကြွယ်ဝများပြားစွာပါဝင်ပြီး သုတေသနတစ်ခု၏ အဆိုအရ ထောပတ်သီးသည် ငှက်ပျောသီးတွင် ပိုတက်စီယမ်ပါဝင်မှုထက် ပိုမိုပါဝင်ပြီး ခန္ဓာကိုယ်ဆဲလ်များတွင်ရှိသည့် လျှပ်စစ်ဓာတ်များကို ထိန်းသိမ်းပေးပြီး မရှိမဖြစ်လုပ်ဆောင်ချက်အမျိုးမျိုးကို လုပ်ဆောင်ပေးသည်။

**ထောပတ်သီးတွင်ပါဝင်သော အာဟာရဓာတ်များ**

ထောပတ်သီးတစ်လုံးတွင် စွမ်းအင်ကယ်လိုရီ ၁၆၀၊ အသားဓာတ် နှစ်ဂရမ်၊ ကျန်းမာစေသောအဆီဓာတ် ၁၅ ဂရမ်၊ ဗီတာမင်ကေ ၂၆ ရာခိုင်နှုန်း၊ ဖောလိတ်ဓာတ် ၂၀ ရာခိုင်နှုန်း၊ ဗီတာမင်စီ ၁၇ ရာခိုင်နှုန်း၊ ပိုတက်စီယမ် ၁၄ ရာခိုင်နှုန်း၊ ဗီတာမင် B5 ၁၄ ရာခိုင်နှုန်း၊ ဗီတာမင် B6 ၁၃ ရာခိုင်နှုန်း၊ ဗီတာမင်အီး ၁၀ ရာခိုင်နှုန်းနှင့်အတူ မဂ္ဂနီစီယမ်၊ မဂ္ဂနိစ်၊ ကော့ပါး၊ သံဓာတ်၊ ဇင့်၊ ဖော့စဖရတ် စသည့်သတ္တုဓာတ်များနှင့် ဗီတာမင်အေ၊ ဗီတာမင် B1၊ ဗီတာမင်B2၊ ဗီတာမင် B3 တို့အနည်းငယ်စီပါဝင်သည်။ ထောပတ်သီး၏ခုနစ်ရာခိုင်နှုန်းခန့်သည် အမျှင်ဓာတ်များဖြစ်ပြီး အခြားအစားအစာများနှင့်နှိုင်းယှဉ်လျှင် အမျှင်ဓာတ်ပါဝင်မှုပိုများသည်။ ထိုအမျှင်ဓာတ်များသည် အူအတွင်းရှိ အကျိုးပြုဘက်တီးရီးယားများ၏ ရှင်သန်မှုကို အားပေးပြီးခန္ဓာကိုယ်၏လုပ်ဆောင်ချက်များအတွက် အရေးပါသည့် အာဟာရဓာတ်တစ်မျိုးပင်ဖြစ်သည်။ ထို့ပြင် ထောပတ်သီးအသားနှင့် အခွံကြားတွင်ရှိသော အစိမ်းရင့်ရောင်အလွှာတွင် ကျန်းမာရေးနှင့် အလှအပရေးရာကို အလွန်အကျိုးပြုသော Omega 3 အဆီများစွာပါဝင်သောကြောင့် ထောပတ်သီးကို ခွဲပြီးလျှင် တန်ဖိုးရှိလှသော ထိုအစိမ်းရင့်ရောင် Omega 3 အလွှာကိုစားသုံးခြင်းဖြင့် ကျန်းမာလှပနိုင်ပါသည်။

**နှလုံးရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ကျစေနိုင်ခြင်း**

နှလုံးရောဂါသည် ဖြစ်ပွားမှုအများဆုံးရောဂါထဲမှ တစ်ခုအပါအဝင်ဖြစ်ပြီး အခြားရောဂါများ၏ ရှေ့ပြေးလည်းဖြစ်နေတတ်သည်။ ထောပတ်သီးတွင် နှလုံးကျန်းမာရေးအတွက် ကောင်းမွန်သည့်အာဟာရဓာတ်များဖြစ်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ၊ ဖီနောလ်နှင့် Carotenoids စသည်တို့ပါဝင်သည်။ ထောပတ်သီးတွင် မပြည့်ဝဆီ အထူးသဖြင့် အိုလစ်အက်စစ်ပါဝင်သောကြောင့် သွေးတွင်းမှ မကောင်းသည့်ကိုလက်စထရော(LDL) ကို လျှော့ကျစေပြီး ကောင်းသည့်ကိုလက်စထရော(HDL)ကို တိုးပွားစေသည့်အတွက် နှလုံးရောဂါဖြစ်ပွားမှုကိုလျှော့ချပေးပြီး နှလုံးကို ကျန်းမာစေသည့်အပြင် ပိုတက်စီယမ်ဓာတ်ကြွယ်ဝစွာပါဝင်သည့်အတွက် သွေးပေါင်ချိန်ကို ထိန်းညှိပေးပြီး နှလုံးရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ကျစေနိုင်သည်။

**ကိုယ်အလေးချိန်ထိန်းညှိပေးခြင်း**

ထောပတ်သီးတွင်ပါဝင်သည့် အမျှင်ဓာတ်နှင့် အဆီဓာတ်အများစုသည် ကျန်းမာရေးအတွက် သင့်လျော်ပြီး သွေးတွင်းသကြားဓာတ်ကို ထိန်းပေး



ထားသဖြင့် မကြာခဏဗိုက်ဆာခြင်းမဖြစ်စေရန် လုပ်ဆောင်ပေးနိုင်သည်။ ထောပတ်သီးတစ်လုံးတွင် အမျှင်ဓာတ် ၁၄ ဂရမ်ပါဝင်သောကြောင့် ကျန်းမာရေးအတွက် အလွန်ကောင်းမွန်ပြီး တစ်ဝက်ခန့်စားလျှင်ပင် ရင်ပြည့်ပြီးဗိုက်သိပ်မဆာသဖြင့် ဗိုက်ဆာခြင်းကို အချိန်ကြာမြင့်စွာထိန်းထားပေးနိုင်သည်။ အခြားအဆီများသည့် အစားအစာများစားခြင်းကို လျှော့နည်းသွားစေနိုင်သည်။ ခန္ဓာကိုယ်အလေးချိန်ကိုထိန်းညှိပေးပြီး ဇီဝကမ္မဖြစ်စဉ်များအတွက် ကောင်းကျိုးများစွာပေးသော ထောပတ်သီးကို ကိုယ်အလေးချိန်ချချင်သော်လည်း ဗိုက်ဆာတတ်သူများအနေဖြင့် စားပေးသင့်သည်။ ထောပတ်သီးသည် အမျှင်ဓာတ်များပြားမှုကြောင့် အစာခြေစနစ်ကို ကောင်းမွန်စေပြီး ဝမ်းချုပ်ခြင်းကိုကာကွယ်ပေးသည်။

ထောပတ်သီးတွင် ကောင်းမွန်သည့် ဆီအမျိုးအစားဖြစ်သည့် မပြည့်ဝဆီကြွယ်ဝစွာပါဝင်ပြီး မကောင်းသည့်အဆီဓာတ်ပါဝင်မှု နည်းပါးသည်။ မကောင်းသည့်အဆီဓာတ် များများစားပါက မကောင်းသည့်ကိုလက်စထရော များလာမည်ဖြစ်သည်။ မပြည့်ဝဆီစားသုံးခြင်းဖြင့် ကိုလက်စထရောပမာဏကိုလျှော့ကျစေသည့်အပြင် အင်ဆူလင်တုံ့ပြန်မှုကိုလည်း ကောင်းမွန်စေသည်။

**ရောင်ရမ်းမှုကိုလျှော့စေခြင်း**

ထောပတ်သီးတွင် မပြည့်ဝဆီ အထူးသဖြင့် သံလွင်ဆီတွင်တွေ့ရတတ်သည့် အိုလစ်အက်စစ်ပါဝင်သောကြောင့် နှလုံးကိုကျန်းမာစေသည့်အပြင် အိုလစ်အက်စစ်သည် ရောင်ရမ်းမှုကိုလျှော့ပါးစေရန် ချိတ်ဆက်ထားပြီး မျိုးဗီဇနှင့်ဆက်စပ်နေသော အကျိုးကျေးဇူးများလည်းရှိသည်။ နာတာရှည်ရောဂါတစ်ခုဖြစ်သည့် အရိုးအဆစ်ရောင်ရမ်းနာဝေဒနာများကိုလည်း ထောပတ်သီးမှရသည့် အဆီအနှစ်များမှ သိသာစွာလျှော့ချပေးနိုင်သည်။

**အမျိုးသမီးများနှင့် အမျိုးသားများအတွက် အကျိုးကျေးဇူးများခြင်း**

ထောပတ်သီးတွင်ပါဝင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနှင့် ကျန်းမာရေးနှင့်ညီညွတ်သည့် အဆီများသည် အမျိုးသမီးများအတွက် ရင်သားကျန်းမာရေးနှင့် ကိုယ်ဝန်ကို အထောက်အကူပြုနိုင်သကဲ့သို့ အမျိုးသားများအတွက်လည်း ဆီးကျိတ်ကျန်းမာရေးနှင့် ဆဲလ်တစ်ခုလုံး၏ကျန်းမာရေးကို အထောက်အကူပြုနိုင်သည်ဟုဆိုသည်။ ထောပတ်သီးသည် ဖောလစ်အက်စစ်ကြွယ်ဝစွာ ပါဝင်သောကြောင့် သန္ဓေသားကိုခွန်အားပေးနိုင်သည့်အပြင် ခန္ဓာကိုယ်ချို့ယွင်းခြင်းကိုကာကွယ်နိုင်ပြီး ဦးနှောက်ဖွံ့ဖြိုးမှုကို အထောက်အကူပြုသောကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများလည်း ပုံမှန်စားသုံးပေးနိုင်သည်။

**အာဟာရဓာတ်စုပ်ယူမှုကို မြှင့်တင်ပေးခြင်း**

အသီးအရွက်များတွင်ပါဝင်သည့် ဗီတာမင် A, D, E, K ကဲ့သို့ အဆီပျော်ဗီတာမင်များကို ခန္ဓာကိုယ်က ပိုမိုစုပ်ယူနိုင်အောင် ထောပတ်သီးက ကူညီပေးသည်။ ဆလတ်ရွက်သုပ်တွင် ထောပတ်သီးထည့်စားခြင်းဖြင့် အာဟာရကို ပိုမိုရရှိစေနိုင်သည်။

**အသားအရေနှင့် ဆံပင်စိုပြည်လှပစေခြင်း**

ထောပတ်သီးတွင် ဗီတာမင်အေ၊ ဗီတာမင်စီနှင့် ဗီတာမင်အီးတို့ပါဝင်သောကြောင့် အရေပြားကို ကျန်းမာစေပြီး အရေပြားတွင် အနီအပိမ့်များထွက်ခြင်းကိုလည်း သက်သာစေကာ ဝက်ခြံထွက်ခြင်းကို ကာကွယ်ပေးသည်။ ထောပတ်သီးတွင် အဆီဓာတ်ကြွယ်ဝစွာပါဝင်သောကြောင့် အရေပြားစိုပြည်လှပမှုအတွက် အထောက်အကူပြုရုံမက ဆံပင်ကျန်းမာရေးအတွက်လည်း ကောင်းကျိုးပေးသည်။ ထောပတ်သီးတွင်ပါသည့် ဗီတာမင်အီးနှင့် ဗီတာမင်စီသည် အရေပြားကိုစိုပြည်စေကာ အရေးအကြောင်းဖြစ်ခြင်းကိုသက်သာစေပြီး ဆံသားကိုလည်း သန်စွမ်းတောက်ပစေသည်။

**မှတ်ဉာဏ်ကောင်းလာစေခြင်း**

ထောပတ်သီးတွင် Omega-3 ဖက်တီးအက်စစ်နှင့် ဗီတာမင်အီး ကြွယ်ဝစွာပါဝင်သောကြောင့် စဉ်းစားဆင်ခြင်ဉာဏ်ကောင်းမွန်စေသည့် Pre-frontal Cortex ဟုခေါ်သည့် ဦးနှောက်အစိတ်အပိုင်းကို သွေးထောက်ပံ့မှုကောင်းစေသည့်အတွက် စိတ်ပိုင်းဆိုင်ရာပြဿနာများကိုကောင်းမွန်စေပြီး မှတ်ဉာဏ်ကို တိုးတက်စေသည်။

**ကင်ဆာဖြစ်နိုင်ခြေကို လျှော့ကျစေခြင်း**

ထောပတ်သီးတွင် ကမ္ဘာပေါ်တွင် ကြောက်စရာအကောင်းဆုံးရောဂါတစ်ခုဖြစ်သည့် ကင်ဆာရောဂါဖြစ်နိုင်ခြေကိုလျှော့ကျစေသည့် အပင်မှရသောဓာတုဒြပ်ပေါင်းများ များစွာပါဝင်သည်။ Xanthophyll၊ Lutien နှင့် Glutathione ဟူသည့် ပရိုတင်းဓာတ်လည်းပါဝင်သောကြောင့် ပါးစပ်ကင်ဆာဖြစ်နိုင်ခြေနည်းစေသည်။ ထောပတ်သီးက ဆီးကျိတ်နှင့်ရင်သားကင်ဆာဖြစ်နိုင်ခြေကိုလည်း လျှော့နည်းစေသည်ဟုဆိုသည်။ အစောပိုင်းလေ့လာမှုများတွင် ထောပတ်သီးတွင်ပါဝင်သည့် အချို့သောဓာတ်ပေါင်းများသည် သွေးဖြူဥကင်ဆာဆဲလ်များကို တိုက်ဖျက်နိုင်သည်ဟုလည်းဆိုသည်။ ထောပတ်သီးသည် အခြားသစ်သီးများကဲ့သို့ အမျှင်ဓာတ်ပါများသည့်အတွက် ဝမ်းချုပ်ခြင်းကိုမဖြစ်စေဘဲ ဝမ်းမှန်စေကာ အူမကြီးကင်ဆာဖြစ်ပွားနိုင်မှုကိုလျှော့ချပေးသည်။ ထောပတ်သီးတွင်ပါဝင်သည့် အာဟာရဓာတ်များသည် အဖုအကျိတ်ကင်ဆာများနှင့် ဓာတ်ကင်ခြင်းမှ ဖြစ်ပေါ်လာနိုင်သည့် ဘေးထွက်ဆိုးကျိုးများကိုလည်း ကာကွယ်ပေးနိုင်ကြောင်း သုတေသနများအရ သိရသည်။

**မျက်စိအားကောင်းစေခြင်း**

ထောပတ်သီးတွင်ခန္ဓာကိုယ်တွင်းရှိ Free Radicals များကို ချေဖျက်ပေးသည့်ဓာတ်တိုးဆန့်ကျင်ပစ္စည်းများအပြည့်ပါရှိပြီး အထူးသဖြင့် မျက်စိကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သော Lutein နှင့် Zeaxanthin ကဲ့သို့ Carotenoid ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်သဖြင့် အလင်းရောင်ကြောင့် မျက်လုံးပျက်စီးမှုနှင့် မျက်လုံးပြဿနာအမျိုးမျိုးကိုကာကွယ်ပေးနိုင်သည်။ မျက်လုံးအတွင်းတိမ်ဖြစ်ခြင်းနှင့် အသက်အရွယ်နှင့်ဆိုင်သော အမြင်အာရုံချို့ယွင်းစေသည့် မက်ကူလာယိုယွင်းမှုအန္တရာယ်ကိုလျှော့ချကာကွယ်ပေးနိုင်သောကြောင့် ထောပတ်သီးတစ်နေ့တစ်လုံးစားခြင်းဖြင့် မျက်လုံးကျန်းမာရေးကို ကာကွယ်ပေးနိုင်သည်။

**အသားအရေနှင့်အရိုးကို အကျိုးပြုခြင်း**

ထောပတ်သီးတွင် Carotenoid နှင့် Lutein ဓာတ်များပါဝင်သောကြောင့် ခရမ်းလွန်ရောင်ခြည် (UV) ကြောင့် အရေပြားပျက်စီးခြင်းမှ ကာကွယ်ပေးပြီး အသားအရေကို ကျန်းမာတောက်ပနုပျိုစေသည်။ ထို့ပြင် ထောပတ်သီးတွင်ပါဝင်သည့် Carotenoid ကို ခန္ဓာကိုယ်မှစုပ်ယူမှုအားကောင်းသည့်အတွက် အခြားအသီးများထက် ပိုမိုရွေးချယ်အသုံးပြုသင့်သည်။

ထောပတ်သီးသည် ခန္ဓာကိုယ်မှ အာဟာရဓာတ်များကို ပိုမိုကောင်းမွန်စွာစုပ်ယူနိုင်စေရန် ကူညီပေးသောကြောင့် အရေပြားကိုကျန်းမာစေပြီး အရိုးများကို သန်မာစေသည်။ အသက်အရွယ်ကြီးရင့်လာလျှင် ဖြစ်ပေါ်တတ်သော အရေပြားပေါ်မှ အမည်းစက်များကိုလည်းသက်သာစေနိုင်သည်။ ပိုတက်စီယမ်များစွာရရှိခြင်းဖြင့် သွေးဖိအားလျှော့နည်းစေပြီး နှလုံးရပ်ခြင်းနှင့် လေဖြတ်ခြင်းဖြစ်နိုင်ခြေက လျှော့ကျစေပြီး ကျောက်ကပ်အတွက် အထူးကောင်းမွန်စေသည်။

ထောပတ်သီးသည် အဆီဇီဝဖြစ်ပျက်မှုတွင်ပါဝင်သည်ဟု အထောက်အထားအချို့လည်းရှိသည်။ ထောပတ်သီးတွင်ပါဝင်သည့် မပြည့်ဝဆီသည် ခန္ဓာကိုယ်အဆီများကို ပြန်လည်ဖြန့်ဝေရာတွင် ကူညီပေးနိုင်ပြီး ခန္ဓာကိုယ်ကအဆီများကို စွမ်းအင်အတွက် လောင်ကျွမ်းစေနိုင်သည်။

**အလှအပရေးရာအတွက် အသုံးပြုနိုင်ခြင်း**

ထောပတ်သီးကိုစားသုံးရန်သာမကဘဲ အရေပြားပြင်ပတွင် အသုံးပြုခြင်းဖြင့်လည်း အလှအပရေးရာကို ထောက်ပံ့ပေးနိုင်ပြီး ထောပတ်သီးဖြင့် ပြုလုပ်ထားသောမျက်နှာပေါင်းတင်ကပ်ခွာ၊ မျက်နှာသစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာများကို အလွယ်တကူဝယ်ယူအသုံးပြုနိုင်နေပြီဖြစ်သည်။ အသင့်ပြုလုပ်ထားသောထုတ်ကုန်များကိုအသုံးပြုနိုင်သကဲ့သို့ အိမ်တွင်းသုံးနည်းလမ်းများဖြင့်လည်း မျက်နှာအသားအရေဝင်းလက်ချောမွေ့စေရန်အတွက် ထောပတ်သီးအမှည့်တစ်ခြမ်းကို ပျားရည်တစ်ဇွန်း၊ ရေနွေးပူနှင့် အနည်းငယ်ရောကြိတ်၍ မျက်နှာပေါ်ကပ်ပေးပြီး ခြောက်လျှင် ရေကြက်သီးနွေးဖြင့်ဆေးပေးကာ မျက်နှာပေါင်းတင်ခြင်းဖြင့် အသားခြောက်ခြင်းကို ကာကွယ်နိုင်သည်။

**စာမျက်နှာ ၅ သို့**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ် တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# အေးချမ်းပါစေ မြန်မာပြည်

- မင်္ဂလာ နိမိတ်သတင်း
  ကောင်းခြင်းနဲ့ ပြည့်စုံဝေ၊
  စားစရာ အစားသောက်
  လောက်လျက်နေ၊
  အထည်အဝတ် အိမ်ရာမြေ
  ကုံလုံပေ စနစ်တကျ၊
  မြန်မာပြည် လူအပေါင်း
  နေကောင်းရွှင်ပျ။

- အန္တရာယ် ဘေးမကျ
  ရောဂါမရ ပျော်ရွှင်စွာ၊
  ရေမီးရန် ကပ်ဆိုးဝေး
  အေးမြရင်မှာ၊
  ဆုတောင်းခြင်း ပို့မေတ္တာ
  ငြိမ်းချမ်းကာ စည်းလုံးမှု၊
  ကမ္ဘာ့အလယ် ဂုဏ်ရည်တိုး
  ကျိုးကြောင်းကောင်းပြု။

- လှူဒါန်းနေ သဒ္ဓါအစုစု
  ပေးဝေရှု ကူညီရန်၊
  ငြိမ်းချမ်းစေ တိုင်းရင်းသား
  ကြိုးစားသိဥာဏ်၊
  ဥမကွဲ သိုက်မပျက်အမှန်
  တွေးဆကြံလို့ ရှေ့ဆက်ရေး၊
  ကျက်သရေ တက်နေအလင်းက
  ကောင်းခြင်းတွေပေး။ ။

ရွှေမြိုင်သူ(မြန်မာစာ)

# အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၈၉၃၂၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြောင်းမြ ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၈၉၃၂၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၄၄၁၇၈ ကေကို ယခုနှစ် ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် သီးနှံစုံ ၈၉၃၂၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးဖြစ်သော သီးနှံစုံ ၈၉၃၂၂ ကေတွင် ကြံ ၈၇ ကေ၊ ပိန်းဥ ၁၃၁ ကေ၊ ကန်စွန်းဥ ငါးကေ၊ ဟင်းသီးဟင်းရွက်စုံ ၁၀၇၁ ကေ၊ ပြောင်းနှစ်ကေ၊ စပါး ၈၇၈၁၇ ကေ၊ ပန်းအမျိုးမျိုး ၂၀၉ ကေတို့ ဖြစ်ကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြို့နယ်တစ်ခုလုံးအနေနဲ့ သီးနှံစုံကေ ၁၄၄၀၀၀ ကျော် လျာထားစိုက်ပျိုးနေပါတယ်။ လက်ရှိမှာတော့ ကေ ၈၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ ဈေးကွက်ဝင် အသီးအနှံတွေ စိုက်ပျိုးနိုင်စေဖို့၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံတွေမစိုက်ခင်ကတည်းက စိုက်ပျိုးရေးဦးစီးဌာနက တောင်သူ အသိပညာပေး လုပ်ငန်းတွေကို ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

သီးနှံစုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ သီးနှံစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

á စာမျက်နှာ ၄ မှအဆက်

အဆီပြန်သော အသားအရေပိုင်ရှင်များအတွက် ထောပတ်သီး၊ ငှက်ပျောသီးနှင့် ကြက်ဥအကာတို့ကိုရောမွှေ၍ ပေါင်းတင်နိုင်သည်။ ဆံသားများနူးညံ့ပျော့ပျောင်းစေရန်အတွက်လည်း ထောပတ်သီးကို သံပရာရည်နှင့် ပျားရည်အနည်းငယ်ရော၍ ဆံပင်ပေါင်းဆေးအနေဖြင့် အသုံးပြုနိုင်ကြောင်း သိရသည်။

ထောပတ်သီးတွင်ရှိသော ထောပတ်သီးအစေ့ကို ရေဆေး၍နေလှန်းပါက နှစ်ရက်ခန့်ကြာလျှင် အပေါ်ယံအခွံကိုဖယ်ရှားပြီး ဆက်လက်၍ သံချေးရောင်ထသည်ထိ သုံးပတ်မျှနေလှန်းပြီး အလှအပရေးရာအတွက် အသုံးပြုနိုင်သည်။ အခြောက်လှန်းထားသော ထောပတ်သီးအစေ့ကို ကျောက်ပျဉ်ပေါ်တွင်သွေးကာ မျက်နှာပေါ်တွင် လိမ်းခြင်းအားဖြင့် ဝက်ခြံကြောင့်ကျန်ခဲ့သောအစက်အပြောက်များပျောက်ကင်းပြီး အသားချောမွေ့စေကာ အရေးအကြောင်းများသက်သာစေသည်။ ထောပတ်သီးအစေ့ကို ပျားရည်၊ သံလွင်ဆီရော၍ သွေးလိမ်းပြီး နာရီဝက်ခန့်ကြာလျှင် မျက်နှာသစ်ပေးခြင်းဖြင့် မျက်နှာအရေပြားတင်းရင်းစေပြီး တင်းတိပ်များပျောက်ကင်းစေသည်။ ထို့ပြင် အခြောက်မလှန်းရသေးသော ထောပတ်သီးအစေ့ကိုအမှုန့်ကြိတ်၍ ကြက်ဆူဆီထည့်မွှေပြီး တစ်ရက်ခန့်နှပ်ကာ ဦးရေပြားတွင်လိမ်းပေးပြီး နာရီဝက်ခန့်ကြာလျှင် ခေါင်းလျှော်ပါက ထောပတ်သီးအစေ့မှ အဆီဓာတ်များသည် ဦးရေပြားနှင့်ဆံပင်ကို လွှမ်းခြုံမိသဖြင့် ဖောက်ကင်းစင်တောက်ပြောင်သောဆံကေသာကို ရရှိနိုင်သည်။

**အနှစ်ချုပ်**

ထောပတ်သီးသည် အခြားသစ်သီးများနှင့်နှိုင်းယှဉ်လျှင် ကာဗိုဟိုက်ဒရိတ်ပါဝင်မှုထက် ကျန်းမာစေသောအဆီအနှစ်များပါဝင်မှုပိုများပြီး ကောင်းကျိုးများစွာရရှိစေသောအသီးတစ်မျိုးဖြစ်သည်။ လူသားတို့၏ခန္ဓာကိုယ်အတွင်း၌ မလိုအပ်သည့် ကိုလက်စထရောနှင့် ထရိုင်ဂလစ်စရိုက်ဓာတ်များလာသောအခါ နှလုံးအဆီဖုံးခြင်း၊ နှလုံးရောဂါများနှင့် ခန္ဓာကိုယ်ရောင်ရမ်းခြင်း၊ သွေးတွင်းအဆီဓာတ်များခြင်းတို့ကို ဖြစ်ပေါ်စေသောကြောင့် ထောပတ်သီးကိုစားပေးခြင်းဖြင့် ကိုလက်စထရောပါဝင်မှုနှုန်းကို သိသာစွာလျော့နည်းစေပြီး သွေးတွင်းရှိ ထရိုင်ဂလစ်စရိုက်ဓာတ်များပါဝင်မှုနှုန်းကို ၂၀ ရာခိုင်နှုန်းအထက် လျှော့ချပေးနိုင်ကြောင်း တွေ့ရသည်။ ထို့ကြောင့် ထောပတ်သီးသည် အရသာရှိရုံသာမက အရေးကြီးသည့် အာဟာရဓာတ်များပြည့်ဝခြင်း၊ အာဟာရစုပ်ယူမှုကို ပိုမိုကောင်းမွန်စေခြင်း၊ ထောပတ်သီးကို မုန့်အဖြစ်ဖြစ်စေ၊ အသုပ်အဖြစ်ဖြစ်စေ၊ ဖျော်ရည်အဖြစ်ဖြစ်စေ စားသုံးနိုင်ခြင်း၊ အာဟာရဓာတ်ပါဝင်မှုမြင့်မားသောကြောင့် အချို့သောရောဂါများကိုကာကွယ်နိုင်ခြင်းစသည်ဖြင့် ကျန်းမာရေးနှင့်အလှအပရေးရာအတွက် များစွာအကျိုးကျေးဇူးရှိပြီး အထောက်အကူပြုနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# တံတားဦးမြို့နယ် ပန်းယျကျေးရွာ၌ လူသုံးကုန်ပစ္စည်းပြုလုပ်နည်းသင်တန်းဆင်း

**တံတားဦး ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကျေးလက်နေ အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ပန်းယျကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ပစ္စည်းပြုလုပ်နည်းသင်တန်း(ဆပ်ပြာ) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းအေးက အမှာစကားပြောကြားပြီး တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက သင်တန်းသူများအနေဖြင့် သင်တန်းက သင်ကြားပေးခဲ့သော အတတ်ပညာများကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ အသုံးပြုကာ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ဆုရရှိသည့် သင်တန်းသူများကို ဆုချီးမြှင့်ပြီး တက်ရောက်လာသောဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လူသုံးကုန်ပစ္စည်းပြုလုပ်နည်းသင်တန်း (ဆပ်ပြာ) သင်တန်းကို တံတားဦးမြို့နယ်ရှိ ကျေးရွာများမှ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းနှင့်ပတ်သက်သော ဘာသာရပ်များကို နည်းပြဆရာများက ဇူလိုင် ၂၀ ရက်မှ ဇူလိုင် ၂၄ ရက်ထိ စာတွေ့၊ လက်တွေ့ဖြင့် ငါးရက်ကြာ အခမဲ့ သင်ကြားပို့ချ ပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

## နိုင်ငံတကာ သတင်းများ

# တရုတ်သမ္မတ ရှီကျင့်ဖျင် အမေရိကန်နိုင်ငံသို့ လာမည့် စက်တင်ဘာ ၂၄ရက်တွင် လာရောက်မည်ဟု သမ္မတ ဒေါ်နယ်ထရမ့် ပြောကြား



ဝါရှင်တန် ဇူလိုင် ၂၄

ယခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် အမေရိကန်နိုင်ငံသို့ တရုတ်သမ္မတရှီကျင့်ဖျင် လာရောက်မည်ဖြစ်ကြောင်း အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်က ယနေ့တွင် အတည်ပြု ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

အမေရိကန်နိုင်ငံသို့ တရုတ်သမ္မတရှီကျင့်ဖျင် ရောက်ရှိချိန်တွင် မိမိအနေဖြင့် လူ့ဉာဏ်ရည်တုနည်းပညာ(အေအိုင်) အရေးကိုလည်း အဓိကအကြောင်းအရာတစ်ရပ်အဖြစ် ထည့်သွင်းဆွေးနွေးမည်ဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က အတည်ပြုပြောကြားထားသည်။

အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်သည် ယခုနှစ် မေ ၁၃ ရက်မှ ၁၅ ရက်ထိ တရုတ်နိုင်ငံသို့ သွားရောက်၍ တရုတ်သမ္မတရှီ ကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အမေရိကန်နိုင်ငံသို့ ယခုနှစ်ကုန်ပိုင်းတွင် လာရောက်ရန် တရားဝင်ဖိတ်ကြားခဲ့သည်။

တရုတ်နိုင်ငံ ခရီးစဉ်အတွင်း မိမိအနေဖြင့် သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံစဉ် အေအိုင်နည်းပညာကိစ္စကို ထည့်သွင်းဆွေးနွေးခဲ့သကဲ့သို့ တရုတ်သမ္မတ၏ အမေရိကန်ခရီးစဉ်တွင်လည်း အေအိုင်နည်းပညာကိစ္စကို ထပ်မံဆွေးနွေးမည်ဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီတို့သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ဇူလိုင် ၂၂ ရက်က တွေ့ဆုံဆွေးနွေးစဉ် သမ္မတရှီကျင့်ဖျင်၏ အမေရိကန်ခရီးစဉ်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# အီရန်နှင့် ဟူသီအုပ်စုတို့ကို အပြစ်ပေးမည်ဟု သမ္မတ ဒေါ်နယ်ထရမ့် ပြောကြား



ဝါရှင်တန် ဇူလိုင် ၂၄

အီရန်နှင့် ၎င်း၏မဟာမိတ် ဟူသီသူပုန်အုပ်စုတို့ကို စစ်ရေးအရ ပြင်းထန်စွာ အပြစ်ပေးမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇူလိုင် ၂၃ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပင်လယ်နီ ရေပြင်အတွင်း၌ ဆော်ဒီအာရေဗျ ရေနံတင်သင်္ဘောနှစ်စီးကို ယီမင်နိုင်ငံအခြေစိုက် ဟူသီသူပုန်အုပ်စုက တိုက်ခိုက်ခဲ့ပြီးနောက် အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်၏ ထိုသို့ သတိပေးချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျ ရေနံတင်သင်္ဘောများ တိုက်ခိုက်ခံရမှုကြောင့် အရှေ့အလယ်ပိုင်း စစ်ရေးပဋိပက္ခသည် ဒုတိယမြောက်အဓိက ကုန်သွယ်ရေးလမ်းကြောင်းဘက်ထိ ရောက်ရှိလာခဲ့သည်။

ဆော်ဒီအာရေဗျ ရေနံတင်သင်္ဘောများ ပင်လယ်နီဒေသ၌ တိုက်ခိုက်ခံခဲ့ရပြီးနောက် ကမ္ဘာ့ရေနံဈေးကွက်၌ ယနေ့တွင် ၆ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့ပြီး ယခုနှစ် မေလနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ ထိ ရောက်ရှိခဲ့သည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား စစ်ရေးပဋိပက္ခများပြင်းထန်နေချိန်တွင် အီရန်မဟာမိတ် ဟူသီသူပုန်အုပ်စုက ဆော်ဒီအာရေဗျ ရေနံတင်သင်္ဘောများကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ယူကရိန်းဆိပ်ကမ်းသုံးခုကို ရုရှားတပ်မတော်တိုက်ခိုက်

မော်စကို ဇူလိုင် ၂၄

ရုရှားတပ်များအနေဖြင့် ဇူလိုင် ၂၃ ရက် ညပိုင်းတွင် ယူကရိန်းဆိပ်ကမ်းသုံးခုကို စစ်ရေးအရ တိုက်ခိုက်ခဲ့ကြောင်း ရုရှား ကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဇူလိုင် ၂၃ ရက် ညပိုင်းတွင် ယူကရိန်း လက်နက်ကိုင်တပ်များ အသုံးပြုနေသည့် လောင်စာဆီသိုလှောင်ကန်များ၊ ကုန်တင်ကုန်ချအခြေခံ အဆောက်အအုံများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း ရုရှား ကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ ရုရှားတပ်များသည် အိုဒက်ဆာ၊ အစ်ဇ်မေးလ်၊ မိုင်ကိုလိုက်ဗ်ဆိပ်ကမ်းတို့ကို ဒုံးကျည်များ၊ မောင်းသူမဲ့ ဒရုန်းယာဉ်များဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အိုဒက်ဆာဆိပ်ကမ်းတွင် ရုရှားတပ်များအနေဖြင့် ယူကရိန်းတပ်မတော်၏ လောင်စာဆီသိုလှောင်ကန်များ၊ မောင်းသူမဲ့ရေယာဉ်များအပါအဝင် စစ်လက်နက်ပစ္စည်း သိုလှောင်ရုံများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း ရုရှား ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

အလားတူ မိုင်ကိုလိုက်ဗ်ဆိပ်ကမ်းတွင်လည်း ယူကရိန်းစစ်ပစ္စည်းများ တင်ဆောင်ထားသည့် ကုန်တင်သင်္ဘောတစ်စီးကို တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း ရုရှားနိုင်ငံသည် ယူကရိန်း၏ မောင်းသူမဲ့ဒရုန်းယာဉ်တိုက်ခိုက်မှုများကို တုံ့ပြန်သည့်အနေဖြင့် ယူကရိန်းဆိပ်ကမ်းအခြေခံ အဆောက်အအုံများကို ပိုမိုမြှင့်တင်တိုက်ခိုက်လာခဲ့ကြောင်း သိရသည်။ Ref : RT

Trs : KKO

# အသက် ၁၆ နှစ်အောက်ကလေးများ လူမှုမီဒီယာ သုံးစွဲမှုကိုပိတ်ပင်ရန် ဗီယက်နမ်နိုင်ငံစီစဉ်ထား

ဟနွိုင်း ဇူလိုင် ၂၄

အသက် ၁၆ နှစ်အောက် ကလေးများ လူမှုမီဒီယာသုံးစွဲမှုပိတ်ပင်ရန် ဗီယက်နမ်နိုင်ငံက စီစဉ်ထားကြောင်း ယနေ့ သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

လူမှုမီဒီယာများ၏ဆိုးကျိုးများမှ ကလေးများကို ကာကွယ်ရေးအတွက် ကမ္ဘာ့နိုင်ငံအများအပြားကကြိုးပမ်းနေချိန်တွင် ဗီယက်နမ်နိုင်ငံကလည်း အသက် ၁၆ နှစ်အောက်ကလေးများ လူမှုမီဒီယာသုံးစွဲမှုကို ကန့်သတ်ရန်စီစဉ်ထားခြင်းဖြစ်သည်။

ဗီယက်နမ်အစိုးရ၏ အဆိုပြုစည်းမျဉ်းများအရ အသက် ၁၆ နှစ်အောက်ကလေးများ၏ လူမှုမီဒီယာအကောင့်များ မှတ်ပုံတင်ရာတွင် ထိုအကောင့်များ၌ ရေးသားထားသည့် အကြောင်းအရာများအတွက် တာဝန်ယူရမည့် မိဘများ၊ ဥပဒေကြောင်းအရ အုပ်ထိန်းခွင့်ရှိသူများ၏ ကိုယ်ရေးအချက်အလက်များဖြင့် မှတ်ပုံတင်ရမည်ဖြစ်သည်။

ထို့ပြင် လူမှုမီဒီယာကုမ္ပဏီများအနေဖြင့်လည်း အသုံးပြုသူများမှာ ကလေးများ ဟုတ်၊ မဟုတ်၊ တင်ပြသည့် အကြောင်းအရာများမှာ အသက်အရွယ်နှင့် သင့်လျော်မှု ရှိ၊ မရှိ စိစစ်ဖော်ထုတ်ရေးအတွက် နည်းပညာပိုင်းအရ စစ်ဆေးမှုများ ပြုလုပ်ပေးရမည်ဖြစ်သည်။

ကမ္ဘာပေါ်၌ ကလေးများ လူမှုမီဒီယာသုံးစွဲမှုကို ပထမဆုံး ပိတ်ပင်ခဲ့သောနိုင်ငံမှာ သြစတြေးလျနိုင်ငံ ဖြစ်သည်။

ဇူလိုင်၂၁ ရက်ကလည်း ပြင်သစ်အောက်လွှတ်တော်သည် အသက် ၁၅ နှစ်အောက် ကလေးများ လူမှုမီဒီယာသုံးစွဲမှု ပိတ်ပင်ရေး ဥပဒေကြမ်းကို မဲခွဲအတည်ပြုခဲ့ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# နိုင်ဂျီးရီးယားကြည်းတပ်စစ်အင်အားကို တပ်မဟာ ၁၂ ခုဖြင့်ဖွဲ့စည်းရန် သမ္မတ သဘောတူ

အဘူဂျာ ဇူလိုင် ၂၄

နိုင်ဂျီးရီးယား တပ်မတော်အင်အားကို တပ်ဖွဲ့ဝင်သစ် ဦးရေ ၂၈၀၀၀ ထပ်မံစုဆောင်းရန် နိုင်ဂျီးရီးယားသမ္မတ ဘိုလာတီနူဘူက သဘောတူထားကြောင်း သမ္မတရုံးက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

တည်ဆဲ ပြည်တွင်းလုံခြုံရေးခြိမ်းခြောက်မှုများကို တုံ့ပြန်ကိုင်တွယ်ရေးအတွက် ကြိုးပမ်းနေစဉ် နိုင်ဂျီးရီးယားကြည်းတပ်အင်အားကိုတိုးချဲ့ရန် နိုင်ဂျီးရီးယားအစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

လက်ရှိတွင် နိုင်ဂျီးရီးယားကြည်းတပ်ကို တပ်မဟာရှစ်ခုဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

သမ္မတ ဘိုလာတီနူဘူ အနေဖြင့် မာကာဒီမြို့၊ အီလော်ရင်မြို့၊ ဂျာလင်ဂိုမြို့၊ ဘီနင်းမြို့တို့၌ တပ်မဟာသစ်လေးခု ဖွဲ့စည်းဖွင့်လှစ်ရန် သဘောတူထားကြောင်း သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားထားသည်။



ထို့ပြင် နိုင်ဂျီးရီးယားလက်နက်ကိုင်တပ်များ ခေတ်မီရေးအတွက် စစ်လက်နက်ပစ္စည်းများ၊ စစ်ရေးအရ အသင့်အနေအထားရှိမှု၊ တပ်ဖွဲ့ဝင်များ နေရေး၊ ထိုင်ရေး၊ ဖူလုံရေးတို့အတွက် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရန်လည်း နိုင်ဂျီးရီးယားအစိုးရက သဘောတူထားသည်။

နိုင်ဂျီးရီးယား နိုင်ငံသည် အရှေ့မြောက်ပိုင်း၌ အစ္စလာမ္မစ်စစ်သွေးကြွများ ပုန်ကန်ထကြွမှု၊ အနောက်မြောက်ပိုင်း၌ တောပုန်းများထကြွမှုတို့ကို ၁၇ နှစ်ကြာမျှ ရင်ဆိုင်နေရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အိုရီယန်စပေ့ အာကာသနည်းပညာကုမ္ပဏီက Gravity-1 ဒုံးပျံဖြင့် ဂြိုဟ်တုကိုးစင်းကို အောင်မြင်စွာလွှတ်တင်ခဲ့



**ပေကျင်း ဇူလိုင် ၂၄**

တရုတ်နိုင်ငံ ရှန်တုန်းပြည်နယ်အခြေစိုက် အိုရီယန်စပေ့ အာကာသနည်းပညာ ကုမ္ပဏီသည် ဇူလိုင် ၂၂ ရက်တွင် Gravity–1 ဒုံးပျံဖြင့် ဂြိုဟ်တုကိုးစင်းကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ဇူလိုင် ၂၃ ရက် သတင်းများအရ သိရသည်။

အိုရီယန်စပေ့ ကုမ္ပဏီသည် Gravity–1 ဒုံးပျံကို ရှန်ဟိုင်းမြို့တော် ကမ်းရိုးတန်း ကမ်းလွန်ရှိ ရေယာဉ်တစ်စီးပေါ်မှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါမစ်ရှင်သည် Gravity–1 ဒုံးပျံ၏ တတိယမြောက်မစ်ရှင်ဖြစ်သည်ဟု အိုရီယန်စပေ့ ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် Gravity–1 ဒုံးပျံသည် သယ်ဆောင်ထားသည့် ဂြိုဟ်တုကိုးစင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ကိုယ်ထည်အလျား ပေ ၁၀၀ ခန့်ရှိသည့် Gravity–1 ဒုံးပျံသည် ကမ္ဘာပေါ်၌ စွမ်းဆောင်ရည်အမြင့်ဆုံး လောင်စာခဲသုံး ဒုံးပျံဖြစ်ပြီး အလေးချိန် ကီလိုဂရမ် ၆၅၀၀ ရှိသည့် ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်သည်။

အိုရီယန်စပေ့အာကာသနည်းပညာကုမ္ပဏီသည် Gravity–1 ဒုံးပျံကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလနှင့် ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်ရံလတစ်စင်းကို ဥရောပသိပ္ပံပညာရှင်များက ပထမဆုံးအကြိမ်အဖြစ် ရှာဖွေတွေ့ရှိထား

**ဘာလင် ဇူလိုင် ၂၄**

နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်ရံလတစ်စင်းကို ဥရောပသိပ္ပံပညာရှင်များက ပထမဆုံးအကြိမ်အဖြစ် ရှာဖွေတွေ့ရှိထားကြောင်း ဇူလိုင် ၂၃ ရက် သတင်းများအရ သိရသည်။

အဆိုပါ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်ရံလကို ဥရောပသိပ္ပံပညာရှင်များက ဥရောပတောင်ပိုင်း နက္ခတ္တရူပလေ့လာရေးစခန်း၏ ဗွီအယ်လ်တီ အာကာသရေဒီယိုတယ်လီစကုပ်ဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်ရံလသည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၇၁ နှစ်အကွာတွင်ရှိသော CD–35 2772 အမည်ရှိ



ကြယ်စနစ်အတွင်း ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါနေအဖွဲ့အစည်းပြင်ပ ဂြိုဟ်ရံလသည် အရွယ်အစားအားဖြင့် ကြာသပတေးဂြိုဟ်တမျှကြီးမားပြီး ကြာသပတေးဂြိုဟ်ထက် ၃၃ ဆ ပိုကြီးမားသော ဂြိုဟ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်နေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

နိုင်ငံတကာသိပ္ပံပညာရှင်များ အနေဖြင့် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်ပေါင်း ၆၀၀၀ ကျော်ကိုရှာဖွေတွေ့ရှိထားသော်လည်း အဆိုပါ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်ရံလတစ်စင်းကို ပထမဆုံးအကြိမ်အဖြစ် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ကမ္ဘာဂြိုဟ်တည်ရှိရာ နေအဖွဲ့အစည်းတွင်မူ ဂြိုဟ်ရံလပေါင်း ၈၉၁ စင်းထိ တည်ရှိကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Russia Today

Trs : KKO

## စပေ့အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်- ၉ ဒုံးပျံအစိတ်အပိုင်းတစ်ခု လမျက်နှာပြင်ပေါ် ကျရောက်မှုဖြစ်စဉ်ကို လေ့လာစောင့်ကြည့်ရေးအတွက် သိပ္ပံပညာရှင်များ ပြင်ဆင်နေ

**ဝါရှင်တန် ဇူလိုင် ၂၄**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်– ၉ ဒုံးပျံအစိတ်အပိုင်းတစ်ခု လမျက်နှာပြင်ပေါ် ကျရောက်မှုဖြစ်စဉ်ကို လေ့လာစောင့်ကြည့်ရေး အတွက် သိပ္ပံပညာရှင်များက ပြင်ဆင်နေပြီဖြစ်ကြောင်း ဇူလိုင် ၂၃ရက်သတင်းများအရ သိရသည်။

အထက်ပါ ဖယ်လ်ကွန်–၉ ဒုံးပျံအစိတ်အပိုင်းသည် ယခုနှစ် ဩဂုတ် ၅ ရက်တွင် လမျက်နှာပြင်ပေါ်သို့ ကျရောက်နိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

ဖယ်လ်ကွန်–၉ ဒုံးပျံအစိတ်အပိုင်းနှင့် လမျက်နှာပြင်တို့ ဝင်တိုက်ချိန်နှင့် ဝင်တိုက်ပြီး နောက်ပိုင်း ဖြစ်စဉ်များကို မြေပြင်အခြေစိုက် အာကာသရေဒီယိုတယ်လီစကုပ်များနှင့် အာကာသအခြေစိုက် ရေဒီယိုတယ်လီစကုပ်များဖြင့် လေ့လာနိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါဖြစ်စဉ်သည် လမျက်နှာပြင်ပေါ် ဒုံးပျံယာဉ်အစိတ်အပိုင်း ဝင်တိုက်မှုကြောင့် ပေါ်ထွက်လာသည့် နောက်ဆက်တွဲဖြစ်စဉ်များကို ဖော်ထုတ်နိုင်မည်ဖြစ်ရာ အဆိုပါဖြစ်စဉ်ကို လေ့လာရေးအတွက် သိပ္ပံပညာရှင်များက ပြင်ဆင်နေပြီဖြစ်ကြောင်း၊ အဆိုပါ ဖယ်လ်ကွန်–၉ ဒုံးပျံအစိတ်အပိုင်းသည် ၂၀၂၅ ခုနှစ်တွင် လဆင်းယာဉ်များ လွှတ်တင်ရာတွင် အသုံးပြုခဲ့သော ဖယ်လ်ကွန်–၉ ဒုံးပျံ၏ အစိတ်အပိုင်းဖြစ်ကြောင်း သိရသည်။

အလေးချိန်ပေါင် ၁၀၈၀၀ ထိရှိသော အဆိုပါဖယ်လ်ကွန်–၉ ဒုံးပျံအစိတ်အပိုင်းသည် ဩဂုတ် ၅ ရက်တွင် တစ်နာရီလျှင် မိုင် ၅၄၀၀ အမြန်နှုန်းဖြင့် လမျက်နှာပြင်ပေါ်ရှိ အိုင်းစတိန်း ဥက္ကာချိုင့်ဝှမ်းအနီး ကျရောက်မည်ဖြစ်သည်။

Ref : Sputnik News

Trs : KKO

# HEALTH

## GLP-1 အုပ်စုဝင် ကိုယ်အလေးချိန်လျှော့ချရေး ဆေးများက အရက်အဆိပ်သင့်မှုကို လျှော့ချပေးနိုင်

**နယူးယောက် ဇူလိုင် ၂၄**

Ozempic ကဲ့သို့ GLP–1 အုပ်စုဝင် ကိုယ်အလေးချိန် လျှော့ချရေး ဆေးများသည် အရက်အဆိပ်သင့်မှုပေါ်လာနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇူလိုင် ၂၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အရက်စွဲဖူးသူ ဦးရေ ၄၀၀၀၀ ကျော်တို့၏ကျန်းမာရေး အချက်အလက်များကို လေ့လာခဲ့ကြသည်။

အထက်ပါလေ့လာမှု၌ ပါဝင်သူများထဲတွင် Ozempic ကဲ့သို့သော GLP–1 အုပ်စုဝင် ကိုယ်အလေးချိန် လျှော့ချရေးဆေးများ စတင်သုံးစွဲနေသူများလည်း ပါဝင်ကြောင်းသိရသည်။

ထိုသို့လေ့လာရာတွင် အမေရိကန် သုတေသနပညာရှင်များသည် ကိုယ်အလေးချိန်လျှော့ချရေး ဆေးသုံးစွဲသူများနှင့် မသုံးစွဲသူများကြား အရက်အဆိပ်သင့်မှုကြောင့် ဆေးရုံ တက်ရောက်ရမှုနှုန်းကိုလည်း နှိုင်းယှဉ်လေ့လာခဲ့ကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ GLP–1 အုပ်စုဝင်ဆေးများ သုံးစွဲနေရသည့် ပုံစံ–၂ ဆီးချိုရောဂါ လူနာများသည် မသုံးစွဲသူ လူနာများနှင့် နှိုင်းယှဉ်ပါက အရက်အဆိပ်သင့်မှုကြောင့် ဆေးရုံတက်ရနိုင်ခြေ ၆၃ ရာခိုင်နှုန်း ပိုနည်းပါးသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ယခင်ပြုလုပ်ခဲ့သည့် လေ့လာချက်များတွင်လည်း GLP–1 အုပ်စုဝင်ဆေးများသည် အရက်စွဲမှုပြဿနာနှင့် ရင်ဆိုင်နေရသူများအတွက် အကျိုးရှိသည်ဟုဖော်ပြခဲ့ကြပြီးဖြစ်သည်။

Ref : Sputnik News

Trs : KKO

## အင်္ဂလန်ရှိ အသက် ၄၀ အောက်လူငယ်များကြား ပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားနှုန်း မြင့်တက်လာ

**လန်ဒန် ဇူလိုင် ၂၄**

အင်္ဂလန်၌ အသက် ၄၀ အောက် လူငယ်များကြား ပုံစံ– ၂ ဆီးချိုရောဂါ ဖြစ်ပွားနှုန်း မြင့်တက်လာကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ ဇူလိုင် ၂၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အသက် ၄၀ အောက် လူငယ်များကြား ပုံစံ–၂ ဆီးချိုရောဂါ ဖြစ်ပွားမှုနှုန်း မြင့်တက်လာမှုသည် လူငယ်များကြား အဝလွန်မှုနှင့် ဆက်စပ်နေကြောင်း ဗြိတိန် သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အသက် ၂၀ နှင့် ၂၉ နှစ်ကြား အမျိုးသားများတွင် ပုံစံ–၂ ဆီးချိုရောဂါ ဖြစ်ပွားနှုန်း ၄၃ ရာခိုင်နှုန်းမြင့်တက်လာပြီး အမျိုးသမီးများကြားတွင် ၆၉ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အင်္ဂလန်၌ အသက် ၄၀ အောက် လူငယ်များကြား ပုံစံ–၂ ဆီးချိုရောဂါဖြစ်ပွားနှုန်း မြင့်တက်လာမှုမှာ စိုးရိမ်ဖွယ် အခြေအနေတွင်ရှိသည်ဟု ဗြိတိန်သုတေသန ပညာရှင်များက သတိပေးထားကြောင်း သိရသည်။

လူငယ်များကြား အဝလွန်မှုနှုန်း မြင့်တက်လာသည်နှင့်အမျှ အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် ပုံစံ–၂ ဆီးချိုရောဂါဖြစ်နိုင်ခြေလည်း မြင့်တက်လာသည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေ



**မန္တလေး ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ချမ်းအေးသာစံမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်ရှိအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ဝန်ထမ်းအိမ်ရာများ အသစ်တည်ဆောက်နေမှု၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၏ ဧည့်ရိပ်သာ ပြန်လည်ပြုပြင်မွမ်းမံနေမှု၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းအိမ်ရာအဆောက်အအုံ ပြန်လည်ပြုပြင်မွမ်းမံမှုနှင့် အသစ်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းနှင့် အရည်အသွေးပြည့်မီရေး၊ သတ်မှတ်ကာလအတွင်းပြီးစီးရေးတို့ကို အလေးထားဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် မြို့တွင်းလမ်းများနှင့် အဓိကလမ်းမကြီးများ တိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA မှ အသင်းသား၊ အသင်းသူများ စုပေါင်းသွေးလှူဒါန်း

**မန္တလေး ဇူလိုင် ၂၄**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA နှစ် ၁၂၀ ပြည့်အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA မှ အသင်းသား၊အသင်းသူများ စုပေါင်း သွေးလှူဒါန်းပွဲကို ယမန်နေ့နံနက် ၈ နာရီက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ကိုးထပ်ဆောင် အစည်းအဝေးခန်းမ(၁)၌ကျင်းပရာ မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး ဆေးရုံအုပ်ကြီး၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA ဗဟိုဥက္ကဋ္ဌ ဦးမြင့်အောင်သန်းနှင့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်များ၊ အသင်းသား၊ အသင်းသူများ တက်ရောက်ကြသည်။



ဦးစွာ အသင်းသား၊ အသင်းသူများက စုပေါင်းသွေးလှူဒါန်းကြပြီး လှူဒါန်းကြသည့် သွေးအိတ် ၆၀ ကို ဆေးရုံအုပ်ကြီးနှင့်တာဝန်ရှိသူများထံပေးအပ်ရာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ထို့နောက် ဗဟိုဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များက နယ်မြေခံဆေးတပ်ရင်း(မန္တလေး)တွင် တက်ရောက်ဆေးကုသနေသော လူနာများအတွက် စုပေါင်းလှူဒါန်းသည့် သွေးအိတ် ၆၀ ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယနေ့တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA နှစ် ၁၂၀ ပြည့် အထိမ်းအမှတ်အဖြစ် အသင်းသား၊ အသင်းသူများက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ သွေးအိတ် ၆၀၊ နယ်မြေခံဆေးတပ်ရင်း(မန္တလေး)သို့ သွေးအိတ် ၆၀ စုစုပေါင်း သွေးအိတ် ၁၂၀ တို့ကို လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကေဗွီ ၂၃၀ ပျဉ်းမနားပင်မ ဓာတ်အားခွဲရုံရှိ ၃၃ ကေဗွီ ပျဉ်းမနားဓာတ်အားလိုင်း ဓာတ်အားပိတ်၍လုပ်ငန်းဆောင်ရွက်မည်

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများနှင့် ပျဉ်းမနား-လယ်ဝေး လမ်းဟောင်းဘေး၊ အောင်မင်္ဂလာရပ်ကွက်ရှိ အန္တရာယ်ရှိသည့် ကုက္ကိုပင်ခြောက်ကို ပျဉ်းမနားမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတို့မှ ဝန်ထမ်းများပူးပေါင်း၍ ခုတ်ယူရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၃၃ ကေဗွီ ပျဉ်းမနားဓာတ်အားလိုင်းကို ၂၀၂၆ ခုနှစ် ဇူလိုင် ၂၆ ရက် နံနက် ၇ နာရီ မှ ညနေ ၄ နာရီထိ ဓာတ်အားပိတ်ထားမည်ဖြစ်သည်။

ထိုသို့လုပ်ငန်းဆောင်ရွက်စဉ် ပျဉ်းမနားမြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာများ၊ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

INTERNATIONAL YOUTH DAY | 2026 DIFFERENT CONTEXTS, COMMON ASPIRATIONS

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ဆောင်ပုဒ်

2026 International Youth Day

" နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား "

" Different Contents, Common Aspirations "

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာ ချစ်စိန်<br>ပါမောက္ခချုပ်<br>မော်လမြိုင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဒဂုံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာ ရီရီဦး<br>ပါမောက္ခချုပ်<br>စစ်တွေတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မော်လမြိုင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာ အေးအေးသန့်<br>ပါမောက္ခချုပ်<br>ရေနံချောင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>တောင်ကြီးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သူဇာရှိန်ကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝင်းဖေကို အဆင့်မြင့်ပညာဦးစီးဌာန ဟားခါးတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း(NRC) ထုတ်လွှင့်မှုကို ၂၀၂၆ ခုနှစ် မေ ၁ ရက်မှ ဇူလိုင် ၃၁ ရက်ထိ နေ့စဉ် နံနက် ၆ နာရီမှ စတင်၍ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဖိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်းဘာသာ၊ 'ဝ'၊ ကချင်၊ ကယား၊ စကောကရင်ဘာသာ၊ အနောက်ပိုးကရင်ဘာသာအစီအစဉ်များကို ည ၁၁ နာရီထိ ထုတ်လွှင့်လျက်ရှိပါသည်။

၂။ ယခုအခါ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း(NRC) ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၆ ခုနှစ် ဩဂုတ် ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိ နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီထိ ချင်း(လိုင်ဖိုး)ဘာသာအစီအစဉ်၊ နံနက် ၇ နာရီမှ ၈ နာရီထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၁၀ နာရီထိ မွန်ဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီထိ ရခိုင်ဘာသာအစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှ ၂ နာရီထိ ရှမ်းဘာသာအစီအစဉ်၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီထိ 'ဝ'ဘာသာအစီအစဉ်၊ ညနေ ၄ နာရီမှ ည ၆ နာရီထိ ကချင်ဘာသာအစီအစဉ်၊ ည ၆ နာရီမှ ၈ နာရီထိ ကယားဘာသာအစီအစဉ်၊ ည ၈ နာရီမှ ၉ နာရီထိ စကောကရင်ဘာသာအစီအစဉ်၊ ည ၉ နာရီမှ ၁၀ နာရီထိ အနောက်ပိုးကရင်အစီအစဉ်၊ ည ၁၀ နာရီမှ ၁၁ နာရီထိ အရှေ့ပိုးကရင်အစီအစဉ်တို့ကို အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်သည်။

# ၂၀၂၆ ခုနှစ် ဇူလိုင် ၂၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၅၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# အိန္ဒိယနိုင်ငံ ပို့ဘလဲမြို့တွင် ထိန်းသိမ်းခံထားရသည့် မြန်မာရေလုပ်သား ၂၆ ဦးကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်



**နေပြည်တော် ဇူလိုင် ၂၄**

အိန္ဒိယရေပိုင်နက်အတွင်းသို့ တရားမဝင် ဝင်ရောက်မှုဖြင့် အိန္ဒိယနိုင်ငံ ပို့ဘလဲမြို့၌ ထိန်းသိမ်းခံထားရသည့် မြန်မာရေလုပ်သား ၂၆ ဦးတို့သည် လေကြောင်းခရီးဖြင့် ယမန်နေ့ ညပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

မြန်မာနိုင်ငံသို့ အဆိုပါမြန်မာရေလုပ်သားများ ဘေးကင်းစွာပြန်လည်ထွက်ခွာနိုင်ရေးအတွက် နယူးဒေလီမြို့ရှိ မြန်မာသံရုံးနှင့် ကောလ်ကတ္တားမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ တာဝန်ရှိသူများက အိန္ဒိယနိုင်ငံ သက်ဆိုင်ရာ အာဏာပိုင်များနှင့် နီးကပ်စွာညှိနှိုင်း၍ ၎င်းတို့ကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of identity)များ စိစစ်ထုတ်ပေးခြင်း၊ လေကြောင်းခရီးစဉ် ညှိနှိုင်းပေးခြင်းနှင့် အခြားလိုအပ်သည့် စီမံခန့်ခွဲမှုများကို စနစ်တကျ အနီးကပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိချိန်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ သက်ဆိုင်ရာ တာဝန်ရှိသူများကကြိုဆို၍ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော်အစိုးရသည် ပြည်ပရောက် မိမိနိုင်ငံသား၏ အရေးကိစ္စရပ်များကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိရာ ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဒုက္ခများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို ကူညီကယ်ဆယ်ရေးနှင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိရေးတို့အတွက် သက်ဆိုင်ရာ မြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများမှတစ်ဆင့် လိုအပ်သောကောင်စစ်ရေးရာ ကူညီစောင့်ရှောက်မှုများကို အစဉ်တစိုက် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရန်ကုန်-မန္တလေးပြေးဆွဲလျက်ရှိသည့် DEMU လူစီးအမြန်ရထားပေါ်တွင် အခြားသူများကို စိတ်ငြိုငြင်စေရန် ပြုမူပြောဆိုနေထိုင်ခြင်း၊ စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးခြင်းပြုလုပ်ခဲ့သူ အမျိုးသမီး လေးဦးကို အမှုဖွင့်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၄**

မြန်မာမီးရထားအနေဖြင့် ပြည်သူများ သက်သောင့်သက်သာဘေးကင်းလုံခြုံပြီး စျေးနှုန်းသင့်တင့်စွာ သွားလာနိုင်ရေးအတွက် အဆင့်မြင့်ရထားတွဲဆိုင်းအသစ်များဖြင့် ခရီးစဉ်များကို ပြေးဆွဲပေးလျက်ရှိရာတွင် စည်းကမ်းမလိုက်နာသည့် ခရီးသည်အချို့ကြောင့် အခြားခရီးသည်များ စိတ်အနှောင့်အယှက်ကြုံတွေ့ရမှုများရှိသည့်အတွက် ရထားစီးခရီးသည်များအနေဖြင့် ခရီးစဉ်တစ်လျှောက် သန့်ရှင်းသပ်ရပ်ပြီး အခြားခရီးသည်များအတွက် အနှောင့်အယှက်မဖြစ်စေရန်နှင့် ရထားတွင်းသန့်ရှင်းမှုကို ထိန်းသိမ်းရန်၊ ကွမ်းတံတွေးထွေးခြင်းကို ရှောင်ကြဉ်ပေးရန်၊ ထိုင်ခုံပေါ်တွင် ခြေထောက်တင်ခြင်း မပြုရန်၊ အခြားခရီးသည်များ သန့်ရှင်းစွာ အသုံးပြုနိုင်ရန် ထိုင်ခုံများအား စနစ်တကျ အသုံးပြုပေးပါရန် အသိပေးချက်များကို နိုင်ငံပိုင်သတင်းစာများနှင့် သက်ဆိုင်ရာ ရထားများပေါ်တွင် အသိပေးကြေညာချက်များ ထုတ်ပြန်ထားရှိပြီးဖြစ်သည်။

ထိုသို့ ထုတ်ပြန်ကြေညာထားရှိသော်လည်း ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မှ မန္တလေးသို့ ထွက်ခွာလာသည့် အမှတ်(၃)အဆန် ရန်ကုန်-မန္တလေး DEMU လူစီးအမြန်ရထား အထက်တန်းတွဲ(၁) ခုံအမှတ် 3A, 3B, 4A, 4B တို့တွင် လိုက်ပါစီးနင်းခဲ့ကြသည့် အမျိုးသမီးလေးဦးသည် အများပြည်သူစိတ်အနှောင့်အယှက်ဖြစ်စေအောင် စကားကျယ်လောင်စွာပြောဆိုခြင်း၊ ကွမ်းယာစားပြီး ထိုင်ခုံအစွပ်များတွင် ကွမ်း၊ထုံးနှင့် ကွမ်းတံတွေးများကို ပေကျံစေခြင်း၊ ကွမ်းတံတွေးထည့်ထားသည့် ဘူးများကိုစည်းကမ်းမဲ့ထားခဲ့ခြင်းတို့ပြုလုပ်ခဲ့ကြောင်း တာဝန်သိခရီးသွားပြည်သူများက သတင်းပေးပို့တိုင်ကြားလာခဲ့သည်။

ထိုသို့ တိုင်ကြားချက်အရ မြန်မာ့မီးရထားနှင့် မီးရထားရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့မှ စိစစ်ဆောင်ရွက်ခဲ့ရာ အဆိုပါအထက်တန်းတွဲ(၁) ခုံအမှတ် 3A, 3B, 4A, 4B တို့တွင် လိုက်ပါစီးနင်းခဲ့သူများမှာ နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်နေ ခင်မာလွင် ၅၉ နှစ်၊ ဖြူဖြူလွင် ၅၇ နှစ်၊ သန်းသန်းထွေး ၄၈ နှစ်၊ ခင်သန္တာအောင် ၅၀ နှစ်တို့ဖြစ်ကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၃ ရက် ညနေ ၅ နာရီခွဲတွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့လေးဦးသည် ရထားပေါ်တွင် အခြားသူများကို စိတ်ငြိုငြင်စေရန် ပြုမူပြောဆိုနေထိုင်ခြင်း၊ အနှောင့်အယှက်ပေးခြင်း ပြုလုပ်ခဲ့ကြကြောင်း



ရန်ကုန်-မန္တလေးပြေးဆွဲလျက်ရှိသည့် DEMU လူစီးအမြန်ရထားပေါ်တွင် အခြားသူများကို စိတ်ငြိုငြင်စေရန်ပြုမူပြောဆိုနေထိုင်ခြင်း၊ စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးခြင်းပြုလုပ်ခဲ့သူ အမျိုးသမီး လေးဦး၏ မှတ်တမ်းဓာတ်ပုံ။

စစ်ဆေးပေါ်ပေါက်သဖြင့် ပျဉ်းမနားမြို့မ ရဲစခန်းက (ပ)၂၃၃/၂၀၂၆၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေပုဒ်မ ၈၈(က)ဖြင့် အမှုဖွင့်လှစ်၍ဥပဒေ နှင့်အညီ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ အိမ်ရာတစ်ခုအတွင်း လူသတ်၊မုဒိမ်းမှုကျူးလွန်ခဲ့သည့်တရားခံကို မရမ်းကုန်းခရိုင်တရားရုံးက သေဒဏ်နှင့် ပြစ်ဒဏ်များ အမိန့်ချမှတ်

**နေပြည်တော် ဇူလိုင် ၂၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ၂၀၂၆ ခုနှစ် ဇွန် ၁၉ ရက် နံနက် ၁ နာရီမိနစ် ၄၀ ခန့်တွင် ရန်ကုန်မြို့ အိမ်ရာတစ်ခုအတွင်း အိပ်ခန်းထဲ၌ အိပ်ပျော်နေသည့် ၁၅ နှစ်အရွယ် အမျိုးသမီးငယ်အား အဓမ္မပြုကျင့်၍ သတ်ဖြတ်ခဲ့သည့် တရားခံ အောင်ကျော်စိုး ခေါ် အင်ဂျင်ဝိုင် ၂၈ နှစ် (ဘ)ဦးသိန်းထွန်း မှတ်ပုံတင်(မရှိ) ဗမာ၊ ဗုဒ္ဓ၊ ကျပန်း၊ သရက်နှစ်ပင်ကျေးရွာ တွံတေးမြို့နယ်နေသူကို လှိုင်မြို့မရဲစခန်းက (ပ)၁၅၁/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂၊ ၃၇၆ အရ အမှုဖွင့်အရေးယူခဲ့ပြီး မရမ်းကုန်း ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ကြောင်း သိရသည်။

အဆိုပါတရားခံကို ဇူလိုင် ၂ ရက်တွင် မရမ်းကုန်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မရမ်းကုန်းခရိုင်တရားရုံးမှ ရာဇဝတ်ကြီးမှုအမှတ် (၈၃/၂၀၂၆)ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် ဇူလိုင် ၂၃ ရက်တွင် တရားခံအောင်ကျော်စိုး ခေါ် အင်ဂျင်ဝိုင်ကို ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ဂ)အရ သေဒဏ် (မသေမချင်းကြိုးကွင်းစွပ်၍ သတ်စေ)နှင့် အဆိုပါတရားခံသည် အခင်းဖြစ်နေ့က အဆိုပါအိမ်ရာအတွင်းရှိ အခြားအိမ်တစ်အိမ်မှ ပစ္စည်းများဝင်ရောက်ခိုးယူခဲ့သဖြင့် ရာဇသတ်ကြီးပုဒ်မ ၄၅၇၊ ၃၈၀/၇၅ ဖြင့်စွဲချက်တင်ခဲ့ပြီး ရာဇသတ်ကြီးပုဒ်မ ၃၈၀/၇၅ အရ အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်၊ ရာဇသတ်ကြီးပုဒ်မ ၄၅၇ (ဒုတိယပိုင်း/၇၅)အရ အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ် သီးခြားစီပြစ်ဒဏ်များ ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)


# တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၄**

ယနေ့ နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)



# စည်းလုံးညီညွတ်မှု၊ စည်းကမ်းရှိမှုနှင့် စွမ်းအားရှိသမျှ အလုပ်လုပ်ကြပါစို့

**မောင်ရင်သွေး**

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် စည်းလုံးညီညွတ်မှု၏ တန်ဖိုးနှင့် အကျိုးတရားများကို ထင်ရှားစွာ တွေ့မြင်နိုင်သည်။ ရှေးခေတ် ပဒေသရာဇ် မင်းဆက်များလက်ထက်မှစ၍ စွမ်းရည်ထက်မြက်သည့် မင်းကောင်းမင်းမြတ်တို့၏ စည်းလုံးညီညွတ်သော စီမံအုပ်ချုပ်မှုအောက်တွင် မြန်မာနိုင်ငံသည် စည်းလုံးခိုင်မာသော ပြည်ထောင်စုအဖြစ် တည်တံ့ခဲ့ပြီး ပတ်ဝန်းကျင်ဒေသများထိ ဩဇာလွှမ်းခြုံနိုင်ခဲ့သည်။ ထိုစဉ်ကတည်းကပင် အုပ်ချုပ်ရေးဗဟိုဖြစ်သည့် မြစ်ဝှမ်းဒေသများတွင် ဗမာ၊ မွန်၊ ရှမ်းအပါအဝင် တိုင်းရင်းသားပေါင်းစုံ ပါဝင်စုစည်းကာ အတူတကွ တည်ဆောက်ခဲ့ကြခြင်းဖြစ်ပါ၏။

သို့သော် နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်သည့် စနစ်ဆိုးကြောင့် မြေပြန့်နှင့်တောင်တန်း မတူညီသော အုပ်ချုပ်မှုပုံစံများ၊ အခွင့်အရေးခွဲခြားမှုများက ဘေးထွက်ဆိုးကျိုးအဖြစ် ဖြစ်ပေါ်ခဲ့ရပြီး တိုင်းရင်းသားတို့ကြား စိတ်ဝမ်းကွဲစရာများနှင့် ကြုံတွေ့ခဲ့ရသည်။ ထိုသို့သော အခြေအနေများကြားမှပင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးကြိုးပမ်းမှုကာလ ၁၉၄၇ ခုနှစ်တွင် ပင်လုံမြို့၌ "တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်"ဟူ၍ မိန့်ကြားခဲ့သလို တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်သော စုပေါင်းအင်အားဖြင့်ပင် လွတ်လပ်ရေးကို အရယူနိုင်ခဲ့ကြသည်။

**စည်းလုံးခြင်းနှင့် စည်းကမ်းရှိခြင်း၏ ခိုင်မာသော အင်အား**

ဤနေရာတွင် စည်းလုံးညီညွတ်မှု၏ သဘောသဘာဝကို မြန်မာစကားပုံများ၌လည်း "တစ်ယောက်အားနှင့်ယူသော်မရ၊ တစ်သောင်းအားနှင့်ယူသော်ရ၏"ဟူ၍ လည်းကောင်း၊ "ထင်းတစ်ချောင်းကို အလွယ်တကူချိုးဖျက်နိုင်သော်လည်း ထင်းတစ်စည်းကို ချိုးဖျက်ရန်မလွယ်ကူ" ဟူ၍ လည်းကောင်း ရှေးဘိုးဘွားများက ဆုံးမညွှန်ပြခဲ့ကြသည်။ ဥပမာအားဖြင့် သစ်ပင်တစ်ပင်တည်းရှိနေလျှင် လေပြင်းတိုက်ခတ်ရုံမျှဖြင့် လဲပြိုနိုင်သော်လည်း သစ်ပင်များစုစည်းထားသည့် တောအုပ်ကြီးမှာမူ မည်သည့် မိုးဒဏ်၊ လေဒဏ်ကိုမဆို မမှိတ်မသုန် ရင်ဆိုင်ကျော်လွှားနိုင်သကဲ့သို့ပင်ဖြစ်၏။

ထို့ကြောင့် ယနေ့ခေတ်ကာလတွင် တိုင်းပြည်အစွန့်ရှည် တည်တံ့ခိုင်မြဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် မရှိမဖြစ်လိုအပ်သည့် အဓိကမောင်းနှင်အား ဖြစ်လာသည်။ ထို့ပြင် ညီညွတ်ရုံမျှဖြင့် မလုံလောက်ဘဲ စည်းကမ်းသေဝပ်မှုရှိရန်လည်း လိုအပ်သည်။ အကြောင်းမှာ စည်းကမ်းမရှိသော လူ့အဖွဲ့အစည်းနှင့် နိုင်ငံသည် မည်သည့်အခါမျှ တိုးတက်နိုင်မည် မဟုတ်သောကြောင့် ဖြစ်သည်။ သို့ဖြစ်ရာ မိမိတို့၏အချုပ်အခြာအာဏာနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အမျိုးသားနိုင်ငံရေးတာဝန်တစ်ရပ်အဖြစ် အလေးဂရုပြု စောင့်ရှောက်ကြရမည်ဖြစ်သည်။

ထိုသို့သော သမိုင်းသင်ခန်းစာများကိုအခြေခံ၍ ပစ္စုပ္ပန်ကာလတွင် စည်းလုံးညီညွတ်မှုကို ပြန်လည်ခိုင်မာအောင် တည်ဆောက်ရာ၌ နိုင်ငံတော်၏ လမ်းညွှန်မှု၊ ဒီမိုကရေစီစနစ် ကျင့်သုံးမှုနှင့် ပြည်သူတို့၏ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ ဟန်ချက်ညီညီ ပေါင်းစပ်မိရန် လိုအပ်သည်။ ထို့ကြောင့် အစိုးရအနေဖြင့် ပြည်သူများ၏ ဆန္ဒနှင့် လိုအပ်ချက်များကို လွှတ်တော်စနစ် အပါအဝင်တရားဝင်လမ်းကြောင်းများမှတစ်ဆင့် ပွင့်လင်းမြင်သာစွာ ဖြည့်ဆည်းပေးလျက်ရှိရာ ပြည်သူတို့ကလည်း မှန်ကန်သောလမ်းကြောင်းပေါ်တွင် တစ်စိတ်တစ်ဝမ်းတည်း လျှောက်လှမ်းကြရမည်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် လွတ်လပ်ရေးရပြီးနောက်ပိုင်း နှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရသော အားနည်းချက်၊ အကျကြောင်းများကို သင်ခန်းစာယူကာ ရဟန်းရှင်လူ တိုင်းရင်းသားပြည်သူအပေါင်းက "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး" ဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်ထာဝရ ဆုပ်ကိုင်ထားကြရမည်။ ထိုသို့စည်းလုံးမှုနှင့် စည်းကမ်းရှိမှုကို အခြေခံအုတ်မြစ်အဖြစ် ခိုင်မာစွာထူထောင်ပြီးမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်ကို မနားတမ်း မောင်းနှင်နိုင်မည်ဖြစ်သည်။

**ကမ္ဘာ့စံပြနိုင်ငံများ၏ အမြုတေသင်ခန်းစာ**

ထို့ပြင် စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းရှိခြင်းနှင့် အလုပ်လုပ်လိုစိတ်တို့၏ အသီးအပွင့်များကို ကမ္ဘာ့သမိုင်းတွင် ထင်ရှားသော သာဓကအဖြစ်တည်ရှိနေသည့် နိုင်ငံအချို့၌လည်း အထင်အရှား လေ့လာတွေ့ရှိနိုင်သည်။ ဒုတိယကမ္ဘာစစ်အပြီး ပြာပုံအတိုင်း ကျန်ရစ်ခဲ့သော ဂျပန်နိုင်ငံသည် စစ်ဒဏ်ကြောင့် ချွတ်ခြုံကျခဲ့ရသော်လည်း အမျိုးသားယဉ်ကျေးမှုဖြစ်သည့် "စည်းကမ်းရှိမှု" နှင့် "စုပေါင်းအင်အား (Collective Gain)" စိတ်ဓာတ်ဖြင့် နိုင်ငံကို ပြန်လည်ထူထောင်ခဲ့ကြသည်။ တစ်ဦးချင်းစီ၏ အလုပ်အပေါ် သစ္စာရှိမှု၊ စည်းကမ်းပြည့်ဝမှုနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ရှေ့တန်းတင်ခဲ့၍ အချိန်တိုအတွင်း ကမ္ဘာ့ထိပ်တန်း စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ် ပြာပုံထဲမှ ရုန်းထွက်နိုင်ခဲ့ကြခြင်းဖြစ်၏။

အလားတူပင် ၁၉၆၀ ပြည့်လွန်နှစ်များက သဘာဝအရင်းအမြစ် လုံးဝမရှိဘဲ သောက်သုံးရေပင် အခြားနိုင်ငံမှဝယ်ယူခဲ့ရသည့် စင်ကာပူနိုင်ငံ၏ ဖြစ်တည်မှုကို ကြည့်ပါကလည်း အံ့သြဖွယ်တွေ့ရမည်ဖြစ်သည်။ စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်လီကွမ်ယု၏ ဦးဆောင်မှုအောက်တွင် မတူညီသောလူမျိုးစုပေါင်းစုံကို စည်းလုံးညီညွတ်အောင် စည်းရုံးနိုင်ခဲ့ပြီး စည်းကမ်းဥပဒေမဏ္ဍိုင်ကို တိကျစွာစိုက်ထူနိုင်ခဲ့သည်။ စည်းကမ်းရှိသော နိုင်ငံသားများ၏ ကြိုးပမ်းအားထုတ်မှု၊ ပညာရေးနှင့် လူသားအရင်းအမြစ်ကို အပြည့်အဝ အသုံးချမှုတို့ကြောင့် စင်ကာပူနိုင်ငံသည် အာရှ၏ ငွေကြေးနှင့် နည်းပညာ ဗဟိုချက်အဖြစ် ကမ္ဘာ့အဆင့်မီ တိုးတက်လာခဲ့ခြင်းဖြစ်သည်။

ထို့ပြင် စစ်ဒဏ်ခံခဲ့ရသော တောင်ကိုရီးယားနိုင်ငံသည်လည်း ၁၉၇၀ ပြည့်လွန်နှစ်များ၌ "ဆဲမားအူးလ်အွန်ဒုန်း (Saemaul Undong)"ကျေးလက်ဒေသသစ်လွင်ရေး လှုပ်ရှားမှုကိုအခြေခံ၍ "ကြိုးစားအားထုတ်မှု၊ မိမိကိုယ်ကို အားကိုးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု"ဆိုသည့် စိတ်ဓာတ်ဖြင့် တိုင်းပြည်ကို မြှင့်တင်ခဲ့ကြသည်။ ပြည်သူတစ်ရပ်လုံးက စည်းကမ်းတကျ ညီညွတ်စွာဖြင့် ခွန်အားရှိသမျှ ကြိုးပမ်းခဲ့ကြသောကြောင့် ယဉ်ကျေးမှုနှင့် နည်းပညာအရာ၌ အရှိန်အဟုန်ဖြင့် ဝင့်ထည်လာခဲ့ခြင်းဖြစ်သည်။ စုစည်းလိုက်လျှင် ဤသာဓကများသည် မည်သည့်နိုင်ငံမဆို စည်းကမ်း၊ ညီညွတ်မှုနှင့် အလုပ်အပေါ်ထားရှိသော စိတ်ဓာတ်တို့ခိုင်မာပါက ထိပ်တန်းသို့ ရောက်ရှိနိုင်ကြောင်း သက်သေပြနေသည်။

**အလုပ်၏တန်ဖိုးနှင့် အလုပ်လုပ်လိုစိတ် (The Will to Work)**

သို့ဖြစ်ရာ တိုးတက်သောနိုင်ငံအဖြစ်သို့ ရောက်ရှိရန်အတွက် စည်းလုံးမှု၊ စည်းကမ်းရှိမှုတို့အပြင် "အလုပ်လုပ်လိုစိတ်"နှင့် "စွမ်းအားရှိသမျှ ကြိုးပမ်းဆောင်ရွက်မှု"တို့သည်လည်း လွန်စွာအရေးကြီးသည်။ ကမ္ဘာ့သုတေသနပြုချက်များအရ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် လူမှုစီးပွားတိုးတက်မှုသည် နိုင်ငံသားတို့၏ အလုပ်လုပ်လိုစိတ် (The Will to Work) နှင့် တိုက်ရိုက်ဆက်စပ်နေကြောင်း တွေ့ရှိရသည်။

ဤအချက်ကို သက်သေပြရလျှင် အိန္ဒိယနိုင်ငံ၏ ကာကီနာဒါမြို့တွင် စီးပွားရေးလုပ်ငန်းရှင်များကို စိတ်ဓာတ်မြှင့်တင်ရေး သင်တန်းများနှင့် အသိပညာပေးမှုများ ၁၀ ရက်မျှ ပြုလုပ်ပေးရုံဖြင့် စွမ်းဆောင်လိုစိတ် မြင့်တက်လာကြောင်း ဒေါက်တာဒေးဗစ်မက်ကလီလန်း၏ သုတေသနက သက်သေပြနေသည်။ ထို့ကြောင့် လူတို့၏ အလုပ်လုပ်လိုစိတ်ဆိုသည်မှာ မွေးရာပါသက်သက်မဟုတ်ဘဲ လေ့ကျင့်ပေးခြင်း၊ ပတ်ဝန်းကျင်ကောင်း ဖန်တီးပေးခြင်းနှင့် စိတ်ဓာတ်တက်ကြွအောင် နှိုးဆော်ပေးခြင်းတို့ဖြင့် တည်ဆောက်ယူ၍ ရနိုင်သောအရာဖြစ်သည်ကို အလေးအနက် သတိပြုရမည်ဖြစ်သည်။

သေချာစွာစေ့ငုကြည့်လျှင် မြန်မာနိုင်ငံသည် မြေပေါ်မြေအောက် သယံဇာတနှင့် သဘာဝအရင်းအမြစ်များ ကြွယ်ဝစွာပိုင်ဆိုင်ထားသော နိုင်ငံဖြစ်သော်လည်း ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက တိုးတက်မှုနှုန်းလိုအပ်ချက်များ ရှိနေသေးသည်မှာ အမှန်ပင်ဖြစ်သည်။ ထို့ကြောင့် မိမိတို့၌ ငုပ်လျှိုးနေသော ကာယ၊ ဉာဏစွမ်းအားများကို အပြည့်အဝ ဖော်ထုတ်ကာ အမှန်တကယ် အလုပ်လုပ်ကြရန် လိုအပ်လှသည်။

**အလုပ်လုပ်နိုင်သည့် စွမ်းရည်နှင့် အလုပ်လုပ်လိုသည့်စိတ်**

အလုပ်လုပ်ရာတွင်လည်း ခန္ဓာကိုယ်ကျန်းမာသန်စွမ်းမှု၊ အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများ ပြည့်စုံအောင် လေ့ကျင့်ယူခြင်းဖြင့် "အလုပ်လုပ်နိုင်သည့်စွမ်းရည်"ကို မြှင့်တင်နိုင်သကဲ့သို့ မိမိတိုင်းပြည်နှင့် လူ့အဖွဲ့အစည်းအပေါ် အကျိုးပြုလိုသည့် မွန်မြတ်သော အသိစိတ်ဓာတ်ဖြင့် "အလုပ်လုပ်လိုသည့် စိတ်"ကို မွေးမြူကြရမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတို့၏ လုပ်ကိုင်နိုင်စွမ်းကို မြှင့်တင်ပေးရန် အသိပညာ၊ အတတ်ပညာသင်တန်းများ ပံ့ပိုးပေးခြင်း၊ စက်မှုလက်မှုနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိသည်။ ပြည်သူများဘက်ကလည်း ပေးအပ်လာသော အခွင့်အလမ်းများကို အရယူကာ တက်ကြွစွာပါဝင်ဆောင်ရွက်ကြမှသာ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်လာပြီး နိုင်ငံ၏ (GDP) နှင့် လူနေမှုအဆင့်အတန်းများ ပိုမိုမြင့်မားလာမည်ဖြစ်သည်။

**သမိုင်းပေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်**

အချုပ်အားဖြင့်ဆိုရသော် စည်းလုံးညီညွတ်မှု၊ စည်းကမ်းရှိမှုနှင့် စွမ်းအားရှိသမျှ အလုပ်လုပ်ကိုင်မှုတို့သည် သီးခြားစီခွဲခြား၍မရဘဲ အပြန်အလှန် ဆက်စပ်နေသော ဒေါက်တိုင်ကြီးသုံးခုဖြစ်သည်။ စည်းလုံးညီညွတ်မှုသာ စည်းကမ်းရှိသော လူ့အဖွဲ့အစည်းဖြစ်လာမည်။ စည်းကမ်းရှိသော လူ့အဖွဲ့အစည်း၏အားမာန်ဖြင့် ကြိုးပမ်းအလုပ်လုပ်ကြမှသာ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

မိမိတို့ မွေးဖွားကြီးပြင်းရာ အမိမြန်မာနိုင်ငံတော်ကြီး ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်စေရန်မှာ နိုင်ငံသားတိုင်း၏ ပခုံးပေါ်သို့ကျရောက်နေသည့် သမိုင်းပေးတာဝန် ဖြစ်သည်။ စည်းလုံးညီညွတ်သော အင်အားကိုအခြေခံ၍ စည်းကမ်းတကျဖြင့် မိမိတို့စွမ်းအားရှိသမျှ ကြိုးပမ်းအလုပ်လုပ်ကြမည်ဆိုပါက နိုင်ငံတော်သည် မုချဖွံ့ဖြိုးတိုးတက်ရမည်သာဖြစ်၏။ သို့ဖြစ်၍ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့အနေဖြင့် အမိနိုင်ငံတော်ကြီးကို စေတနာ၊ ဝီရိယ၊ စည်းကမ်းတို့ဖြင့် ပုံဖော်တည်ဆောက်နိုင်ရန် "စည်းလုံးညီညွတ်မှု၊ စည်းကမ်းရှိမှုနှင့် စွမ်းအားရှိသမျှ အလုပ်လုပ်ကြပါစို့"ဟု နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။

> ❖ စည်းလုံးညီညွတ်မှု၊ စည်းကမ်းရှိမှုနှင့် စွမ်းအားရှိသမျှ အလုပ်လုပ်ကိုင်မှုတို့သည် သီးခြားစီခွဲခြား၍မရဘဲ အပြန်အလှန် ဆက်စပ်နေသော ဒေါက်တိုင်ကြီးသုံးခုဖြစ်သည်။ စည်းလုံးညီညွတ်မှုသာ စည်းကမ်းရှိသော လူ့အဖွဲ့အစည်းဖြစ်လာမည်။ စည်းကမ်းရှိသော လူ့အဖွဲ့အစည်း၏အားမာန်ဖြင့် ကြိုးပမ်းအလုပ်လုပ်ကြမှသာ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။ မိမိတို့ မွေးဖွားကြီးပြင်းရာ အမိမြန်မာနိုင်ငံတော်ကြီး ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်စေရန်မှာ နိုင်ငံသားတိုင်း၏ ပခုံးပေါ်သို့ကျရောက်နေသည့် သမိုင်းပေးတာဝန်ဖြစ်သည်။ ❖

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# Hey Play Application ထုတ်လွှင့်တင်ဆက်ခြင်း သုံးနှစ်ပြည့်အထိမ်းအမှတ်နှင့် Free To Air TV Channel ရုပ်သံလိုင်းထုတ်လွှင့်ခြင်း မိတ်ဆက်ပွဲပြုလုပ်



ရန်ကုန် ဇူလိုင် ၂၄

Hey Play Application ထုတ်လွှင့်တင်ဆက်ခြင်း သုံးနှစ်ပြည့် အထိမ်းအမှတ်နှင့် Free To AirTV Channel ရုပ်သံလိုင်းထုတ်လွှင့်ခြင်း မိတ်ဆက်ပွဲကို ဇူလိုင် ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Hotel Mercure ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

Hey Play TV Channel ရုပ်သံလိုင်းက ယခုနှစ် ဇူလိုင်လပထမပတ်မှစတင်ကာ ရုပ်သံဇာတ်လမ်းများ၊ ရုပ်သံဇာတ်လမ်းတွဲများ၊ မြန်မာရုပ်ရှင်ဇာတ်ကားကြီးများ၊ အားကစားအစီအစဉ်ကောင်းများ၊ အခြားစိတ်ဝင်စားဖွယ်ရာ အစီအစဉ်ကောင်းများကို ၂၄ နာရီလုံး ကြည့်ရှုနိုင်အောင်ထုတ်လွှင့်ပြသပေးလျက်ရှိကြောင်း သိရသည်။

"Hey Play Application က မြတ်သူတို့ မျက်စိရှေ့မှာတင် သုံးနှစ်ပြည့်သွားပါပြီ။ အစီအစဉ်ကောင်းများစွာ၊ ဇာတ်လမ်းတွဲကောင်းများစွာ ဆက်လက်ထုတ်လွှင့်နိုင်ခဲ့တဲ့အပြင် အခုဆိုရင် အလွယ်တကူကြည့်ရှုနိုင်မဲ့ TV Channel ကိုလဲ Free ကြည့်ရှုခွင့်ရဖို့ မိတ်ဆက်လိုက်ပြီမို့ ဝမ်းသာဂုဏ်ယူမိပါတယ်။ မြတ်သူ ကိုဗစ်ကာလမှာ အနုပညာအလုပ်တွေနားပြီး ပြန်စလုပ်ချိန်မှာ Hey Play Application နဲ့အတူ ရိုက်ကူးခွင့်ရတဲ့အတွက် ပရိသတ်နဲ့အတူတွေ့ဆုံနိုင်ဖို့ ပေါင်းကူးတံတားဖြစ်ခဲ့ပါတယ်"ဟုအဆိုပါအခမ်းအနားသို့ တက်ရောက်ခဲ့သူ သရုပ်ဆောင် မြတ်သူသူက ပြောပြသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် တာဝန်ရှိသူများ၊ ဟဲလေး၊ ထွန်းထွန်း၊ ကျော်ကျော်ဗို၊ သူထူးစံ၊ တိုင်ရွှန်း၊ အောင်ရေချမ်း၊ အောင်မင်းခန့်၊ ဖြိုးလေး၊ ချာလီငြိမ်း၊ သိန်းလင်းစိုး၊ နေ့သစ်အေးအောင်၊ ချောရတနာ၊ စိုးပြည့်သဇင်၊ မေပန်းချီ၊ မြတ်သူသူ၊ ဝါဆိုမိုးဦး၊ ဘေဘေး၊ အဒီရာဦး စသည့် ဂီတနှင့် ရုပ်ရှင်အနုပညာရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ASH

# Kaet Might Die ဟာသဇာတ်ကား၌ သရုပ်ဆောင်သုံးဦး ပါဝင်မည်ဖြစ်

နယူးယောက် ဇူလိုင် ၂၄

Kaet Might Die အမည်ရှိ ဟာသဇာတ်ကားတွင် မင်းသား ဂျင်မီဆင်ပဆန်၊ ဘင်ဝဲန်နှင့် မင်းသမီး ဇိုဆီရာမားမက်တို့ ပါဝင်မည်ဖြစ်ကြောင်း ဇူလိုင် ၂၃ ရက်သတင်းများအရ သိရသည်။

Kaet Might Die ဇာတ်ကားတွင် အဆိုပါသရုပ်ဆောင်သုံးဦးတို့သည် မင်းသမီး အော်ကွာဖီနာ၊ မင်းသား အန်တိုနီရာမိုတို့နှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသည် စာရေးဆရာမ ကတ်မက်အန်နီနီ၏ Boobs Gone Rogue အမည်ရှိ ကိုယ်တွေ့မှတ်တမ်း စာအုပ်ကို အခြေခံရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Kaet Might Die ဇာတ်ကားသည် ကင်ဆာရောဂါခံစားနေရသည့် အမျိုးသမီးတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဟာသဇာတ်ကားဖြစ်သည်။

Kaet Might Die ဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ မာစီဒီးဘရိုက်မော်ဂန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး အဆိုပါဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာမ အင်ဂျလာဂူနာက တာဝန်ယူ ရေးသားပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများကိုပံ့ပိုးရန်အတွက် Taurus V နှင့် အောင်ခေတ်မင်းရုပ်ရှင်ထုတ်လုပ်ရေးတို့က ငွေကျပ် ၁၀ သိန်းစီ လာရောက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၄

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများကို ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပံ့ပိုးရန်အတွက် Taurus V နှင့် အောင်ခေတ်မင်း ရုပ်ရှင်ထုတ်လုပ်ရေးတို့က အလှူငွေကျပ် ၁၀ သိန်းစီကို ဇူလိုင် ၂၃ ရက်က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ လာရောက်လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းထံမှ သိရသည်။

အဆိုပါ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများကို ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပံ့ပိုးလှူဒါန်းပွဲကို ဇူလိုင် ၂၅ ရက်တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပသွားမည်ဖြစ်သည်။

"မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်တွေရဲ့ သားသမီးတွေကို ပညာသင်စရိတ်၊ စာရေးကိရိယာနဲ့ ကျောင်းဝတ်စုံတွေ ပံ့ပိုးလှူဒါန်းပွဲအတွက် ရုပ်ရှင်အနုပညာရှင်တွေနဲ့ ရုပ်ရှင်ထုတ်လုပ်ရေးတွေက လာရောက် လှူဒါန်းနေပါတယ်။ Taurus V နဲ့ အောင်ခေတ်မင်း ရုပ်ရှင်ထုတ်လုပ်ရေးတို့က ဇူလိုင် ၂၃ ရက်ကအလှူငွေကျပ် ၁၀ သိန်းစီလာရောက်လှူဒါန်းခဲ့ပါတယ်"ဟု ဦးကြည်စိုးထွန်းက ပြောပြသည်။



၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ရုပ်ရှင်လောကသားများဖြစ်သည့် ဒါရိုက်တာအလွှာ၊ တည်းဖြတ်မှတ်တမ်းအလွှာ၊ ဗီဒီယိုအလွှာ၊အဓိကသရုပ်ဆောင်အလွှာ၊ ဇာတ်လမ်း၊ ဇာတ်ညွှန်းအလွှာ၊ ပြဇာတ်နှင့်တေးဂီတအလွှာ၊ ဇာတ်ပို့၊ ဇာတ်ရံအလွှာ၊ အုပ်ချုပ်၊ ဖြန့်ချိအလွှာ၊စက်မှုအလွှာတို့မှသားသမီးဦးရေ ၁၃၀ ကို တစ်ဦးလျှင်ငွေကျပ် ၃၀၀၀၀ အပြင် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ထီးနှင့် အသင့်စားခေါက်ဆွဲခြောက်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ASH

# Supermax ဇာတ်ကားသစ်၌ မင်းသမီး အန်နာဆိုဖီယာရော့ ပါဝင်မည်

နယူးယောက် ဇူလိုင် ၂၄

Amazon MGM စတူဒီယို၏ Supermax အမည်ရှိ လျှို့ဝှက်သည်းဖိုဇာတ်ကားသစ်၌ မင်းသမီး အန်နာဆိုဖီယာရော့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၂၃ ရက် သတင်းများအရ သိရသည်။

Supermax ဇာတ်ကားတွင် အန်နာဆိုဖီယာရော့သည် မင်းသား ဝီစမစ်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် ဆန်းကြယ်သည့် လူသတ်မှုတစ်ခုကို ဖော်ထုတ်ရေးအတွက် Supermax အမည်ရှိ အကျဉ်းထောင်အတွင်း ဝင်ရောက်ခဲ့သည့် စုံထောက်နှစ်ဦး၏ စွန့်စားမှုများကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Supermax ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်ဂေါ်ဒန်ဂရင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Supermax ဇာတ်ကားကို ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်စီးနှင့် ဒေးဗစ်ဂျေရှိဆင်တို့က ရေးသားပေးထားသည်။

လက်ရှိအချိန်တွင် အဆိုပါဇာတ်ကားစတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Amazon MGM စတူဒီယိုက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# မန္တလေးမြို့ရှိ Mandalay Convention Center ၌ ဧရာဝတီ-ယန်ဇီ ရိုးရာယဉ်ကျေးမှုပွဲတော် ကျင်းပသွားမည်

မန္တလေး ဇူလိုင် ၂၄

မန္တလေးမြို့ရှိ Mandalay Convention Center ၌ ဧရာဝတီ-ယန်ဇီ ရိုးရာယဉ်ကျေးမှုပွဲတော်ကို နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၃ ရက်ထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို) မန္တလေးရုံးခွဲမှ သိရသည်။

အဆိုပါဧရာဝတီ-ယန်ဇီ ရိုးရာယဉ်ကျေးမှုပွဲတော်ကို မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုခိုင်မာစေပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ပွဲတော်ကိုတော့ နိုင်ငံတော်အဆင့်ကျင်းပမှာဖြစ်ပြီး မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးနဲ့ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးတို့အပြင် ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်ရေးတွေ တိုးတက်လာစေဖို့ ရည်ရွယ်ပါတယ်။ မန္တလေးမြို့မှာရှိတဲ့ မြို့သူ၊ မြို့သားတွေ အနေနဲ့ ပွဲတော်ကို လာရောက်ပါဝင်ဆင်နွှဲဖို့ ဖိတ်ခေါ်ပါတယ်"ဟု မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို) မန္တလေးရုံးခွဲအတွင်းရေးမှူး ဒေါ်သင်းပျုံကြူက ပြောပြသည်။

ဧရာဝတီ-ယန်ဇီ ရိုးရာယဉ်ကျေးမှုပွဲတော် ကာလအတွင်း နိုင်ငံတကာသံရုံးများ၊ ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များပါဝင်မည့် B2B Matching အစီအစဉ်များ၊ စီးပွားရေးပညာရှင်များ၏ Panel Discussion များနှင့် MoU လက်မှတ်ရေးထိုးပွဲများ၊ မြန်မာ့ရိုးရာသနပ်ခါး၊ လက်ဖက်နှင့် ချိတ်လုံချည်ပြိုင်ပွဲများ၊ တရုတ်ရိုးရာစာလုံးအလှရေးနည်း၊ စက္ကူညှပ်ပညာ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# Grand ceremony to mark the successful offering of sacred cleansing materials to the Maravijaya Buddha Image and to offer golden lotus robes held





President U Min Aung Hlaing and wife Daw Kyu Kyu Hla pay homage to the Maravijaya Buddha Image.

**Nay Pyi Taw July 24**

A grand ceremony to offer golden lotus robes to the Maravijaya Buddha Image marking the second successful offering of sacred cleansing materials and the third-anniversary consecration of the Image was held this morning, attended by President of the Republic of Union of Myanmar U Min Aung Hlaing and his spouse Daw Kyu Kyu Hla, who paid homage to the Buddha Image.

Also present at the ceremony together with the President and his spouse were Vice President U Nyo Saw and wife, Speaker of Pyithu Hluttaw U Khin Yi and wife, Speaker of Amyotha Hluttaw U Aung Lin Dwe and wife, Commander-in-Chief of Defence Services General Ye Win Oo and wife, Deputy Commander-in-Chief of Defence Services General Kyaw Swa Lin and wife, union ministers and wives, the Nay Pyi Taw Council Chairman, senior military officers from Office of Commander-in-Chief and wives, deputy ministers, officials and religious associations.

The President and spouse paid homage and offered a meal in an emerald bowl, fruits, flowers, water and oil lamps and the golden lotus robes to Maravijaya Buddha Image. The ceremony was opened with a three-time recitation of Namotassa and the master of ceremonies read out the Devani mantana and invited the celestial beings.

Devotees conveyed the golden lotus robe onto the scaffold of the Buddha Image. The congregation recited the Three Sanagon in Pali and shared metta bavana.

A devotee invited and welcomed the President and party onto the scaffold. The President offered the golden lotus robe to the Maravijaya Buddha Image in person and with his own hands and sprinkled scented water.

The President and spouse and congregation shared merits with celestial beings and the beings of the 31 realms of existence. The ceremony then came to a close after a three-time recitation of Buddha Sasanam Ciram Tittatu.



President U Min Aung Hlaing sprinkles scented water on the golden lotus robes offered to the Maravijaya Buddha Image.

The President and spouse rang the Saddhadhipati Bell on the pagoda platform three times and shared the merits gained. MNA

# Israeli military says preparing "extensive" operation in West Bank after deadly attack

**Jerusalem July 24**

The Israel Defense Forces (IDF) said Friday it was preparing an "extensive" operation in the West Bank following a deadly incident near the Palestinian village of Tell.

The IDF said in a statement its troops were preparing for an "extensive counterterrorism operational activity" in the area, adding that soldiers' weekend leave had been suspended and additional forces deployed across the sector.

Earlier in the day, the IDF said Palestinians attacked a group of Israeli hikers near Tell. The attackers seized the weapon of a member of the security forces at the scene and opened fire, according to the military. One Israeli was killed in the incident.

Meanwhile, Palestinian official news agency WAFA reported that four Palestinians were killed by Israeli forces during an attack by Israeli settlers on the village.

The IDF said it was reinforcing security ahead of the funeral of the Israeli victim to prevent confrontations between Israelis and Palestinians.

According to Palestinian media reports, at least two incidents involving Israeli settlers entering Palestinian towns were reported after the clash, leaving at least two Palestinians injured.

Xinhua

# US-Saudi nuke deal depends on recognizing Israel – White House

**Washington July 24**

A landmark US-Saudi nuclear agreement will only proceed if Riyadh joins the Abraham Accords and establishes diplomatic relations with Israel, the White House said on Thursday. The deal would use American technology and expertise to help the Kingdom develop a civilian nuclear energy program.

The clarification marked a significant shift from Wednesday's announcement, which made no public mention of linking the agreement to the normalization of Saudi-Israeli relations. Riyadh has repeatedly insisted it will not recognize Israel without progress toward the creation of a Palestinian state.

"This deal is contingent on this condition as far as the president is concerned, so we'll continue to talk with our Saudi counterparts to get the deal finalized and hopefully see them joining the Abraham Accords very soon," White House Press Secretary Karoline Leavitt told reporters.

The Abraham Accords are a series of US-brokered agreements launched during President Donald Trump's first term that established diplomatic relations between Israel and primarily Arab states. Current signatories include Israel, the United Arab Emirates, Bahrain, Morocco, and Sudan.

RT

# Government of the Republic of the Union of Myanmar holds gala ceremony to donate Waso robes for 2026



President U Min Aung Hlaing and wife Daw Kyu Kyu Hla offer Waso robes and alms to the SSMNC Chairman Sayadaw.



President U Min Aung Hlaing and wife Daw Kyu Kyu Hla offer meals to Sayadaws.

**Nay Pyi Taw July 24**

The grand auspicious ceremony of the 2026 Waso Robe-Offering Ceremony of the Government of the Republic of the Union of Myanmar was held at the Agga Dhipati Sasana Beikman Hall in the precinct of the Maravijaya Buddha Park in Dekkhinathiri Township, Nay Pyi Taw Union Territory, this morning, attended by President U Min Aung Hlaing and his wife Daw Kyu Kyu Hla.

Also present at the ceremony were Chairman of the State Sangha Maha Nayaka Committee Presiding Patron of Thanlyin's Minkyaung Pahtamabyan Buddhism Learning Centre Abhidhaja Maha Rattha Guru Aggamaha Pandita Aggamaha Saddhammajotikadhaja Dr Bhaddanta Candimabhivamsa, Secretary Mandalay's Masoeyein Taikthiat Presiding Patron Dhamma Thameikdi Monastery Sayadaw Aggahama Pandita Aggamaha Saddhammajotikadhaja Maha Dhammakathika Bahujanahitadhara Bhaddanta Vasetthabhivamsa who led the Ovacariya Sayadaws of Uppatasanti Pagoda, totalling 27 members of the Sangha. The President and his wife were accompanied by Vice-President U Nyo Saw and his wife, Pyithu Hluttaw Speaker U Khin Yi and his wife, Amyotha Hluttaw Speaker U Aung Lin Dwe and his wife, Commander-in-Chief of Defence Services General Ye Win Oo and his wife, Union-level dignitaries, Union ministers and their wives, senior military officers from the Office of the Commander-in-Chief and their wives, the Nay Pyi Taw Council Chairman, the commander of Nay Pyi Taw Command, and officials.

The President paid homage to the Maravijaya Naungdawgyi Buddha Image in the Sasana Beikman Hall and offered meals in the alms-bowl, fruits, flowers, water and oil light.

The ceremony was opened with three-time recitation of Namo Tassa. The President, his wife and congregation took the Nine Precepts from the SSMNC Chair Thanlyin Minkyaung Sayadaw. Members of the Sangha recited Parittas.

The President and his wife donated Waso robes and alms to the Chairman Sayadaw.

The Vice-President and his wife offered Waso robes and offertories to the Secretary Sayadaw.

The Pyithu and Amyotha Hluttaw Speakers and their wives, the Commander-in-Chief of Defence and his wife, the Chairman of the Constitutional Tribunal of the Union, the Union Election Commission Chairman, the Deputy Commander-in-Chief of Defence Services and Commander-in-Chief (Army), the Pyithu Hluttaw Deputy Speaker and Union ministers donated Waso robes and offerings to members of the Sangha.

The Secretary Sayadaw delivered a sermon while the congregation shared merits gained for all donations. The ceremony ended with the three-time recitation of Buddha Sasanam Ciram Titthatu.

After th ceremony, the President and his wife together with the congregation offered day meals to members of the Sangha.

MNA

# Vice President Daw Nan Ni Ni Aye inspects universities in Yangon Region



Vice President Daw Nan Ni Ni Aye visits a university in Yangon Region.

**Yangon July 24**

Vice President Daw Nan Ni Ni Aye, accompanied by Yangon Region Chief Minister U Aung Naing Thu and regional ministers, inspected Yangon University of Economics, Dagon University and University of West Yangon in Yangon Region on July 24.

At Yangon University of Economics in Dagon Myothit (South) Township, officials briefed the Vice President on the construction of a Recreation Centre for students' physical fitness and recreational activities, as well as the land designated for the construction of a university ring road. During the inspection, she instructed officials to complete the Recreation Centre on schedule and in accordance with the prescribed quality standards. She stressed that the facility should support not only academic activities but also the physical and mental well-being of students. She also directed officials to systematically install sports and recreational facilities and equipment based on actual needs before touring the campus.

The delegation then visited Dagon University in Dagon Myothit (East) Township, where officials reported on the renovation of the Ruby Circle and the football field, as well as drainage improvement works being carried out with machinery. The Vice President instructed officials to maintain the campus environment in line with the university's character, ensure the football field is constructed to the required standards, and systematically maintain sports facilities so that students can actively participate in sporting activities and improve their health and physical fitness. She later toured the campus.

The Vice President and her delegation later proceeded to University of West Yangon in Htantabin Township, where officials briefed them on campus cleanliness and landscaping efforts, as well as the site designated for the construction of a convocation hall. She instructed officials to expand the university's ring road and construct a perimeter fence, while coordinating with the relevant authorities to facilitate the implementation of the projects.

MNA

# 22 male and 1 female PDF members enter the legal fold with weapons and ammunition



**Officials inspect arms and ammunition surrendered by PDF members who have returned to the legal fold.**



**A PDF member returning to the legal fold accepts a cash reward.**

**Nay Pyi Taw July 24**

The government has been inviting individuals within various armed opposition groups, including the PDF, to return to the legal fold, and those who have come back are being provided with necessary support. In the latest development, a total of 23 individuals—22 men and 1 woman who are members of the so-called PDF and have come to understand and appreciate the peace processes of the State and the Tatmadaw—have further entered the legal fold, bringing with them weapons and ammunition. A ceremony to welcome them and hand them over to their parents and guardians was held this evening at the Taing Yan Aung Hall at the Coastal Regional Command. The event was attended by Tanintharyi Region Chief Minister U Zaw Naing Oo, Commander Maj-Gen Kyaw Kyaw Han, officials, the returning PDF members, and their families.

The Chief Minister and the Commander delivered speeches on regional stability and the rule of law. Following this, the returnees handed over their weapons and ammunition, which included two M-16 rifles, six homemade smoothbore nine-millimeter guns, two MG-1 hand grenades, one walkie-talkie, three magazines, and 196 rounds of various ammunition. The Chief Minister and the Commander accepted the surrendered items. Subsequently, the returnees were presented with cash rewards totaling K36.8 million, broken down as 10 million kyats for the two M-16 rifles, 3 million kyats for the six homemade guns, 0.6 million kyats for the two hand grenades, 200,000 kyats for the walkie-talkie, and 23 million kyats for the 23 individuals who surrendered at a rate of 1 million kyats each. The returnees signed commitment pledges and were handed over to their parents and guardians, and one of the surrenderees expressed gratitude on behalf of the group.

The 23 individuals originated from Myeik, with eight men; Dawei, with seven men and one woman; Tanintharyi Town, with four men; Pulaw, with one man; Palauk, with one man; and Lashio in Northern Shan State, with one man.

The returnees stated that they decided to abandon the armed path and return to the legal fold due to several factors: being coerced into joining by family members, unwillingness to continue violent acts such as threatening, abducting, and killing civilians and civil servants, destroying non-military infrastructure like roads and bridges with landmines, suffering internal oppression and abuse within the groups, facing harsh living conditions, demoralization due to military offensives, and a genuine desire to make amends for the harm caused to the state and the public. They also expressed belief in the state and military's peace processes.

Authorities are continuing to welcome and support those returning to the legal framework. It is understood that more individuals remain interested in surrendering. Those wishing to return are urged to contact their nearest district or township administrative bodies, military camps, or police stations for assistance and to receive rewards for surrendered weapons.

The voices of those who have thus returned to the legal fold are also heard as follows:

1. On April 1, 2024, I arrived there after being invited by a friend. At the camp, I had to perform grueling manual labor every day, including cutting down trees, harvesting bamboo, and digging trenches. The senior leaders at the camp bullied and oppressed lower-ranking individuals. Regarding food, they ate well themselves while feeding us only pea soup and dried fish. Whenever there was a high-risk task, we were the ones forced to do it. They set up checkpoints along the roads to collect money and extorted monthly protection fees from the villages. Out of the approximately 200 million kyats collected, they only reported about 30 million kyats on the official ledger, using the remaining funds to purchase houses, land, and cars in Thailand to live in luxury. Meanwhile, those of us who remained at the camp were left to starve. Although we joined to serve the revolution, the reality was entirely different from what we had expected. When we pointed out that they were causing suffering to the public, they scolded, shouted at, and detained us. However, when I surrendered to the Tatmadaw, the responsible officials welcomed us warmly and arranged for proper living accommodations and meals. We are now living peacefully and freely. I would like to urge all the brothers and sisters remaining in the jungle to realize their mistakes, correct their course, and surrender to the Tatmadaw as quickly as possible.

2. I joined on February 14, 2024, and had to attend a one-month medical training course. At the camp, I had to do chores like cooking, chopping firewood, and carrying water every day. Living conditions were harsh, and we were never given proper meals. Even when doing nothing wrong, I was constantly subjected to scolding and verbal abuse. We were not allowed to leave the camp premises, and our freedom of movement was severely restricted. Whenever military columns approached, we had to flee repeatedly. Bullying and harassment were routine. Desperate to leave, I attempted to escape four times but failed every time until now. After realizing their unjust actions, bullying, and oppression of subordinates, I decided to return to the legal fold with the Tatmadaw. Upon my surrender, the responsible officials welcomed me warmly and ensured proper arrangements for my accommodation and meals. I would like to urge all brothers and Sis remaining in the jungle to surrender to the Tatmadaw as well.

100



**A PDF member returning to the legal fold gives an interview.**




**A PDF member returning to the legal fold gives an interview.**

# 55 individuals involved in online gambling/scams in Muse in Shan State (North) detained with paraphernalia





**17 Chinese nationals (male), 12 Myanmar nationals (male), and 15 Myanmar nationals (female) were arrested along with business equipment for operating online fraud and gambling in Swamsaw Ward, Muse.**



**A view of the house and workplace where 11 Myanmar nationals (male) were operating online fraud and gambling in Swamsaw Ward, Muse.**



**11 Myanmar nationals (male) were arrested along with business equipment for operating online fraud and gambling in Swamsaw Ward, Muse.**

**Nay Pyi Taw July 24**

The government has been placing emphasis on crackdown on online scams and gambling, which pose total danger to socioeconomic life of humanity and public interests across the world, as a national responsibility and effectively eradicating and preventing them from resettling by cooperating and coordinating with domestic forces as well as neighbouring governments.

With joint security teams launching investigations to prevent online scam/gambling operators from settling and carrying out online scams/gambling in their respective areas, a total of 44 individuals including 17 male Chinese citizens, 12 male Myanmar citizens and 15 female Myanmar citizens together with 33 assorted phones, 38 all-in-one coumputers, one laptop, one Starlink device and eight motorcycles in a house on Swamsaw-2 street, Swamsaw ward, Muse in Shan State (North) at about 10.40 am this morning.

The joint security teams continued investigations in the ward and detained 11 male Myanmar citizens, who committed online scams/gambling together with 33 all-in-one computers, three CPUs and five UPSs in a house on the same street at about 11.10 am.

Effective action will be taken against the detainees, who were involved in online scams/gambling after conducting necessary interrogation in accordance with the existing law and continued measures will be taken against seized paraphernalia in accordance with rules and regulations.

The government has been actively cooperating in crackdown on online scams/gambling with neighbouring countries, regional countries and international organizations to eradicate and prevent online scams/gambling from settling in Myanmar.

100

# More than 24 U.S. states sue Trump administration over conditions on disaster funds

**Los Angeles July 24**

Twenty-four U.S. state attorneys general and two governors filed a lawsuit Thursday challenging conditions tied to federal election, immigration and grant-termination policies for disaster and counterterrorism funding.

The complaint, filed in the U.S. District Court for the District of Rhode Island, alleges that the conditions exceed the authority of the U.S. Department of Homeland Security (DHS) and the U.S. Federal Emergency Management Agency (FEMA) and violate the Administrative Procedure Act and the U.S. Constitution's Spending Clause.

The attorneys general of California, Illinois, New Jersey and Rhode Island are co-leading the case, according to California Attorney General Rob Bonta's office. The coalition represents 25 states and the District of Columbia.

One set of conditions requires states to take election-related measures to receive full funding under the Homeland Security Grant Program (HSGP). These measures include verifying voter citizenship through a federal database, submitting plans to replace some bar-code or QR-code voting systems with equipment accepting hand-marked paper ballots and conducting post-election audits, among other steps.

Xinhua


# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

ရှေ့ဖုံးမှအဆက်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသတို့အမှူးပြုသော ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏သြဝါဒါစရိယဆရာတော်ကြီးများအပါအဝင် ပင့်ဖိတ်ထားသည့်ဆရာတော်ကြီး ၂၇ ပါးကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်



သာသနာ့ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဖူးမြော်ကြည်ညိုပြီး မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်စဉ်။






ဆရာတော်၊ သံဃာတော်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက သာသနာ့ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်သည်။

ယင်းနောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ချီးမြှင့်တော်မူသည့်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။



ဆရာတော်ထံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# ထိုင်းနိုင်ငံ၌ ကျင်းပသည့် ၁၃ ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေးသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေး တက်ရောက်ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ တရားလွှတ်တော်ချုပ် တရားသူကြီးချုပ် The Hon. Adisak Tantiwong ၏ ဖိတ်ကြားချက်အရ ဇူလိုင် ၂၁ ရက်မှ ၂၄ ရက်ထိ ထိုင်းနိုင်ငံ၌ကျင်းပသည့် ၁၃ ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသည်။

အာဆီယံတရားသူကြီးချုပ်များ ကောင်စီအစည်းအဝေးသည် ၂၀၁၃ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့သော အစည်းအဝေးဖြစ်ပြီး အဆိုပါအစည်းအဝေးသို့ အာဆီယံနိုင်ငံအသီးသီးမှ တရားသူကြီးချုပ်များနှင့် တရားစီရင်ရေးဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ပြည်ထောင်စု တရားသူကြီးချုပ်သည် ဇူလိုင် ၂၂ ရက်တွင် ထိုင်းနိုင်ငံ တရားလွှတ်တော်ချုပ်ကကြီးမှူး၍ Inter Continental Bangkok၌ ကျင်းပသည့် ၁၃ ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီအစည်းအဝေးသို့ တက်ရောက်ပြီး အခြားအာဆီယံတရားသူကြီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့်အတူ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ၏ အာဆီယံတရားရေးပေါ်တယ် (ASEAN Judiciaries Portal)လုပ်ငန်းအဖွဲ့၊ တရားမမှုခင်းများဆိုင်ရာ(Civil Proceedings) လုပ်ငန်းအဖွဲ့၊ မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးနည်းပညာဆိုင်ရာ(Case Management and Court Technology) လုပ်ငန်းအဖွဲ့၊ တရားစီရင်ရေးဆိုင်ရာလေ့ကျင့်ရေးနှင့် သင်ကြားရေးဆိုင်ရာ(Judicial Training and Educa-tion)လုပ်ငန်းအဖွဲ့၊နိုင်ငံဖြတ်ကျော်ဖြစ်ပွားသည့် မိသားစုမှုခင်းဆိုင်ရာ ကလေးသူငယ်အငြင်းပွားမှုများဖြေရှင်းရေး (Cross-Border Disputes Involving Children) လုပ်ငန်းအဖွဲ့၊ဗီဒီယိုကွန်ဖရင့်ဖြင့် အမှုကြားနာစစ်ဆေးခြင်းဆိုင်ရာ(Conduct of Video Conferencing Hearings) လုပ်ငန်းအဖွဲ့၊ အာဆီယံနှင့် အခြားမိတ်ဖက်နိုင်ငံများတွေ့ဆုံဆွေးနွေးမှုပြုခြင်းဆိုင်ရာ (ASEAN + Meetings) လုပ်ငန်းအဖွဲ့နှင့် ရာသီဥတုဆိုင်ရာ တရားမျှတမှု (Climate Justice) လုပ်ငန်းအဖွဲ့တို့က ဆောင်ရွက်ပြီး လုပ်ငန်းများ၊ ရရှိသည့်အောင်မြင်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အဆိုပြုချက်များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာများကို အာဆီယံတရားသူကြီးချုပ်များကောင်စီသို့ တင်ပြအတည်ပြုချက်





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌများနှင့် ဇနီးများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံမှအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News



ဆရာတော်ထံ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်ဇနီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ရယူကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်က မြန်မာနိုင်ငံတရားစီရင်ရေးနှင့် သက်ဆိုင်သည့်အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။

အစည်းအဝေးအပြီးတွင် ၁၃ ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီ အစည်းအဝေးရလဒ်ဖြစ်သည့် ဗန်ကောက်ကြေညာစာတမ်းကို အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အားလုံးက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




**❋ ဖောင်ပိတ်သတင်းမှ**

သဘောတူလိုက်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုဓာတ်ပုံများကိုလက်နက်ကိုင်အဖွဲ့အစည်းများနှင့် မဟာမိတ်မဟုတ်သော အခြားနိုင်ငံများက အသုံးချကာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် မဟာမိတ်များ၏ လုံခြုံရေးကိုခြိမ်းခြောက်မှုမပြုနိုင်စေရန်အတွက် ဓာတ်ပုံထုတ်ပြန်မှုကို ဆိုင်းငံ့ပေးရန် အမေရိကန်က တောင်းဆိုခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးဆိုင်ရာ တာဝန်ရှိသူများ၏ တောင်းဆိုချက်အရ Sentinel-1 နှင့် Sentinel-2 ဂြိုဟ်တုများက ရရှိသော အဆိုပါပင်လယ်ကွေ့ဒေသဆိုင်ရာ အချက်အလက်နှင့် ဓာတ်ပုံများကို ၂၄ နာရီကြာ စောင့်ဆိုင်းပြီးမှသာ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း ဥရောပကော်မရှင်၏ တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။

**Ref : RT**

**Trs : YZA**

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်းသုံးကြစို့။**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးထံ ရွှေကြာသင်္ကန်းတော်ကို သာဟတ္ထိကဒါနမြောက် လက်တော်အရောက် ကပ်လှူပူဇော်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့်အဖွဲ့ဝင်များကို အောင်အိုးကိုင်ဥပါသကာက ငြမ်းထက်သို့ ကြိုဆိုဖိတ်မံစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်ရှိ သဒ္ဓါမိပတိခေါင်းလောင်းတော်ကြီးအား ကိုးချက်ထိုးခတ်ပူဇော်၍ မေတ္တာပို့ ကုသိုလ်အမျှပေးဝေစဉ်။

☆ **ကျောဖုံးမှအဆက်**

အဆိုပါမဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့် ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပြီး ရွှေကြာသင်္ကန်းတော်အား ဆက်ကပ်ပူဇော်သည်။ ယင်းနောက် အခမ်းအနားကို “နမောတဿ” သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး အခမ်းအနားမှူးက ဒေဝနိမန္တနစာတမ်းကို ဖတ်ကြား၍ နတ်ဖြဟ္မာများအား ပင့်ဖိတ်သည်။

ထို့နောက် ဥပါသကာများက ရွှေကြာသင်္ကန်းတော်ကို မာရဝိဇယရုပ်ပွားတော်မြတ်ကြီး၏ ငြမ်းထက်သို့ ပင့်ဆောင်ကြပြီး ဧည့်ပရိသတ်အပေါင်းတို့က သရဏဂုံ သုံးပါး ပါဠိနှင့် မေတ္တာပို့လင်္ကာနှစ်ပိုဒ်ကို သံပြိုင်ညီညာရွတ်ဆိုပူဇော်၍ မေတ္တာဘာဝနာများ ပွားများကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးဆောင်သည့်အဖွဲ့ဝင်များကို အောင်အိုးကိုင်ဥပါသကာက ငြမ်းထက်သို့ ကြိုဆိုဖိတ်မံပြီး နိုင်ငံတော်သမ္မတသည် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးထံသို့ ရွှေကြာသင်္ကန်းတော်ကို သာဟတ္ထိကဒါနမြောက် လက်တော်အရောက် ကပ်လှူပူဇော်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီး အမှူးပြုသည့် ဧည့်ပရိသတ်အပေါင်းတို့က သမ္မာဒေဝနတ်ကောင်းနတ်မြတ်များနှင့် ၃၁ ဘုံသားတို့အား မေတ္တာပို့ ကုသိုလ်အမျှပေးဝေပြီး “ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု” သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်ရှိ သဒ္ဓါမိပတိခေါင်းလောင်းတော်ကြီးအား ကိုးချက် ထိုးခတ်ပူဇော်၍ မေတ္တာပို့ ကုသိုလ်အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

PPIB News


## မော်တော်ယာဉ်ပိုင်ရှင် အမည်ပြောင်းဆောင်ရွက်မှုအပေါ် အခွန်စိစစ်ခြင်းနှင့် ကျသင့်ငွေများ Digital Payment ဖြင့် ငွေပေးချေခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ အခွန်ထမ်းပြည်သူများအနေဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီးဖြစ်သော မော်တော်ယာဉ်များအား လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အမည်ပြောင်းမှတ်ပုံတင်နိုင်ရန် အခွန်စိစစ်သည့်ကိစ္စရပ်များကို ၂၀၂၆ ခုနှစ် ဇူလိုင် ၁၆ ရက်မှစ၍ Vehicle Automatic Valuation System (VAVS)ဖြင့် ပြောင်းလဲကျင့်သုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ အခွန်ထမ်းပြည်သူများအနေဖြင့် https://vavs.ird.gov.mm ၌ မိမိ၏ ဖုန်းနံပါတ်ကိုအသုံးပြု၍ စနစ်အတွင်းသို့ဝင်ရောက်ပြီး မော်တော်ယာဉ်အမှတ်နှင့်လိုအပ်သောအချက်အလက်များကို ဖြည့်သွင်းပေးခြင်းဖြင့် စနစ်မှ အလိုအလျောက်တန်ဖိုးစိစစ်၍ အခွန်တွက်ချက်ပေးမည်ဖြစ်ပြီး Online Payment ဖြင့် ကျသင့်အခွန်ကို ပေးဆောင်နိုင်မည်ဖြစ်ပါသည်။

၃။ အခွန်ပေးဆောင်ခြင်းကို VAVS စနစ်နှင့် ချိတ်ဆက်ထားသော IRD's Tax Payment Hub မှတစ်ဆင့် MPU Debit Card ဖြင့်လည်းကောင်း၊ MMQR Code ကိုအသုံးပြု၍ KBZ Pay၊ AYA Pay၊ CB Pay၊ uab Pay၊ A plus Wallet၊ Citizen Pay၊ OK$၊ Wave Money၊ Trusty Pay၊ Zego Pay၊ M-Pitesan၊ GTB Pay၊ MoMoney စသည်တို့ဖြင့်လည်းကောင်း၊ uab Bank၊ Shwe Bank၊ A Bank တို့၏ Mobile Banking စနစ်များဖြင့်လည်းကောင်း ပေးဆောင်နိုင်ပါသည်။

၄။ အခွန်ပေးဆောင်ပြီးပါက VAVS စနစ်မှရရှိသည့် အီလက်ထရောနစ်အခွန်ဆိုင်ရာစိစစ်ဆောင်ရွက်ပြီးကြောင်း ထောက်ခံချက်(e-Tax Clearance Certificate) QR Form ကို ကြည်လင်ပြတ်သားစွာထုတ်ယူ၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မော်တော်ယာဉ်အမည်ပြောင်းကိစ္စကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၅။ ကနဦးမော်တော်ယာဉ်များ၊ ကုမ္ပဏီအမည်ဖြင့် အမည်ပြောင်းမှတ်ပုံတင်ခြင်းလုပ်ငန်းများ၊ ဝင်ငွေရလမ်းတင်ပြမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ မူလဆောင်ရွက်သည့် လုပ်ငန်းစဉ်များအတိုင်း သက်ဆိုင်ရာရုံးများတွင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက Call Center ဖုန်းနံပါတ် 1515 သို့လည်းကောင်း၊ techsupport. vavs@ird.gov.mm နှင့် callcenter.vavs@ird.gov.mm သို့ အီးမေးလ်ပေးပို့၍လည်းကောင်း၊ အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲ(ရန်ကုန်) (၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်) (၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) (၀၂-၄၀၃၀၆၃၇၊ ၀၂-၄၀၃၀၆၃၈)၊ အီလက်ထရောနစ်ဝန်ဆောင်မှုနည်းပညာဆိုင်ရာအကူအညီပေးရေးစင်တာ (e-Service Help Desk Center)(၀၁-၈၃၇၈၃၇၃၊ ၀၁-၈၃၇၀၁၉၅၊ ၀၁-၈၃၇၉၀၁၂)၊ နီးစပ်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်သွားရောက်၍လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

**“ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်၊ ဒီလိုနဲ့ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။”**

**(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)**

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်များကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်( တောင်ပိုင်း) မြို့နယ်ရှိ ရန်ကုန်စီးပွားရေးတက္ကသိုလ်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများ ကိုယ်ကာယကျန်းမာကြံ့ခိုင်ရေးနှင့် အပန်းဖြေအနားယူနိုင်ရေးအတွက် Recreation Centre ဆောက်လုပ်နေမှု အခြေအနေများ၊ တက္ကသိုလ်ပတ်လမ်း တည်ဆောက်ရန် လျာထားသည့် မြေနေရာတို့ကို လိုက်လံရှင်းလင်းပြသကြရာ ဒုတိယသမ္မတက သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊ တက္ကသိုလ်၏ ပညာသင်ကြားရေးနှင့်အတူ ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ကာယကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူပြုနိုင်မည့် နေရာကောင်းတစ်ခုဖြစ်စေရေး ဆောင်ရွက်ရန်၊ စင်တာအတွင်း အားကစားနှင့် အပန်းဖြေမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို လိုအပ်ချက်နှင့်အညီ စနစ်တကျထည့်သွင်းစီမံဆောင်ရွက် သွားရန် တာဝန်ရှိသူများကို မှာကြားပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ဒဂုံတက္ကသိုလ်သို့ ရောက်ရှိကြပြီး တာဝန်ရှိသူများက ပတ္တမြားအဝိုင်းနှင့် ဘောလုံးကွင်းပြန်လည်မွမ်းမံတည်ဆောက်နေမှု၊ ကျောင်းဝင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေး စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုအခြေအနေများကိုလိုက်လံရှင်းလင်းပြသရာ ဒုတိယသမ္မတက တက္ကသိုလ်၏အင်္ဂါရပ်များနှင့်အညီ ဥပမိရုပ်ကောင်းမွန်စေရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေး အလေးထားဆောင်ရွက်ရန်၊ ဘောလုံးကွင်းတည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်း များနှင့်အညီ အရည်အသွေးပြည့်မီစွာဆောင်ရွက်ရန်၊ ကျောင်းသား၊ ကျောင်းသူများ အားကစားလှုပ်ရှားမှုများတွင် လွတ်လပ်စွာပါဝင်ဆောင်ရွက်နိုင်ပြီး ကိုယ်ကာယကျန်းမာကြံ့ခိုင်မှု တိုးတက်လာစေရေးအတွက် အားကစားကွင်းများကို စနစ်တကျထိန်းသိမ်းအသုံးပြုနိုင်ရေး ဆောင်ရွက်ရန် တာဝန်ရှိသူများကိုမှာကြားပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ ရောက်ရှိကြပြီး တာဝန်ရှိသူများက ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဘွဲ့နှင်းသဘင်ခန်းမတည်ဆောက်ရန် လျာထားသည့်မြေနေရာတို့ကို လိုက်လံရှင်းလင်းပြသရာ ဒုတိယသမ္မတက ကျောင်းပတ်လမ်း တိုးချဲ့ဆောင်ရွက်သွားနိုင်ရေးနှင့် ခြံစည်းရိုးကာရံနိုင်ရေး ဆောင်ရွက်ရန် မှာကြားပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ကိုယ်ပိုင်အထက်တန်းကျောင်းတည်ထောင်သူများကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ယနေ့မွန်းလွဲပိုင်းတွင် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့်ကိုယ်ပိုင်အထက်တန်းကျောင်းတည်ထောင်သူများကို ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ ကိုယ်ပိုင်အထက်တန်းကျောင်းတည်ထောင်သူများက တစ်ဦးချင်းမိတ်ဆက်၍ ပုဂ္ဂလိကကျောင်းများအနေဖြင့် လက်ရှိဆောင်ရွက်နေသည့် အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပညာရေးသည် နိုင်ငံဖွံ့ဖြိုးရေးအတွက် အခြေခံအကျဆုံးနှင့်အရေးကြီးပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ကျောင်းနေအရွယ်ကလေးများအားလုံး အခြေခံပညာရေးသင်ကြားနိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ကျောင်းပြင်ပပညာရေးနှင့် ကင်းကွာနေသူများကိုလည်း ဆက်လက်ပညာသင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂ္ဂလိကကျောင်းများသည် ပညာရေးကဏ္ဍမြင့်မားရေးအတွက် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် ပညာရေးမြှင့်တင်မှုကော်မတီကို ဖွဲ့စည်းထားပါကြောင်း။



ပညာရေးကဏ္ဍအတွက် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေ ကိုးခုရှိပါကြောင်း၊ ကော်မတီအနေဖြင့် အဆိုပါဥပဒေများကို ခေတ်ကာလအခြေအနေနှင့် ကိုက်ညီမှု ရှိ၊ မရှိ လေ့လာစိစစ်လျက်ရှိပြီး လိုအပ်ပါက ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်းများကို တစ်ဆင့်ချင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကျောင်းများအနေဖြင့်လည်း နိုင်ငံတော်၏ ပညာရေးအခန်းကဏ္ဍအရှေ့တစ်ခုသို့ ရောက်အောင် နိုင်ငံတော်အစိုးရ၊ လွှတ်တော်များနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

တွေ့ဆုံပွဲသို့ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက် အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယ ဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အကြမ်းဖက်မှုများ ကင်းစင် ပပျောက်ရေး အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ရေး၊ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာအသစ် တည်ဆောက်ပေးနိုင်ရေး၊ ကျေးရွာများ သစ်တောမြေ အဖြစ်မှ ပယ်ဖျက်ပေးနိုင်ရေး၊ ဆရာ၊ ဆရာမများ ခန့်ထားပေးနိုင်ရေးနှင့် ကျောင်းပြင်ပ ပညာရေး ကျောင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရေး၊ ကျောင်းများအတွင်း မိုဘိုင်းဖုန်းအသုံးပြုမှု စည်းကမ်း သတ်မှတ်ရေးနှင့် Digital Safety ပညာပေးအစီအစဉ် များ ဆောင်ရွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၀ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက် ကြသည်။

ဦးစွာ ဒလမဲဆန္ဒနယ်မှ ဦးတင်မြင့်၏ **ပြည်သူ့ ဝန်ဆောင်မှုရုံး(OSSရုံး)များ ဖွင့်လှစ်လျက်ရှိသော် လည်း အချို့ရုံးမြေနေရာ၊ ရုံးသုံးပစ္စည်းကိရိယာများ နှင့် ဘဏ္ဍာငွေမရှိခြင်းတို့ကြောင့် တိုးမြှင့်ထောက်ပံ့ ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် မင်းသူက မြန်မာနိုင်ငံ၏ ကောင်းမွန်သောအုပ်ချုပ်မှု လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် OSS(ပြည်သူ့ဝန်ဆောင် မှုလုပ်ငန်းများ)ကို စတင်ခဲ့ခြင်းဖြစ်ပြီး ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက် ရာတွင် အဆင်ပြေချောမွေ့စေသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန်၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကိုတားမြစ်၍ ထိရောက်သော ဝန်ဆောင်မှုအလေ့အကျင့်များကို ပြုစုပျိုးထောင်ပေး နိုင်ရန်၊ ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာများ အပေါ် အားကိုးယုံကြည်မှု တိုးပွားလာစေရန်နှင့် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၊ ဦးစီးဌာန များအလိုက် အပြန်အလှန်ထိန်းကျောင်းမှုများ ပြုနိုင် ရေးအထောက်အကူပြုနိုင်ရန်ရည်ရွယ်၍ "ပြည်သူ့ အတွက် OSS" ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်သူ့ ဝန်ဆောင်မှုရုံးများကို ခရိုင်ရုံးစိုက်ရာ မြို့နယ် ၇၂ မြို့နယ်တွင် ၇-၇-၂၀၁၅ ရက်၌ စတင်ဖွင့်လှစ်၍ ပြည်သူတို့အတွက် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီး ဒုတိယအဆင့်အနေဖြင့် ကျန်မြို့နယ်များ၌လည်း ၁၂-၁၀-၂၀၁၅ ရက်မှစ၍ ဆက်လက်ဖွင့်လှစ်ခဲ့ရာ နယ်မြေအခြေအနေနှင့် ဒေသ အနေအထားအရ မဖွင့်လှစ်နိုင်သည့်ရုံး ၁၄ ရုံးမှအပ မြို့နယ်ပေါင်း ၃၃၀ တွင် ၃၁၆ ရုံးကို ဖွင့်လှစ်နိုင်ခဲ့ပြီး ဝန်ဆောင်မှုအမျိုးအစားပေါင်း ၁၆၄ မျိုးကို ဌာန ၂၉ ခုဖြင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ပြည်သူ့ဝန်ဆောင်မှုရုံး One Stop Shop များ ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀-၅-၂၀၁၅ ရက်စွဲဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးအား ဥက္ကဋ္ဌအဖြစ်တာဝန်ပေးအပ်ပြီး အဖွဲ့ဝင် ၁၆ ဦးဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် OSS ရုံး များ ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေး ဆပ်ကော်မတီကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့ ရုံး၏ ၁၁-၈-၂၀၁၅ ရက်စွဲဖြင့် နေပြည်တော်ကောင်စီ ဝင်၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးအား ဥက္ကဋ္ဌ အဖြစ်တာဝန်ပေးအပ်ပြီး အဖွဲ့ဝင် ၁၅ ဦးဖြင့် လည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်ကာ OSS ရုံး များ စတင်ဖွင့်လှစ်သည့်အချိန်မှ ၂၀၂၅ ခုနှစ် ဇူလိုင်လ



ထိ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ သော်လည်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီရုံး၏ အမိန့်ကြော်ငြာစာ(၄/၂၀၂၅)ဖြင့် ပြည်သူ့ဝန်ဆောင်မှုရုံး One Stop Shop များ ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီကိုဖျက်သိမ်းခဲ့ပြီး အသစ်ပြန်လည်ဖွဲ့စည်း ခဲ့ခြင်းမရှိပါသဖြင့် ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)များ တွင် ဝန်ဆောင်မှုပေးနေသည့် ဌာနများအနေဖြင့် ဝန်ဆောင်မှုလုပ်ငန်းများကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ နှင့်အညီ ၎င်းတို့၏ သက်ဆိုင်ရာရုံးများတွင်သာ ဆက်လက်ဝန်ဆောင်မှုပေးလျက် ရှိပါကြောင်း ဖြေကြားသည်။

ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးစောမောင်၏ **ယင်းမာပင်ခရိုင်ရှိ နေရပ်စွန့်ခွာသူများ နေရပ်ပြန်ရန် ခက်ခဲလျက်ရှိပါသဖြင့် အကြမ်းဖက်များ ကင်းစင် ပပျောက်ရေး အမြန်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မင်းသူက စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် တွင် ကနီမြို့နယ်၊ ဆားလင်းကြီးမြို့နယ်၊ ပုလဲမြို့နယ်၊ ယင်းမာပင်မြို့နယ် လေးမြို့နယ်ပါဝင်ပြီး ကနီ မြို့နယ်တွင် ရပ်ကွက် သုံးရပ်ကွက်၊ ကျေးရွာအုပ်စု ၄၅ အုပ်စု၊ ကျေးရွာ ၁၈၈ ရွာဖြင့်လည်းကောင်း၊ ဆားလင်းကြီးမြို့နယ်တွင် ရပ်ကွက် သုံးရပ်ကွက်၊ ကျေးရွာအုပ်စု ၃၉ အုပ်စု၊ ကျေးရွာ ၁၅၀ ဖြင့် လည်းကောင်း၊ပုလဲမြို့နယ်တွင် ရပ်ကွက် နှစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၉ အုပ်စု၊ ကျေးရွာ ၁၉၁ ရွာဖြင့် လည်းကောင်း၊ ယင်းမာပင်မြို့နယ်တွင် ရပ်ကွက် လေးရပ်ကွက်၊ ကျေးရွာ အုပ်စု ၄၂ အုပ်စု၊ ကျေးရွာ ၁၆၈ ရွာတို့ဖြင့် ဖွဲ့စည်းထားရှိပါကြောင်း။

အဆိုပါဒေသများတွင် ၂၀၂၂ ခုနှစ်မှစတင်၍ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အပြစ်မဲ့ဒေသခံ ပြည်သူများကို ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်မှုကြောင့် ဒေသခံပြည်သူအများစုမှာ ပြည်တွင်း၊ ပြည်ပသို့ သွားရောက် အလုပ်လုပ်ကိုင်လျက်ရှိသည့်အပြင် လုံခြုံရေးကောင်းမွန်သည့် အခြားဒေသများသို့လည်း နေရပ်စွန့်ခွာ၍ တိမ်းရှောင်လျက်ရှိပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်နှင့် ကျေးရွာများတွင် အနောက် မြောက်တိုင်းစစ်ဌာနချုပ်၏ ဦးဆောင်ကွပ်ကဲမှုဖြင့် တပ်မတော် တပ်ရင်း၊ တပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ် ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များက အခြေပြုလုံခြုံရေးကင်း များအပြင် တပ်မတော်စစ်ကြောင်းနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲကွန်မန်ဒိုစစ်ကြောင်းတို့ဖြင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များကို ရှင်းလင်းဆောင်ရွက်လျက် ရှိရာ ယခုအခါ ယင်းမာပင်ခရိုင်အတွင်း နယ်မြေ အခြေအနေမှာ အထိုက်အလျောက်တည်ငြိမ်အေးချမ်း စပြုလာပြီဖြစ်ပါကြောင်း၊ PDF အမည်ခံ အကြမ်းဖက် အဖွဲ့များ ကင်းစင်ပပျောက်ပြီး နယ်မြေတည်ငြိမ် အေးချမ်းရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ် ဖွဲ့နှင့် ပြည်သူတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိပါ ကြောင်း ဖြေကြားသည်။

မချမ်းဘော့မဲဆန္ဒနယ်မှ ဦးငွါးရဲ့ဆဲ၏ **မချမ်းဘော့ မြို့နယ်တွင် မီးသတ်ဦးစီးဌာနအတွက် အဆောက် အအုံကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေး မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယ ဝန်ကြီး ဗိုလ်ချုပ်မင်းသူက မချမ်းဘော့မြို့နယ် မီးသတ်ဦးစီးမှူးရုံးနှင့် စခန်းကို အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနပိုင် ဂူဘားရိပ်သာ လိပ်ပြာဆောင်တွင် ရုံးခန်းဖွင့်လှစ်ထားရှိပြီး ဒုတိယမီးသတ်ဦးစီးမှူး ဦးစီး တပ်ဖွဲ့ဝင် ၁၁ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၂ ဦး၊ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ မီးသတ်ရေသယ်ယာဉ် တစ်စီးတို့ဖြင့် မြို့နယ်၏ မီးဘေးလုံခြုံရေးလုပ်ငန်း များကို တာဝန်ယူဆောင်ရွက်လျက်ရှိကာ ၁၀ နှစ် အတွင်း မီးလောင်မှု နှစ်ကြိမ်ရှိကြောင်း စိစစ်တွေ့ ရှိရပါကြောင်း၊ မချမ်းဘော့မြို့နယ် မီးသတ်ဦးစီးဌာန ရုံးဖွင့်လှစ်ရန်အတွက် ပူတာအိုခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ မြေပေးမိန့်ဖြင့် ခွင့်ပြုချထား ပေးသည့် မချမ်းဘော့မြို့ အမှတ်(၃)ရပ်ကွက် မြို့မ ၃၊ ဦးပိုင်အမှတ်(၁၂/၅)ရှိ မြေဧရိယာ ၂ ဒသမ ၀၀ ဧက တွင် မြို့နယ်မီးသတ်စခန်း အဆောက်အအုံ ဆောက် လုပ်ပေးရန် လိုအပ်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ်တွင် လိုအပ်လျက်ရှိသော မြို့နယ် မီးသတ်စခန်းအဆောက်အအုံ ဆောက်လုပ်နိုင်ရေး အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ကချင်ပြည်နယ် အစိုးရအဖွဲ့မှ ဘဏ္ဍာငွေ လျာထားဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မိုးကောင်းမဲဆန္ဒနယ်မှ ဦးထွန်းထွန်းအောင်၏ **မန္တလေး- မြစ်ကြီးနားလမ်းပေါ်ရှိ တရားဝင်လုံခြုံရေး ဂိတ်များ၏ တရားမဝင်ကောက်ခံနေမှုများကို လျှော့ ပါးပပျောက်အောင်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူ က အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် ၂၀၂၂ ခုနှစ်နောက်ပိုင်းမှစတင်၍ မန္တလေး- မြစ်ကြီးနား လမ်းပိုင်းရှိနယ်မြေများတွင် မော်တော်ယာဉ်များကို ပြည်ထောင်စုလမ်းမကြီးအတိုင်း ဖြတ်သန်းခွင့်မပြုဘဲ ၎င်းတို့ဖောက်လုပ်ထားသည့် ကွင်းလမ်းများမှသာ မော်တော်ယာဉ်များကို ဖြတ်သန်းမောင်းနှင်စေပြီး ဖြတ်သန်းခငွေကြေးများကို အဆမတန်ကောက်ခံ ခြင်း၊ မော်တော်ယာဉ်များကို တားဆီးစစ်ဆေး၍ ကုန်ပစ္စည်းများသိမ်းယူခြင်း၊ ခရီးသွားပြည်သူများကို ဖမ်းဆီး၍ ပြန်ပေးငွေများဖြင့်ရွေးယူစေခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပါ သောကြောင့် ကုန်စည်များ သယ်ယူပို့ဆောင်ရာတွင် လည်းကောင်း၊ အများပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာရာတွင်လည်းကောင်း အခက်အခဲများ ဖြစ်ပေါ်လျက်ရှိရာ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ် ဖွဲ့တို့ပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများကို တိုက်ခိုက်ချေမှုန်းလျက်ရှိပြီး အများပြည်သူ အေးချမ်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း။

မန္တလေး- မြစ်ကြီးနား ပြည်ထောင်စု ကားလမ်းမ ကြီးပေါ်တွင် မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ်၌ ရတနာပုံတံတား(နှာပေါက်) စစ်ဆေးရေးဂိတ်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်း ခရိုင် စစ်ကိုင်းမြို့နယ်၌ ရတနာပုံတံတားစစ်ဆေးရေး ဂိတ်၊ ရွှေဘိုခရိုင် ရွှေဘိုမြို့အဝင်တွင် ကိုးပင်ပူးပေါင်း စစ်ဆေးရေးဂိတ်၊ ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် နန့်စီးအောင်ကျေးရွာတွင် ပူးပေါင်း စစ်ဆေးရေးဂိတ်နှင့် မြစ်ကြီးနားခရိုင် မြစ်ကြီးနား မြို့နယ် လွယ်ခေါကျေးရွာရှိ ၂၁ မိုင် ပူးပေါင်းစစ်ဆေး ရေးဂိတ်ဟူ၍ စုစုပေါင်း ဂိတ်ငါးဂိတ်ရှိပါကြောင်း၊ အဆိုပါဂိတ်များတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ် ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့အပြင် အခြားဌာနဆိုင်ရာများဖြင့်ပူးပေါင်း၍ တရားမဝင် အကောက်ခွန်မဲ့ကုန်ပစ္စည်းများ၊ ကြီးကြပ်ကန့်သတ် ပစ္စည်းများ၊ လက်နက်၊ ခဲယမ်းများ၊ မူးယစ်ဆေးဝါး များ သယ်ဆောင်မှုမရှိစေရေးနှင့် PDF အမည်ခံ အကြမ်းဖက်အုပ်စုအဖွဲ့ဝင်များက မြို့ရွာများသို့ ဝင်ရောက်ပြီး အကြမ်းဖက်ခြင်း၊ အဖျက်အမှောင့် လုပ်ရပ်များ ကျူးလွန်ခြင်းမရှိစေရေး ဝင်ထွက်သွား လာမှုမရှိစေရန် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး အတွက် စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း။

မန္တလေး-မြစ်ကြီးနားလမ်းကြောင်းပေါ်ရှိ ပူးပေါင်း စစ်ဆေးရေးဂိတ်များတွင် ငွေကြေးတောင်းခံမှုများ မရှိစေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် နှင့် မြို့နယ်များအလိုက် တာဝန်ရှိသူအဆင့်ဆင့်က စနစ်တကျ ကြပ်မတ်ခြင်း၊ ပူးပေါင်းစစ်ဆေးရေးဂိတ် များ၏ ဆောင်ရွက်မှုအခြေအနေများကို CCTV ကင်မရာများတပ်ဆင်၍ စောင့်ကြပ်ကြည့်ရှုခြင်း၊ မော်တော်ယာဉ်များထံမှ ငွေကြေးတောင်းခံခြင်းများ မပြုရန် အသိပညာပေးတားမြစ်ခြင်း၊ ငွေကြေး တောင်းခံမှုများရှိပါက တာဝန်ရှိသူအဆင့်ဆင့်ထံ တိုင်ကြားနိုင်စေရေး အသိပေးစာများ၊ ဖုန်းနံပါတ်များ ပါရှိသော ဗီနိုင်းဆိုင်းဘုတ်များစိုက်ထူခြင်း၊ တိုင်ကြား ချက်များရရှိပါက စုံစမ်းစစ်ဆေးမှုများဆောင်ရွက်ပြီး ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေဖြင့် အရေးယူ ဆောင်ရွက်ခြင်းတို့ဖြင့် ကုန်စည်စီးဆင်းမှု မှန်ကန် မြန်ဆန်စေရေးနှင့် ခရီးသွားပြည်သူများ စိတ်အေး ချမ်းမြေ့စွာ သွားလာနိုင်ရေး ကြပ်မတ်ဆောင်ရွက် လျက်ရှိပါကြောင်း ဖြေကြားသည်။

လှိုင်သာယာ(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးချမ်း၏ **အင်တာနက်ဝန်ဆောင်မှုပေးသူများ ၏ စွမ်းဆောင်ရည်ကို စစ်ဆေးထုတ်ပြန်ပေးရန်နှင့် စာချုပ်ပါစွမ်းဆောင်ရည်ထက် ကျဆင်းနေသော ကုမ္ပဏီများကို မည်သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက် ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က အင်တာနက်အသုံးပြုသူများ အနေဖြင့် အင်တာနက်လိုင်းဝန်ဆောင်မှုရယူရာတွင် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ရရှိသည့် ကုမ္ပဏီများနှင့် ရယူအသုံးပြုရန်၊ အင်တာနက်လိုင်း ပြတ်တောက်မှုများဖြစ်ပေါ်ပါက ပြင်ဆင်ပေးနိုင်ရေး သက်ဆိုင်ရာကုမ္ပဏီသို့ အကြောင်းကြားရန်၊ ပြင်ဆင် ပေးခြင်းမရှိပါက ကုမ္ပဏီများထံမှ လျော်ကြေးငွေ သို့မဟုတ် အစားထိုးဝန်ဆောင်မှုပေးအပ်ရေး ညှိနှိုင်း တောင်းဆိုရန်၊ လိုက်နာဖြည့်ဆည်းမှုမရှိပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ complaint@ptd.gov.mm email သို့လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေး ရာဦးစီးဌာန၏ Consumer Call Center ဖုန်းနံပါတ် ၁၅၃၅ သို့လည်းကောင်း

**စာမျက်နှာ ၂၁ သို့**

**စာမျက်နှာ ၂၀ မှအဆက်**

ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ၂၀၁၇ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဇူလိုင် ၂၀ ရက်ထိ ဆက်သွယ်ရေးဝန်ဆောင်မှုနှင့် ပတ်သက်သော တိုင်ကြားလာမှု ၂၂၀၀ ရှိပြီး ၂၁၉၂ မှုကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကျန်ရှိသော ရှစ်မှုကို ဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အင်တာနက်ဝန်ဆောင်မှုပေးသူများ၏ စွမ်းဆောင်ရည်ကြောင့် အသုံးပြုသူများက ၎င်းတို့၏ ဆုံးရှုံးနစ်နာမှုများကို တိုင်ကြားလာလျှင်ဖြစ်စေ၊ မြေပြင်တွင် ကွင်းဆင်းစစ်ဆေးတွေ့ရှိလျှင်ဖြစ်စေ ပြဋ္ဌာန်းထားသောဥပဒေများကို လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်းထင်ရှားပါက လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေပုဒ်မ ၄၁ (က)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့်လည်း စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၅၂ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းဆိုင်ရာ အမိန့်များဖြစ်သည့် သတိပေးခြင်း၊ ပြန်လည်ပြင်ဆင်ပေးစေခြင်း၊ အစားထိုးပေးစေခြင်း၊ ဆုံးရှုံးမှုတန်ဖိုးနှင့်အညီ ငွေပြန်လည်ပေးစေခြင်း စသည့်နည်းလမ်းများဖြင့် အရေးယူကိုင်တွယ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ စိုင်းကျော်လှ၏ **ကွန်ဟိန်းမြို့နယ် ဟိုပန်၊ တာကော်နှင့် ဝမ်ပတ်ကျေးရွာအုပ်စုများအပါအဝင် ကျေးရွာခွဲများကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးက ကာလိမြို့ ဟိုပန်ကျေးရွာအုပ်စုမှ ကျေးရွာ ၁၈ ရွာ၊ တာကော်ကျေးရွာအုပ်စုမှ ကျေးရွာငါးရွာ၊ ဝမ်ပတ်ကျေးရွာအုပ်စုမှ ကျေးရွာနှစ်ရွာတို့သည် လွိုင်မယ်ကြိုးဝိုင်းအတွင်းကျရောက်ပြီး အဆိုပါ ကျေးရွာအုပ်စုသုံးအုပ်စု ၂၅ ရွာ၏ ရွာမြေ ၂၉၇ ဒသမ ၈၈ ဧက၊ လယ်မြေ ၈၉၉ ဒသမ ၂၄ ဧက၊ သာသနာ၊ အများပိုင်မြေ ၃၂ ဒသမ ၆၂ ဧက စုစုပေါင်း ၁၂၂၉ ဒသမ ၇၄၈ ဧကတို့ကို ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ပယ်ဖျက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ မြို့မကျေးရွာအုပ်စုမှ ကျေးရွာခြောက်ရွာသည် ကျိုင်းခမ်းကြိုးဝိုင်းအတွင်းကျရောက်ပြီး ရွာမြေ ၂၄၈ ဒသမ ၅၃ ဧက၊ လယ်မြေ ၂၅၉ ဒသမ ၃၈ ဧကနှင့် သာသနာ၊ အများပိုင်မြေ ၅ ဒသမ ၆၇ ဧက စုစုပေါင်း ၅၁၃ ဒသမ ၅၈ ဧကတို့ကို ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် ပယ်ဖျက်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ကွန်ဟိန်းမြို့နယ် ဟိုပန်ကျေးရွာအုပ်စုရှိ ပန်လုံကျေးရွာ၊ လွိုင်ဟန်းကျေးရွာ၊ ပန်ပေါင်းကျေးရွာ၊ တာကော်ကျေးရွာအုပ်စုရှိ ဝမ်အိန်ကျေးရွာ၊ ဝမ်ဝိန်းကျေးရွာ စုစုပေါင်း ငါးရွာတွင် စာရင်းများကောက်ယူစဉ်က အိမ်ခြေ ၅၀ အောက် ကျေးရွာများဖြစ်သောကြောင့် သစ်တောမြေမှ ပယ်ဖျက်ပေးခြင်းမရှိခဲ့ပါကြောင်း၊ ယခင်ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက ၁၉၇၂ ခုနှစ်၌ အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားသည့် ကျေးရွာများဖြစ်ပြီး ၂၀၀၇ ခုနှစ်တွင်မှ ကြိုးဝိုင်းတောဖွဲ့စည်းရာတွင် ပါဝင်သွားသည့် ကျေးရွာများဖြစ်ပါကြောင်း။

ကွန်ဟိန်းမြို့နယ် ကာလိမြို့၏ နယ်နိမိတ်အတွင်းရှိ ဟိုပန်ကျေးရွာအုပ်စု၊ တာကော်ကျေးရွာအုပ်စု၊ ကွန်ဟိန်းမြို့မကျေးရွာအုပ်စုနှင့် ဝမ်ပတ်ကျေးရွာအုပ်စုတို့၏ ကျေးရွာခွဲများထဲမှ လွိုင်မယ်ကြိုးဝိုင်းနှင့် ကျိုင်းခမ်းကြိုးဝိုင်းအတွင်းကျရောက်ပြီး ၂၀၁၃ ခုနှစ် သစ်တောနယ်မြေများအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုထိ ကျူးကျော်အခြေချနေထိုင်မှုစာရင်းကောက်ယူထားသည့် ရွာမြေ ၅၄၆ ဒသမ ၄၁၈ ဧက၊ လယ်မြေ ၁၁၅၈ ဒသမ ၆၂ ဧက၊ သာသနာ၊ အများပိုင်မြေ ၃၈ ဒသမ ၂၉ ဧက စုစုပေါင်း ၁၇၄၃ ဒသမ ၃၂၈ ဧကကို မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ပယ်ဖျက်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ကွန်ဟိန်းမြို့နယ် ကာလိမြို့၏ နယ်နိမိတ်အတွင်းရှိ ဟိုပန်ကျေးရွာအုပ်စု၊ တာကော်ကျေးရွာအုပ်စု၊ နားပွဲကျေးရွာအုပ်စုများအပါအဝင် ကျေးရွာခွဲများ၏ ကြိုးဝိုင်းတောများအတွင်း ကျရောက်နေမှုများကို သစ်တောမြေမှပယ်ဖျက်နိုင်ရေး ဆောင်ရွက်ရမည်ဆိုပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနတို့က နိုင်ငံတော်သမ္မတရုံးသို့ မူဝါဒခွင့်ပြုချက်ရယူ၍ ခွင့်ပြုချက်ရရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပေါင်းစပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်အိဖြူလွင်၏ **အကြောင်းအမျိုးမျိုးကြောင့် နှစ်အောက်ခဲ့ရသော လက်ရှိကျောင်းတက်နေသည့်ကလေးများကို Placement Test ပညာရေးအစီအစဉ်တွင် ပါဝင်ခွင့် သို့မဟုတ် သင့်လျော်သည့် အစီအစဉ်ဖြင့် အသက်နှင့် အတန်းချိန်ညှိပေးနိုင်ခြင်း ရှိ၊ မရှိနှင့် အသက် ၁၅ နှစ်ကျော်မှ ၁၈ နှစ်အရွယ် ကလေးများအတွက် ကျောင်းပြင်ပပညာရေးကျောင်း အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ယခုနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အချို့ရှိ ကျောင်းပြင်ပသို့ရောက်ရှိနေသော သက်လွန်ကလေးများ ပညာသင်ယူမှုအခွင့်အလမ်း မဆုံးရှုံးစေရေးအတွက် ကျောင်းပြင်ပပညာရေး Placement Test ဖြေဆိုခွင့်ကို အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျောင်းပြင်ပမူလတန်းပညာရေး၏ မူလအသက်သတ်မှတ်ချက် ၁၀ နှစ်မှ ၁၄ နှစ်အစား ၁၀ နှစ်မှ ၁၆ နှစ်အတွင်းသို့လည်းကောင်း၊ ကျောင်းပြင်ပအလယ်တန်းပညာရေး၏ မူလအသက်သတ်မှတ်ချက် ၁၃ နှစ်မှ ၁၈ နှစ် အစား ၁၃ နှစ်မှ ၂၁ နှစ် အတွင်းသို့လည်းကောင်း အသက်သတ်မှတ်ချက်ကို ဖြေလျှော့ပေး၍ Placement Test ဖြေဆိုခွင့်ရရှိရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုပညာသင်နှစ်အတွက် ဩဂုတ်လ ဒုတိယပတ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ကြိုတင်၍ သတင်းစာ၊ TV တို့မှလည်း ကြေညာသွားမည်ဖြစ်ပါကြောင်း။

Placement Test အစီအစဉ်တွင် ပါဝင်ခွင့်နှင့် အသက် ၁၅ နှစ် ၃ လ ကျော် ကလေးများအတွက် ကျောင်းပြင်ပ ပညာရေးအစီအစဉ်ဆိုင်ရာ ကိစ္စရပ်များကို ပညာရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိဆောင်ရွက်လျက်ရှိသည့်အစီအစဉ်များနှင့် ဆက်လက်အကောင်အထည်ဖော်မည့် အစီအစဉ်များအတိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ဂန့်ဂေါမြို့၌ ယခု ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ဖြေဆိုမည့်ကလေးငယ်များ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများသို့ ဆက်သွယ်ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း ဖြေကြားသည်။

ခန္တီးမဲဆန္ဒနယ်မှ ဦးဂုဏ်ဝမ်း၏ **ခန္တီးမြို့နယ်အတွင်း ဆရာ၊ ဆရာမ လိုအပ်လျက်ရှိသည့်ကျောင်းများအားလုံးကို ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ခန့်အပ်နိုင်ရန် အစီအစဉ် ရှိ၊ မရှိနှင့် ခန့်အပ်မည်ဆိုပါက မည်သည့်အချိန်ခန့်အပ်မည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင်၊ ခန္တီးမြို့နယ်တွင် ထက်ဆင့်သင်ကျောင်း ရှစ်ကျောင်း၊ လယ်ဆင့်သင်ကျောင်း ၂၅ ကျောင်းနှင့် မူဆင့်သင်ကျောင်း ၅၈ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၉၁ ကျောင်းရှိသည့်အနက် သင်ကြားရေးဆရာအင်အားအနေဖြင့် ထက်ဆင့်သင်ဆရာ ၆၃ ဦး၊ လယ်ဆင့်သင်ဆရာ ၃၅ ဦး၊ မူလတန်းကျောင်းအုပ် ၄၁ ဦး၊ မူဆင့်သင်ဆရာ ၁၃၁ ဦး စုစုပေါင်း ခန့်ထားသည့် ဆရာဦးရေ ၂၇၀ ရှိပါကြောင်း၊ ယာယီတွဲဖက်ထားသောဆရာနှစ်ဦးအပါအဝင် Language Teacher (LT) ၃၄ ဦး၊ Teaching Assistant(TA) ၁၀ ဦး၊ ရပ်ရွာခန့် စေတနာ့ဝန်ထမ်း ၄၉ ဦး စုစုပေါင်း ၉၅ ဦးတို့ဖြင့် ဖြည့်ဆည်းသင်ကြားပေးလျက်ရှိပါကြောင်း။

ကလေးများ၏ ပညာဆက်လက်သင်ယူနိုင်မှု အခွင့်အလမ်းများ မဆုံးရှုံးစေရေးအတွက် ဆရာ မရှိသည့်ကျောင်း ၁၃ ကျောင်းတွင် ရပ်ရွာခန့် စေတနာ့ဝန်ထမ်း ၁၈ ဦးဖြင့်လည်းကောင်း၊ ဆရာတစ်ဦးတည်းရှိသည့်ကျောင်း ၁၉ ကျောင်းတွင် ရပ်ရွာခန့် စေတနာ့ဝန်ထမ်း ၃၁ ဦးဖြင့်လည်းကောင်း သင်ကြားသင်ယူမှုလုပ်ငန်းများကို ကူညီဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လယ်ဆင့်သင်ဆရာ လိုအပ်ချက်များကိုပညာရေးဒီဂရီကောလိပ် ပုံမှန်နေ့သင်တန်းစတုတ္ထနှစ်အောင်မြင်ပြီးသော သင်တန်းဆင်းများခန့်ထားချိန်တွင်လည်းကောင်း၊ မူဆင့်သင်ဆရာလိုအပ်ချက်ကို ပညာရေးဒီဂရီကောလိပ်များမှ ပညာရေးနှင့်သင်ပြနည်းပညာဒီပလိုမာ Dip.EP သင်တန်းဆင်းများ ခန့်ထားချိန်တွင်လည်းကောင်း ဦးစားပေးဖြည့်ဆည်းခန့်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ခန္တီးမြို့နယ်အတွင်း ဆရာ၊ ဆရာမ လိုအပ်လျက်ရှိသော ကျောင်းများကို ဖြည့်ဆည်းခန့်ထားနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ယူခွင့် မထိခိုက်စေရေးကို အဓိကထား၍ လက်ရှိတွင် ရပ်ရွာခန့်စေတနာ့ဝန်ထမ်းများဖြင့် ဖြည့်ဆည်းသင်ကြားပေးလျက်ရှိပြီး သင်တန်းဆင်း ဆရာ၊ ဆရာမများ ခန့်အပ်သည့်အချိန်တွင် ဒေသလိုအပ်ချက်ကို အခြေခံ၍ ဦးစားပေး ဖြည့်ဆည်းခန့်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးဝင်းနိုင်၏ **အရွယ်မရောက်သေးသူများ၏ Mobile Phone နှင့် Online Platform အသုံးပြုမှုအပေါ် ကန့်သတ်ထိန်းချုပ်ခြင်း၊ Parental control စနစ်များတိုးမြှင့်ခြင်း၊ ကျောင်းများအတွင်း mobile phone အသုံးပြုမှု စည်းကမ်းသတ်မှတ်ခြင်းနှင့် digital safety ပညာပေး အစီအစဉ်များဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မြန်မာနိုင်ငံတွင် အရွယ်မရောက်သေးသူများ၏ Mobile Phone နှင့် Online Platform အသုံးပြုမှုအပေါ် အသက်အလိုက် ကန့်သတ်ထိန်းချုပ်ခြင်းတို့နှင့် စပ်လျဉ်း၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ ဆက်သွယ်ရေးဥပဒေနှင့် ဆိုက်ဘာလုံခြုံရေးဥပဒေတို့တွင် ကလေးသူငယ်များ၏ ကိုယ်ရေးကိုယ်တာနှင့် လုံခြုံမှုကိုအကာအကွယ်ပေးသည့် ပြဋ္ဌာန်းချက်များပါရှိသော်လည်း မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများတွင် ကလေးသူငယ်များ မိုဘိုင်းလ်ဖုန်းသုံးစွဲမှုကို တိုက်ရိုက်ထိန်းချုပ်ကန့်သတ်သည့် ဥပဒေပြဋ္ဌာန်းချက် မရှိသေးပါကြောင်း၊ သို့သော်လည်း ဥပဒေရေးရာဝန်ကြီးဌာန၏ တည်ဆဲဥပဒေများတွင် ဥပဒေကြောင်းအရ အကာအကွယ်ပေးခြင်း၊ အရေးယူခြင်းပြုနိုင်သည့်ဥပဒေများ ပြဋ္ဌာန်းထားပါကြောင်း။

Mobile Phone ကန့်သတ်ခြင်း၏ ရည်ရွယ်ချက်မှာ ကလေးငယ်များ ဖုန်းအလွန်အကျွံသုံးစွဲခြင်းမှ ကာကွယ်ရန်၊ အတုမြင်အတတ်သင် မကောင်းသည့် အကျင့်စရိုက်များ ကူးစက်နိုင်ခြင်း၊ အတုယူမှားခြင်း၊ ကျောင်းသားအချင်းချင်း နိုင်ထက်စီးနင်းပြုမူခြင်း၊ စိတ်ခံစားချက်ပျက်ပြားခြင်း စသည့်ဆိုးကျိုးများကို တားမြစ်ရန်ရည်ရွယ်ခြင်းဖြစ်ပါကြောင်း၊ မိဘ၊ ဆရာ၊ ပူးပေါင်း ကလေးပညာကောင်းဆိုသည့်အတိုင်း သင်ကြားသင်ယူမှုဖြစ်စဉ်တွင် မိဘများ၏ ပူးပေါင်းပါဝင်မှုသည် ကလေးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ပြောင်းလဲအောင်လုပ်ဆောင်ရာတွင် ထိရောက်စေခြင်းများကြောင့် အခြေခံပညာကျောင်းများတွင် မိဘဆရာအသင်းများကို စနစ်တကျဖွဲ့စည်းထားရှိပြီး မိဘများပူးပေါင်းပါဝင်လာစေရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ Mobile Phone နှင့် Online Platform များကို ပညာရေးအထောက်အကူပြုနည်းလမ်းများအဖြစ် အကျိုးရှိစွာ၊ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရေးအတွက် ကျောင်းစည်းကမ်းများ ချမှတ်ဆောင်ရွက်ခြင်း၊ မိဘ၊ ဆရာ၊ ကျောင်းသားပူးပေါင်းအသိပညာပေးခြင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ Digital Safety အသိပညာပေးလုပ်ငန်းများကို ဘက်ပေါင်းစုံက ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

မြဝတီမဲဆန္ဒနယ်မှ ဦးခင်မောင်ချင်း၏ **မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ပညာရေးဌာနပိုင်မြေပေါ်တွင် ပညာရေးဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် မည်သည့်ဘဏ္ဍာနှစ်တွင်ဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ကရင်ပြည်နယ် မြဝတီမြို့ရှိ ပညာရေးဝန်ထမ်းအိမ်ရာဆောက်လုပ်ခွင့်အတွက် သတ်မှတ်ခွင့်ပြုပေးထားသောမြေ သုည ဒသမ ၁၄၄ ဧကပေါ်တွင် ဆောက်လုပ်ထားသည့် ဝန်ထမ်းအိမ်ရာ ပေ(၂၀ x ၂၀) နှစ်ဆောင်၌ ပညာရေးဝန်ထမ်း မိသားစုလေးစု နေထိုင်လျက်ရှိခြင်း၊ မြေအနေအထားအရ ထပ်မံဆောက်လုပ်ရန် မြေနေရာမရှိတော့ခြင်း၊ အဆိုပါဝန်ထမ်းအိမ်ရာမှာ သက်တမ်း ၁၆ နှစ်ခန့်ရှိပြီး လက်ရှိအခြေအနေတွင် အဆောက်အအုံ၏ သက်တမ်းကြာမြင့်လာ၍ ကြံ့ခိုင်မှုမရှိခြင်းတို့ကြောင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖျက်သိမ်းပြီးမှသာ ပညာရေးဝန်ထမ်းအိမ်ရာအဖြစ် တည်ဆောက်ပေးနိုင်ရေး လျာထားဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

မြဝတီမြို့ရှိ ပညာရေးဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရေးကိစ္စနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိအခြေအနေ၊ မြေအနေအထားနှင့် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲနှစ်ဆောင်ကိုဖျက်သိမ်း၍ ပေ ၇၀ x ၃၀ RCC နှစ်ထပ် ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်နယ်၏ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ရက် ၃၀ မြောက်နေ့ကို ဇူလိုင် ၂၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကျင်းပ



**နေပြည်တော် ဇူလိုင် ၂၄**

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၇ ဦးတက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၄) ဦးဝင်းတင့်၏ **စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် မြန်မာ့လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းရုံးအနေဖြင့် မီတာယူနစ်များ ထည့်သွင်းရာတွင် တစ်လသုံးယူနစ်ကို လာရောက်ဖတ်ရှုခြင်းမရှိဘဲ ခန့်မှန်းယူနစ်များဖြင့် ငွေတောင်းခံခဲ့သည့်အတွက် မီတာယူနစ်ကောက်ခံမှုမှန်ကန်ခြင်းမရှိကြောင်း လျှပ်စစ်မီတာယူနစ်များ အတိအကျဖြစ်စေရေး မီတာသုံးစွဲသူများ လက်ဝယ်အရောက် လာရောက်ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိနှင့် မီတာခ ပေးဆောင်ရာနေရာတွင်လည်း ငွေပေးသွင်းသည့် ကောင်တာများ ထပ်မံတိုးချဲ့၍ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ဝန်ကြီးဌာနအနေဖြင့် ယခင်က မီတာဖတ်ရှုနိုင်ခြင်းမရှိခဲ့သည့် မီတာများအတွက် မီတာဖတ်ချက်အမှန်ရရှိရေး နယ်မြေလုံခြုံရေးရရှိနိုင်မှုအပေါ်မူတည်၍ ဌာနမှဝန်ထမ်းများက မီတာဖတ်ရှုခြင်း၊ ဓာတ်အားခတောင်းခံလွှာပေးဝေခြင်း၊ ရပ်မိရပ်ဖများ၏ အကူအညီဖြင့် ဓာတ်အားခတောင်းခံလွှာပေးဝေခြင်း၊ ဓာတ်အားခပေးဆောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မီတာယူနစ်ဖတ်ချက်အမှန်နှင့် ဓာတ်အားခတောင်းခံငွေကိုက်ညီစေရေး ဌာနက ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး ယူနစ်ကြွေးကျန်ဖြစ်ပေါ်လျက်ရှိသော မီတာများကို တစ်ကြိမ်တည်း များပြားစွာပေးဆောင်ရခြင်းမရှိစေရန်အတွက် အကြိမ်ရေခွဲ၍ ပေးဆောင်နိုင်ရေး ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် မီတာခငွေပေးသွင်းသည့် ကောင်တာများ ထပ်မံတိုးချဲ့၍ ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ယခင်က လျှပ်စစ်ဓာတ်အားသုံးစွဲခ ငွေကောက်ခံသည့်ကောင်တာ နှစ်ခုရှိခဲ့ပြီး ၅-၆-၂၀၂၆ ရက်မှစတင်၍ ကောင်တာတစ်ခုထပ်မံတိုးချဲ့၍ စုစုပေါင်းကောင်တာ သုံးခုဖြင့် နေ့စဉ် (ပိတ်ရက်မရှိ) ဖွင့်လှစ်ထားရှိပြီး ဓာတ်အားခများ ကောက်ခံပေးလျက်ရှိသကဲ့သို့ တရားဝင်မှတ်ပုံတင်ထားသော မိုဘိုင်း ငွေကြေးအဖွဲ့အစည်းများဖြစ်သည့် KBZ Pay၊ UAB Pay၊ CB Pay၊ OK$ Pay များဖြင့် ၁၃-၆-၂၀၂၅ ရက်မှစ၍ ဓာတ်အားခများ ပေးဆောင်နိုင်ပြီဖြစ်ပြီး ပေးဆောင်ရမည့်နည်းလမ်းများကို အများပြည်သူသိရှိစေရန် လူမှုကွန်ရက်များကတစ်ဆင့် အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်ပါကြောင်း။

ဓာတ်အားသုံးစွဲမှုများသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ပုဂ္ဂလိကဘဏ်များရှိ ၎င်းတို့၏ဘဏ်ငွေစာရင်းမှ စစ်ကိုင်းမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားရှိသော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ဘဏ်စာရင်းသို့(Account Transfer/ CBM NET)ဖြင့် လွှဲပြောင်းပေးဆောင်ခြင်း၊ Online Payment စနစ်ပေးဆောင်ခြင်းတို့ဖြင့် ပေးဆောင်နိုင်ရန်လည်း စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၄) ဦးစိန်ရွှေမင်း၏ **မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်၌ အများပြည်သူများကို ရေဖြန့်ဝေပေးရာတွင် လျှပ်စစ်မီးအသုံးပြုနေရပြီး လျှပ်စစ်မီတာခသည် တစ်ယူနစ်လျှင် ငွေကျပ် ၅၀၀ ဖြစ်သွားသည့်အတွက် ရေဖြန့်ဝေမှုမှရသည့် ဝင်ငွေနှင့် လျှပ်စစ်မီတာခမမျှတဘဲ လစဉ်လိုငွေပြနေသဖြင့် လျှပ်စစ်မီးနှင့် ဆိုလာစနစ်တွဲဖက်အသုံးပြုနိုင်ရေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဘတ်ဂျက်မှ နှစ်စဉ်စိုက်ထုတ်ကျခံသုံးစွဲရမှုကို လျှော့ချနိုင်ရန် ကုန်ကျစရိတ်များကိုကာမိသော လျှပ်စစ်ဓာတ်အားခနှုန်းထားများ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁ ရက်မှစတင်၍ ပြင်ဆင်သတ်မှတ်ခဲ့ရာ အိမ်သုံးမဟုတ်သည့် အမျိုးအစားများ (စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ တစ်လုံးတစ်ခဲတည်း၊ ယာယီသုံး၊ လမ်းမီး၊ အစိုးရရုံးဌာနအဖွဲ့အစည်းများ၊ နိုင်ငံပိုင်စက်မှုလုပ်ငန်းများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ မြစ်ရေတင်လုပ်ငန်း၊ စည်ပင်သာယာရုံးဌာန၊ လုပ်ငန်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံခြားသံရုံးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ)အတွက် အလွှာသုံးလွှာဖြင့် မီတာယူနစ် ၁ မှ ၅၀၀၀ ယူနစ်ထိကို တစ်ယူနစ်လျှင် ငွေကျပ်၂၅၀ နှုန်း၊ ၅၀၀၁ မှ ၂၀၀၀၀ ယူနစ်ထိကို တစ်ယူနစ်လျှင် ငွေကျပ် ၄၀၀ နှုန်း၊ ၂၀၀၀၁ ယူနစ်နှင့်အထက်ကို တစ်ယူနစ်လျှင် ငွေကျပ်၅၀၀ နှုန်း ဓာတ်အားခကောက်ခံလျက်ရှိပါကြောင်း။

သို့ပါ၍ ဆိုလာစနစ်ဖြင့်ရေပေးဝေခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန် ကျောက်တန်းရေစက်ရုံရှိ (နမ္မဒါရေတွန်းစက်)တွင် ၈၅ ကီလိုဝပ် ဆိုလာစနစ်တပ်ဆင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် သန်း ၅၁၀ ကို ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင်လည်းကောင်း၊ ကျောက်တန်းရေစက်ရုံရှိ (လိပ်တောင်ရေတွန်းစက်)တွင် ၈၅ ကီလိုဝပ် ဆိုလာစနစ်တပ်ဆင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ်သန်း ၅၁၀ ကို ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်တွင်လည်းကောင်း၊ ကျောက်တန်းရေစက်ရုံရှိ (အောင်မြေရေတွန်းစက်)တွင် ၅၆ ကီလိုဝပ် ဆိုလာစနစ်တပ်ဆင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၃၃၆ သန်းကို ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်တွင်လည်းကောင်း သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ မင်းဘူးမြို့နယ် စည်ပင်သာယာရေးကော်မတီက ဦးစားပေးအစီအစဉ်ဖြင့် လျာထားတင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် **အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း**၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးသည်။

**မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်**က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေပုဒ်မ ၁၁ ၏နောက်တွင် အသစ်ဖြည့်စွက်မည့် ပုဒ်မ ၁၁-က ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ) (၂)တို့ကို ဆွေးနွေးမည်ဖြစ်ပါကြောင်း၊ ပုဒ်မ ၁၁-က ပုဒ်မခွဲ(က)အနေဖြင့် အကယ်၍ ကိုယ်စားလှယ်သည် ဥပဒေချိုးဖောက်ခြင်းမရှိဘဲ ပါတီပျက်သွားသည်ဆိုသော အကြောင်းတစ်ခုတည်းကြောင့် ကိုယ်စားလှယ်အဖြစ်မှ ဆုံးရှုံးရပါက ရွေးကောက်ခံပိုင်ခွင့်ကို ဥပဒေအောက်တွင် အလွန်အကျွံကန့်သတ်ထားခြင်းဖြစ်နိုင်ပါကြောင်း၊ မဲပေးသူ၏ဆန္ဒကိုသွယ်ဝိုက်၍ ပယ်ဖျက်လိုက်သကဲ့သို့ ဖြစ်သည့်အပြင် အပြစ်မရှိသူအပေါ် အကျိုးဆက်ကျရောက်စေပါကြောင်း၊ ပါတီ၏လိုအပ်ချက်နှင့် ကိုယ်စားလှယ်၏အခွင့်အရေးကို တစ်ပေါင်းတည်းချိတ်ဆက်ထားခြင်းဖြစ်ပြီး အချိုးကျနိယာမ(Proportionality Principle)နှင့်မညီနိုင်ဟု ငြင်းခုံနိုင်ပါကြောင်း၊ ဖွဲ့စည်းပုံဆိုင်ရာ ဥပဒေသဘောတရားများအရ ဥပဒေကြမ်းသည် လိုအပ်မှု၊ သင့်လျော်မှု၊ အချိုးကျမှုတို့နှင့် ဖြည့်ဆည်းသင့်ပြီး ပါတီမှတ်ပုံတင်ပယ်ဖျက်ခံရသည်နှင့် ကိုယ်စားလှယ်၏ ရွေးကောက်ခံအဖြစ်ကို အလိုအလျောက်ပျက်ပြယ်စေခြင်းသည် ဖွဲ့စည်းပုံနှင့်ကိုက်ညီမှုမရှိ၍ ဥပဒေကြမ်းကို ပြန်လည်သုံးသပ်ပေးစေလိုပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၃၈(ခ)အရ ပြောရလျှင် အသစ်ဖြည့်စွက်သည့်ပုဒ်မ ၁၁-က ပုဒ်မခွဲ(ခ)(၂) ဥပဒေကြမ်းပါ အဆိုပြုချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ကာ လုပ်ဆောင်ခြင်းဖြစ်သည်ဟု ယူဆပါကြောင်း၊ ဒီမိုကရေစီနှင့် ကိုယ်စားပြုမှုရှုထောင့်အရကြည့်ပါက ပါတီတစ်ခု ဖျက်သိမ်းခံရသည်နှင့် PR လွှတ်တော်ကိုယ်စားလှယ်၏ ရွေးကောက်တင်မြှောက်ခံရမှု အလိုအလျောက်ပျက်ပြယ်စေခြင်းသည် အငြင်းပွားဖွယ်ရာရှိပြီး ကိုယ်စားလှယ်ကိုယ်တိုင် ဥပဒေချိုးဖောက်မထားပါက တရားမျှတမှုမရှိပါဟု ဥပဒေကြမ်းပါ အချက်များကို တင်ပြလိုပါကြောင်း ဆွေးနွေးသည်။

**ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မာလာဆန်း**က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းပါ ပုဒ်မ ၁၁-က၊ ပုဒ်မခွဲ (ခ) အပိုဒ်ခွဲ (၁)နှင့် (၂)တို့သည် နိုင်ငံရေးပါတီ တစ်ခုဖျက်သိမ်းခံရပါက သို့မဟုတ် မှတ်ပုံတင်ပယ်ဖျက်ခံရပါက လွှတ်တော်ကိုယ်စားလှယ်များ၏ ရပ်တည်ခွင့်နှင့် ရွေးကောက်ခံပိုင်ခွင့်အခြေအနေကို ပြဋ္ဌာန်းခြင်းဖြစ်ပါကြောင်း၊ လက်ရှိဥပဒေကြမ်းပါ ပုဒ်မများသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ ပြင်ဆင်ချက်များ၏ ကွဲလွဲချက်များနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက တိုင်းရင်းသားလူမျိုးများ၏ ရပ်တည်ခွင့်အခွင့်အရေးကို ဦးတည်၍ ဆွေးနွေးတင်ပြလိုပါကြောင်း။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းတွင် ပါရှိသည့်ပုဒ်မများသည် နိုင်ငံရေးပါတီအဖွဲ့အစည်းကိုသာလျှင် ရည်ညွှန်းသင့်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ရပ်တည်ပိုင်ခွင့်ကို ပျက်ပြယ်သည်ဟု မှတ်ယူခြင်းများသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁) ပုဒ်မ ၃၈ (ခ) အခန်း(၉) ပုဒ်မ ၃၉၀ တွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိပြီးဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေတွင်လည်း ပြဋ္ဌာန်းထားပြီးဖြစ်၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်များ ရပ်တည်ပိုင်ခွင့်ကို ရုပ်သိမ်းခြင်းသည် တိုင်းရင်းသားပါတီငယ်များ၏ အခွင့်အရေးနှင့် မဲဆန္ဒရှင်များ၏ ထောက်ခံမှုဖြင့် ဆင်းသက်လာသည့် ဥပဒေပြုရေးအာဏာ ကွဲလွဲလျက်ရှိနေသဖြင့် သတ္တမအကြိမ်မြောက်ပြင်ဆင်ရန်ပေးပို့လာသည့် ဥပဒေကြမ်း ပုဒ်မ ၁၁- (က) ပုဒ်မခွဲ(က) ပုဒ်မခွဲ(ခ) အပိုဒ်ခွဲ(၁)နှင့်(၂)သည် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရန်မသင့်ပါကြောင်း ဆွေးနွေးသည်။

**တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးသန်းအေး ခေါ် ဦးတင်ဦး**က မူလဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ)ကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်သွင်းခဲ့သည့် အစီရင်ခံစာပါ မူလဥပဒေအတိုင်း ဆက်လက်ထားရှိရန် ပြင်ဆင်ချက်ကို ထောက်ခံလိုပါကြောင်း၊ မူလဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဂ) နောက်တွင် ပုဒ်မခွဲငယ်(ဃ) အဖြစ် ရွေးကောက်ပွဲဝင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းသည် မိမိပါဝင်အရွေးခံမည့်မဲဆန္ဒနယ်တွင် ရွေးကောက်ပွဲမဝင်မီ အနည်းဆုံး တစ်နှစ်မျှ တစ်ဆက်တည်းနေထိုင်လာသူဖြစ်ရမည်ဟူသော ပြဋ္ဌာန်းချက်အသစ်တစ်ရပ်ကို ထပ်မံဖြည့်စွက်ပြဋ္ဌာန်းပေးပါရန် အကြံပြုတင်ပြလိုပါကြောင်း၊ ရွေးကောက်ပွဲဝင်မည့် ပြည်သူ့ ကိုယ်စားလှယ်လောင်းများအနေဖြင့် မိမိတို့အရွေးခံမည့် မဲဆန္ဒနယ်မြေများမှ မဲဆန္ဒရှင်ပြည်သူများနှင့် ပိုမိုအကျွမ်းဝင်ထိတွေ့ပြီး ပြည်သူ့ကိုယ်စားပြုမှုနှင့် ဒီမိုကရေစီရွေးကောက်ပွဲစနစ် ပိုမိုရှင်သန်အားကောင်းလာစေရန် အကြံပြုတင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

**မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဦးစောသွင်**က ဘွဲ့မရသော်လည်း လူမှုအသိုက်အဝန်းနှင့်နီးကပ်စွာ မှီတင်းနေထိုင်ပြီး ရိုးသားဖြောင့်မတ်မှုနှင့် အဂတိကင်းရှင်းမှုတို့ကြောင့် လူထု၏လေးစားကြည်ညိုမှု ရရှိထားသူများ၏ အဆုံးအဖြတ်ဖြင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုများ များစွာရှိခဲ့ပါသောကြောင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပုဒ်မ(၈)၊ (ဂ) "အခြေခံပညာအထက်တန်းအဆင့် ပြီးမြောက်သူ" သည် သင့်တော်မှန်ကန်ပါကြောင်း၊ မွေးဖွားစဉ်က မိဘနှစ်ပါးသည် နိုင်ငံသားဖြစ်ရမည်ဆိုသည့် အဆိုသည် များစွာသင့်မြတ်လှပါကြောင်း၊ မိမိနိုင်ငံကို မိမိကသာလျှင် ချစ်ရပါမည်။ ထို့ကြောင့် (ပုဒ်မ ၈၊ ခ) "နိုင်ငံသားမိဘနှစ်ပါးကမွေးဖွားသော နိုင်ငံသားဖြစ်သူ" သည် ဥပဒေကိုထိထိရောက်ရောက်ဆောင်ရွက်ရန် လိုအပ်သည်ဟု ယူဆပါကြောင်း။

ပုဒ်မ ၈ (က)တွင် ပုဒ်မခွဲငယ်(၄) အဖြစ် "လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် အချိန်နှင့်တစ်ဆက်တည်း ကိုယ်စားလှယ်၏ မဲဆန္ဒနယ်တွင် အနည်းဆုံးငါးနှစ် သို့မဟုတ် သုံးနှစ် အခြေချနေထိုင်ခဲ့သူ"ဟူ၍ ထပ်မံထည့်လိုပါကြောင်း ဆွေးနွေးသည်။

စာမျက်နှာ ၂၃ သို့

စာမျက်နှာ ၂၂ မှအဆက်

**ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈) ခွန်စောလွင်**က အဆိုပြုဥပဒေကြမ်းပါ အပိုဒ်(၂)၊ အစားထိုးပြင်ဆင်လိုသည့် ပုဒ်မ ၈၊ ပုဒ်မခွဲ(ဂ)သည် အရည်အချင်းပြည့်ဝသော၊ ပညာအရည်အချင်းမြင့်မားသော ကိုယ်စားလှယ်များဖြစ်ရန် နိုင်ငံတော်၏အနာဂတ်ကာလအတွက် မြော်တွေးပြီး အဆိုပြုခြင်းဖြစ်သည်ကို နားလည်ပါကြောင်း၊ အနာဂတ်ကာလအတွက် မြော်တွေးမည်ဆိုပါက ကောင်းမွန်သည့် အဆိုပြုပြင်ဆင်ချက်ဖြစ်၍ ထောက်ခံအားပေးရမည့် အဆိုပြုချက်ဖြစ်ပါကြောင်း၊ သို့ရာတွင် လက်ရှိအချိန်ထိ အရေးပေါ်အခြေအနေအောက် ကျရောက်နေသေးသည့် မြို့နယ်များရှိနေဆဲကာလဖြစ်ပါသောကြောင့် ယခုအဆိုပြုဥပဒေကြမ်းပါ လွှတ်တော်ကိုယ်စားလှယ်များ အရည်အချင်းသတ်မှတ်ချက်သည် လက်ရှိအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် မူလဥပဒေပါအတိုင်းထားရှိရန် ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်သည် သင့်လျော်မှန်ကန်ပါကြောင်း။

အဆိုပြုဥပဒေကြမ်းပါ အပိုဒ်(၆)၊ မူလဥပဒေပါ ပုဒ်မ ၃၀-က သည် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များကို ကော်မရှင်က သတ်မှတ်ထားသော နည်းလမ်းများဖြင့် မဲဆွယ်စည်းရုံးနိုင်ခွင့်ပေးအပ်ထားပါကြောင်း၊ အဆိုပြုဥပဒေကြမ်းပါ နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးခွင့်ကို ပါတီဗဟိုအလုပ်အမှုဆောင်ကိုသာ ပြင်ဆင်ကန့်သတ်လိုက်ပါက ပါတီစုံဒီမိုကရေစီစနစ်တွင် ပါတီတိုင်းအတွက် တန်းတူယှဉ်ပြိုင်မှု၊ စည်းရုံးနိုင်မှုကို ထိခိုက်စေနိုင်ပါကြောင်း၊ သို့ပါ၍ ပါတီစုံဒီမိုကရေစီရှင်သန်အားကောင်းလာစေရန် လူထုထောက်ခံမှုရရှိနိုင်ရန် ဒီမိုကရေစီ၏ဇာတ်ရှိန်အမြင့်ဆုံးဖြစ်သော ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကာလတွင် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀-က ခြေဆင်းပါ နိုင်ငံရေးပါတီများဆိုသည့် စကားရပ်ကို နိုင်ငံရေးပါတီများမှ ပါတီဝင်များဆိုသည့် စကားရပ်ဖြင့် တိကျသောရည်ညွှန်းမှုတစ်ရပ်အဖြစ်သာ အစားထိုးပြင်ဆင်သင့်ပါကြောင်းနှင့် နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များအဖြစ် ဘောင်ခတ်ကန့်သတ်ရန် မသင့်ပါကြောင်း ဆွေးနွေးသည်။

**ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) နော်ယုဇနဝါ** က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေမှ ပုဒ်မ ၁၁(က)၏ ရွေးကောက်ပွဲကော်မရှင်၏ပြင်ဆင်ချက်ကို ဆွေးနွေးမည်ဖြစ်ပါကြောင်း၊၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ကျော်လွန်နေသောဥပဒေကိုပြဋ္ဌာန်းလိုပါက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၂) အခြေခံဥပဒေပြင်ဆင်ခြင်း ပုဒ်မ ၄၃၆ (ခ)အရ ပုဒ်မ ၃၉၆ ပါ ပြဋ္ဌာန်းချက်များ ပြင်ဆင်ပြီးမှသာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြဋ္ဌာန်းမည့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ(၁၁)က ပုဒ်မခွဲငယ်(၂) အချိုးကျကိုယ်စားပြုမှုစနစ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်ဟူသော ပြဋ္ဌာန်းချက်ကို ပြဋ္ဌာန်းခွင့်ရှိပါကြောင်း၊ ထို့ကြောင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ပြဋ္ဌာန်းထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၁ (က)ပုဒ်မခွဲ ပြဋ္ဌာန်းချက်ကို ကန့်ကွက်ပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၆ လွှတ်တော်ကိုယ်စားလှယ်များကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းပုဒ်မများကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၂) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း ပုဒ်မ ၄၃၆(ခ)အရ ပြင်ဆင်ပြီးမှသာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ပြဋ္ဌာန်းထားချက်များ ပြဋ္ဌာန်းနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၇) ဒေါက်တာဗညားအောင်မိုး**က ပုဒ်မ ၁၁ နောက်တွင် ဖြည့်စွက်သည့် ပုဒ်မ ၁၁-(က)တွင် ရွေးကောက်ခံရသည့် ကိုယ်စားလှယ်သည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိမှတ်ပြုထားပြီးဖြစ်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၆ အရသာ ဆောင်ရွက်ရမည်ဖြစ်သောကြောင့် ယင်းဖြည့်စွက်ချက်ကို ပယ်ဖျက်ရန် တင်ပြအပ်ပါကြောင်း။

ပုဒ်မ ၁၁-က။ (ခ)တွင် လွှတ်တော်ကိုယ်စားလှယ်များသည် ပါတီမရှိသော်လည်း လွှတ်တော်ကိုယ်စားလှယ်တာဝန် ထမ်းဆောင်နိုင်ရန် အရေးကြီးပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်မှ ရုပ်သိမ်းလိုလျှင် အခြေခံဥပဒေပုဒ်မ ၃၉၆ အရသာ ဆောင်ရွက်သင့်ပါသောကြောင့် ဤဖြည့်စွက်ချက်ကိုပယ်ဖျက်ရန် တင်ပြအပ်ပါကြောင်း၊ ၁၁-က။ (ခ) (၂)တွင် အချိုးကျကိုယ်စားပြုစနစ်ဖြင့် တက်လာသော လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူတို့၏ တိုက်ရိုက်မဲဆန္ဒဖြင့် တက်လာသည်ဖြစ်၍ ကိုယ်စားပြုပါတီ အဖျက်သိမ်းခံရလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ အလိုအလျောက်ပျယ်ပြယ်မှု လုံးဝမဖြစ်သင့်ပါကြောင်း၊ ၂၀၀၈ ခုနှစ် အခြေခံဥပဒေပါ ပုဒ်မ ၃၉၆ အရသာလျှင် ဆောင်ရွက်နိုင်သည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် ပုဒ်မ ၁၁-က။ (ခ)(၂) ဖြည့်စွက်ချက်ကို ပယ်ဖျက်ရန် တင်ပြအပ်ပါကြောင်း။

ပုဒ်မ ၃၀ ကမှ အဆိုပြုပြဋ္ဌာန်းချက်မှာ နိုင်ငံရေးပါတီများဆိုသည့် စကားရပ်ကို “နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်ဟု ပါရှိသော်လည်း ပြဋ္ဌာန်းချက်ကိုမယူဘဲ မူလဥပဒေတိုင်းသာထားရှိရန် လိုအပ်ပါကြောင်း၊ ပုဒ်မ ၈၈-ခ။ ၏ အဆိုပြုပြဋ္ဌာန်းချက်တွင်လည်း လွှတ်တော်ကိုယ်စားလှယ် သတ်မှတ်ပြီးလျှင် မဲဆန္ဒရလဒ်ကို ပယ်ဖျက်လျှင် လွှတ်တော်ကိုယ်စားလှယ်ကို မထိခိုက်နိုင်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အပေါ် သက်ရောက်မှုသည် အခြေခံဥပဒေ ပုဒ်မ ၃၉၆ အရသာလျှင် ဖြေရှင်းရမည်ဖြစ်၍ ဤဖြည့်စွက်ချက်ကိုပယ်ဖျက်ရန် တင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၃) ခွန်ထိုင်း**က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း လေ့လာစိစစ်ရာတွင် အဆိုပြုဥပဒေကြမ်း အပိုဒ်(၂) ပုဒ်မ ၈ ပုဒ်မ(ဂ)သည် လက်ရှိအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် မူလဥပဒေအတိုင်း ပြန်လည်ထားရှိခြင်းကို ထောက်ခံဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ပညာအရည်အချင်း မြှင့်တင်လိုသည့်ရည်ရွယ်ချက်ကို လေးစားသော်လည်း ပြည်သူ၏ရွေးချယ်ပိုင်ခွင့်နှင့် မကွဲပြားသော နိုင်ငံရေးပါဝင်မှုကို ဟန်ချက်ညီစွာ ထိန်းသိမ်းနိုင်ရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် “မူလဥပဒေအတိုင်း”ဆက်လက်ထားရှိသင့်ပါကြောင်း။

အပိုဒ်(၆) ပုဒ်မ ၃၀-ကပါ အဆိုပြုပြဋ္ဌာန်းချက်အရ ကော်မရှင်ကသတ်မှတ်ထားသည့်အတိုင်း မဲဆွယ်စည်းရုံးနိုင်သည့် ပုဂ္ဂိုလ်များသည် “နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များ”ဖြစ်သည်ဟု မူလဥပဒေပါ“နိုင်ငံရေးပါတီများ”အစား“နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ” ဟူ၍ ပိုမိုတင်းကျပ် အဆိုပြုပြဋ္ဌာန်းလာသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ပုဒ်မ ၃၀-က နှင့်စပ်လျဉ်း၍ မဲဆွယ်စည်းရုံးခွင့်ရှိသူကို နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်များဟူသည့် အဆိုပြုပြဋ္ဌာန်းချက်စကားရပ်အစား နိုင်ငံရေးပါတီများမှ “ပါတီဝင်များ” ဟူသော စကားရပ်ဖြင့် အစားထိုးပြင်ဆင်မှု ပြုပေးပါရန် တင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

**မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၇) ဒေါက်တာဗညားအောင်မိုး**က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပြင်ဆင်ချက်တွင် ပုဒ်မ ၈ ပုဒ်မခွဲ(ဂ)ကို နိုင်ငံတော်အသိအမှတ်ပြုသည့် တက္ကသိုလ်ဒီဂရီကောလိပ်နှင့် ကောလိပ်တစ်ခုခုမှ ဘွဲ့ရပြီးသူ လွှတ်တော်ကိုယ်စားလှယ် ဝင်ရောက်အရွေးခံခြင်းသည် အလုပ်အကိုင်အတွက် လျှောက်ထားသည့်မဟုတ်၍ ဘွဲ့လက်မှတ်ရှိရန် အရေးမကြီးပါကြောင်း၊ ထို့ကြောင့် ယင်းပြင်ဆင်ချက်ကိုပယ်ဖျက်၍ မူလအတိုင်းသာထားရှိသင့်ပါကြောင်း၊ ပုဒ်မ ၁၁။ (ဃ)ပုဒ်မ ၄။ ပုဒ်မခွဲ(ခ) အရ ပါတီကိုသာ မဲထည့်သည့်စနစ်မျိုးမဟုတ်ဘဲ မိမိတို့နိုင်ငံ၏ PR ဖြင့် တက်လာသော အမတ်တစ်ဦးသည် ပါတီကထုတ်ပယ်ခံရသည်ဖြစ်စေ၊ ပါတီကထွက်သည်ဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်နေရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပုဒ်မ ၁၁။ (ဃ) ပြင်ဆင်ချက်ကို ပယ်ဖျက်သင့်ပါကြောင်း။

ပုဒ်မ ၁၁-ကတွင်လည်း လွှတ်တော်ကိုယ်စားလှယ်ဖြစ်၍ အခြေခံဥပဒေပုဒ်မ ၃၉၆ အရသာလျှင် ဖြေရှင်းရမည်ဖြစ်၍ ထိုပြင်ဆင်ချက်ကို ပယ်ဖျက်ပေးသင့်ပါကြောင်း၊ ပုဒ်မ ၁၁-က။(ခ)(၂)တွင် လက်ရှိ PR ကိုယ်စားလှယ်သည် FPTP ၏မဲဖြင့် ရွေးချယ်ခံရ၍ FPTP အမတ်များကဲ့သို့ ပုဒ်မ ၁၁-က။(ခ)(၁)တွင်ကဲ့သို့ ဆောင်ရွက်နိုင်ရန်ဟု ပုဒ်မ ၁၁-က။(၂)ကို ပြင်ဆင်ရေးသားသင့်ပါကြောင်း၊ ပုဒ်မ ၃၀(က)၏ခြေဆင်းတွင် နိုင်ငံရေးပါတီ၏ ဗဟိုအလုပ်အမှုဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသာ ဟောပြောမဲဆွယ်ခွင့်ရှိလျှင် အရည်အချင်းရှိပါတီဝင်များ ခရိုင်၊ မြို့နယ်၊ ကျေးရွာရပ်ကွက်တို့မှ အရည်အချင်းရှိသူ ပါတီဝင်များ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများကို ပါဝင်ခွင့်မပြုပိတ်ပင်ခြင်းသည် ဒီမိုကရေစီနည်းကျစည်းရုံးရေးနှင့် လူ့အခွင့်အရေး၊ ပြည်သူ့အခွင့်အရေးကို ကန့်သတ်ရာကျပါကြောင်း၊ ထို့ကြောင့် ပုဒ်မ ၃၀ က။ ပြင်ဆင်ချက်ကို ပယ်ဖျက်ပြီး မူလအတိုင်းသာထားရှိသင့်ပါကြောင်း။

ပုဒ်မ ၈၈-ခ ပြင်ဆင်ချက်မှာ လွှတ်တော်ကိုယ်စားလှယ်ကို နုတ်ပယ်ရန် အခြေခံဥပဒေပုဒ်မ ၃၉၆ အရသာ ဆောင်ရွက်နိုင်ပါကြောင်း၊ ထို့ကြောင့် ပုဒ်မ ၈၈ (ခ) ပုဒ်မခွဲ(က)တွင် ပြင်ဆင်ထားသည့် ပြင်ဆင်ချက်ကို ပယ်ဖျက်ပါရန် တင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

**ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မာလာဆန်း**က ဥပဒေကြမ်းပါ ပုဒ်မ ၁၁-က၊ ပုဒ်မခွဲ(က) နှင့် ပုဒ်မ ၁၁-က ပုဒ်မခွဲ(ခ)တွင် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များကို ပါတီဖျက်သိမ်းခံရလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ အလိုအလျောက်ပျက်ပြယ်သည်ဟု မှတ်ယူခြင်းသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ (၄)အရ ပြည်သူများထံမှ ဆင်းသက်လာသည့် ဥပဒေပြုရေးအာဏာရ ရွေးကောက်တင်မြှောက်ခံရသည့်လွှတ်တော်ကိုယ်စားလှယ်ကိုအလိုအလျောက်ပျက်ပြယ်သည်ဟုမှတ်ယူခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်လျက်နေပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ သတ္တမအကြိမ်မြောက်ပြင်ဆင်ရန် ပေးပို့လာသည့် ပုဒ်မ ၈၈-ခ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၈၈-ခ ပုဒ်မခွဲ (ခ) အဆိုပြုပုဒ်မတွင်ပါရှိသည့် မိမိဆန္ဒအလျောက်ဖျက်သိမ်းလျှင်ဖြစ်စေ စကားရပ်သည် နိုင်ငံရေးပါတီများကို တစ်ဦးတစ်ယောက်တည်း သဘောဆန္ဒဖြင့် ဖျက်သိမ်းစေနိုင်သည်ဟု ထင်မြင်ယူဆစရာဖြစ်နေပါကြောင်း၊ ထိုစကားရပ်အစား ယင်းပါတီအဖွဲ့အစည်းမှ ဗဟိုအလုပ်အမှုဆောင်များ၏ သဘောတူညီမှု၊ လွှတ်တော်ကိုယ်စားလှယ်များ ရှိထားပါက ထိုလွှတ်တော်ကိုယ်စားလှယ် အများစု၏ သဘောတူညီမှုဖြင့် ဖျက်သိမ်းလျှင်ဖြစ်စေ စကားရပ်များဖြင့် ပြင်ဆင်ထည့်သွင်းသင့်ပါကြောင်း။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ ဖျက်သိမ်း၊ ပယ်ဖျက်ခြင်းများကြောင့် လွှတ်တော်ကိုယ်စားလှယ်များ ရပ်တည်ခွင့်၊ ဆန္ဒမဲများ ပယ်ဖျက်ခြင်းတို့သည် လူမျိုးစုအခြေပြုဖွဲ့စည်းထားသည့် တိုင်းရင်းသားများ၏ ပြည်ထောင်စုအတွင်း ပါဝင်နိုင်မှုကို လျော့ကျသွားစေနိုင်သဖြင့် အဆိုပါဥပဒေပုဒ်မဥပဒေကြမ်းပါ ပုဒ်မ ၁၁-က၊ ပုဒ်မခွဲ(က) ပုဒ်မခွဲ(ခ)၊ အပိုဒ်ခွဲ(၁)နှင့် (၂)၊ နည်းဥပဒေ ၈၈-(ခ) ပုဒ်မ(က)နှင့် (ခ)တို့တွင် ဖြည့်စွက်ရန်မသင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၆) ဦးမျိုးသန့်၏ **လယ်ယာမြေနည်းဥပဒေ ၂၀၁၂ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၂ ၏ အခန်း(၁၂)ပါ ပုဒ်မ ၁၀၃၊ ပုဒ်မ ၁၀၄၊ ၁၀၆ ၏ ပုဒ်မခွဲ (က)(ခ)(စ)နှင့် ပုဒ်မ ၁၁၂ ၏ ပုဒ်မခွဲ(က)တို့ကို ပြင်ဆင်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးအောင်လှထွေး**က ရှေးယခင်မြေတိုင်းတာစနစ်များသည် တိကျသောတည်နေရာအမှတ်အသားမရှိခြင်း၊ နယ်ခြားစည်းမျဉ်းများတစ်လျှောက် ခိုင်မာတိကျသည့် အတိုင်းအတာအမှတ်အသားများ မရှိခြင်းများ ရှိခဲ့ပါကြောင်း၊ ထိုစနစ်အရ နယ်ချင်းကပ်လျက်နယ်မြေများ အငြင်းပွားမှုများဖြစ်နေရခြင်းဖြစ်ပါကြောင်း၊ ယခုခေတ်တွင် ခေတ်မီတိုင်းထွာနည်းစနစ်များရှိသဖြင့် တိကျသေချာသော Google Point များဖြင့် တိုင်းထွာ၍ မြေပြင်အကွက်ချပုံစံ၊ ကောင်းကင်ဓာတ်ပုံအကွက်ချပုံစံ၊ UTM မြေပုံများဖြင့် တိုင်းထွာသတ်မှတ်ပေးထားပြီး မိမိနယ်မြေ မိမိထိန်းသိမ်းစေခြင်း၊ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းအောင် ဆောင်ရွက်စေခြင်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ဥပဒေ၏အားနည်းချက်များ မပေါ်ပေါက်စေရန်နှင့် မလိုအပ်သောနောက်ဆက်တွဲပြဿနာများ မဖြစ်ပေါ်စေရန် တိကျသေချာသော နယ်ခြား၊ နယ်နိမိတ်များဖြင့် တည်နေရာ တိုင်းထွာသတ်မှတ်ပေးခြင်းအားဖြင့် နယ်မြေဧရိယာအငြင်းပွားမှုပြဿနာများ မရှိနိုင်တော့မည်ဖြစ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

**မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၃) ဦးဟိန်းမင်းဦး**က မြန်မာ့စိုက်ပျိုးရေးကဏ္ဍ တိုးတက်မှသာ နိုင်ငံစီးပွားရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် နိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်၍ ပိုမိုဖြစ်ထွန်းလာစေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေအများစုသည် စိုက်ပျိုးရေးကို အခြေခံ၍ အသက်မွေးဝမ်းကျောင်းပြုနေကြသူများဖြစ်ပါကြောင်း၊ သို့ပါ၍ အဆိုရှင်၏အဆိုသည် မြေနုကျွန်းမြေဖြစ်ထွန်းလေ့ရှိသည့် မြစ်ဝကျွန်းပေါ်ဒေသများရှိ ကိုင်းတောင်သူများအကျိုးကို ရည်ရွယ်၍ လယ်ယာမြေနည်းဥပဒေအခန်း(၁၂)ပါ ပုဒ်မ ၁၀၃၊ ပုဒ်မ ၁၀၄၊ ပုဒ်မ ၁၀၆ ၏ ပုဒ်မခွဲ(က) (ခ) (စ) နှင့် ပုဒ်မ ၁၁၂ ၏ ပုဒ်မခွဲ (က)တို့ကို ပြင်ဆင်ပြဋ္ဌာန်းခြင်းဖြစ်သဖြင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈) ဦးရဲထွဋ်အောင်**က နည်းဥပဒေ (၁၀၃)ပါ မူလပြဋ္ဌာန်းချက်အစား ပြဋ္ဌာန်းချက်အသစ်ကြောင့် ရေကျပြီးနောက် ပြန်ပေါ်လာချိန်တွင် တည်နေရာ၊ ပုံသဏ္ဌာန် ပြောင်းလဲဖြစ်ပေါ်လာသော ကျွန်းနုမြေသစ်ကိုသာ လုပ်ကိုင်ခွင့်ချထားပေးခြင်းဖြင့် လုပ်ပိုင်ခွင့်ရသူ အငြင်းပွားမှုပြဿနာများ **စာမျက်နှာ ၂၄ သို့**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)တို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဆောင်သည့်အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည် ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်များကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် ကြိုတင်ကန့်သတ် ချက်များမထားသည့် ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရေး ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်က ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်း တွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေး ကော်မတီဝင်များ၊ LDU ဥက္ကဋ္ဌ ကျာဆော် လမွန်၊ ဒုတိယဥက္ကဋ္ဌ ကျာဖူး၊ အထွေထွေ အတွင်းရေးမှူး ကျာယာကုတ်၊ တွဲဖက် အတွင်းရေးမှူး(၁) နာဒေါ်ရှာ၊ တွဲဖက် အတွင်းရေးမှူး(၂) နာမေသဇင်ဦးတို့ပါဝင် သည့် ကိုယ်စားလှယ်များ တက်ရောက် ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က NCA-S EAO ဆွေးနွေးညှိနှိုင်းရေး အဖွဲ့နှင့်လည်း စုပေါင်း၍ဆွေးနွေးပြီးဖြစ် ကြောင်း၊ တစ်ဖွဲ့ချင်း၏ လိုလားချက်၊ အခက်အခဲများကို ဖြည့်ဆည်းနိုင်ရန် Bilateral ဆွေးနွေးပြီး ငြိမ်းချမ်းရေး လမ်းကြောင်းကို လျှောက်လှမ်းခြင်းဖြစ် ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများအနေဖြင့် NCA အပြင် မည်သည့် လမ်းကြောင်းနှင့်မဆိုထိတွေ့၍ ငြိမ်းချမ်း ရေးလမ်းကို လျှောက်လှမ်း၍ရကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေးအပြင် ဖွံ့ဖြိုး တိုးတက်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ရေးတို့ အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းအားလုံးကိုလည်း လမ်းဖွင့်ထားပါ ကြောင်း၊ ညှိနှိုင်းရေးကော်မတီအနေဖြင့် လိုလားချက်၊ လိုအပ်ချက်များကို တည်ဆဲ ဥပဒေအရ ဆောင်ရွက်ပေးနိုင်သည်များကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်နေကြောင်း၊ ဥပဒေပိုင်းနှင့် ပတ်သက်၍လည်း ညှိနှိုင်းဆောင်ရွက်ပေး ရသည်များရှိကြောင်းတို့နှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU)ဥက္ကဋ္ဌ ကျာဆော်လမွန် က နိုင်ငံတော်အစိုးရနှင့် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ(NSPCC)၏ လွတ်လပ်ပြီး ကြိုတင် ကန့်သတ်ချက်မထားသည့် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုကို ကြိုဆိုပါ ကြောင်း၊ ကြိုတင်ကန့်သတ်ချက်များ မထားသည့် ဆွေးနွေးပွဲများ ပြုလုပ်နေ သည်ကို တွေ့မြင်ရပါကြောင်း၊ မိမိတို့အနေ ဖြင့်လည်း ဒေသ၏လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးမည်ဖြစ် ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများ က လားဟူလူမျိုးများ၏ အနာဂတ်အတွက် အစီအစဉ်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ- ပန်ဝိုင်-ဝိုင်လီဒေသရှိ လားဟူတိုင်းရင်းသား များ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အာရေးဗီးကားကော်ဖီ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်မှုအဆင်ပြေစေရေးနှင့် လျှပ်စစ်မီး၊ ရေရရှိရေး၊ ကော်ဖီနည်းပညာ ရှင်များ၏ နည်းပညာပံ့ပိုးပေးမှုနှင့် မျိုးစေ့ သွင်းအားစုရရှိရေး၊ မူးယစ်ဆေးဝါးနှင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတွင် ပါဝင် ပတ်သက်မှုမရှိစေရေး ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးကြသည်။

ဆက်လက်၍ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင် မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ဒေသဖွံ့ဖြိုး ရေး၊ ပညာရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများ၊ အဖွဲ့အစည်းဆိုင်ရာ ဆက်ဆံ ရေးရုံးနှင့် သက်သာချောင်ချိရေးလုပ်ငန်းစဉ် များအတွက် ဆွေးနွေးတင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်ချက်များကို တည်ဆဲ ဥပဒေအရ ဆောင်ရွက်ပေးနိုင်သည်များ ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်း ပေါင်းစပ် ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များ အပေါ် မှတ်တမ်းတင်နိုင်ရန် ညှိနှိုင်းပြီး မှတ်တမ်းကို လက်မှတ်ရေးထိုးအတည်ပြု ကြသည်။

ယင်းနောက် လားဟူဒီမိုကရက်တစ် အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန် က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်း ရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားကာ အမှတ် တရ လက်ဆောင်ပစ္စည်းများပေးအပ်၍ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၂၃ မှအဆက်**

လျော့ကျနိုင်ခြင်း၊ နည်းဥပဒေ (၁၀၄)ပါ မူလပြဋ္ဌာန်းချက်အစား ပြင်ဆင်ပြဋ္ဌာန်း လိုက်ခြင်းကြောင့် မူလလုပ်ကိုင်ခွင့်ရသူ အခွင့်အရေးကို မထိခိုက်မနစ်နာစေဘဲ၊ ကျွန်းမြေသစ် လုပ်ပိုင်ခွင့်ရရှိသူကိုလည်း ပိုင်ရှင်အငြင်းပွားမှုမရှိစေဘဲ လုပ်ကိုင်ခွင့် ရရှိခြင်းနှင့် နည်းဥပဒေ (၁၀၆) နည်းဥပဒေခွဲ (က)ပါ မူလပြဋ္ဌာန်းချက်အစား ပြင်ဆင် ပြဋ္ဌာန်းလိုက်ခြင်းကြောင့် မူလလုပ်ကိုင်သူ အခွင့်အရေးကို မထိခိုက်သကဲ့သို့ စီမံခန့်ခွဲ မှုကော်မတီ၏ လုပ်ငန်းစဉ်များကိုလည်း ရှင်းလင်းစေခြင်း စသည့် အကျိုးကျေးဇူး များ ရရှိမည်ဖြစ်ပါကြောင်း။

ထို့ပြင် နည်းဥပဒေ(၁၀၆) နည်းဥပဒေခွဲ (ခ)ပါ မူလပြဋ္ဌာန်းချက်အစား ပြင်ဆင် ပြဋ္ဌာန်းချက်ကြောင့် ဥပဒေလက်တစ်လုံး ခြားပြုလုပ်ကာ အမှန်တကယ်လယ်မဲ့ယာမဲ့ များ၊ သူရင်းငှားများ ချန်လှပ်ခံရမှုမရှိစေ ခြင်း၊ နည်းဥပဒေ (၁၀၆) နည်းဥပဒေခွဲ(စ) ပါ မူလပြဋ္ဌာန်းချက်အစား ပြင်ဆင်ပြဋ္ဌာန်း ချက်အရ ကျွန်းနုမြေသစ်များ၏ လုပ်ပိုင်ခွင့် ရွေးချယ်ရာတွင် အကျုံးဝင်သူအားလုံး ပါဝင် နိုင်ပြီး ပိုင်ရှင်အငြင်းပွားမှုမရှိဘဲ လုပ်ကိုင် နိုင်ခြင်းနှင့် နည်းဥပဒေ(၁၁၂) နည်းဥပဒေခွဲ (က)ပါ မူလပြဋ္ဌာန်းချက်အစား မြေခွန်ကို သာထမ်းဆောင်ရမည်ဟူသော ပြဋ္ဌာန်းချက် သည် စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းစဉ် များကို ရှုပ်ထွေးမှုမရှိစေခြင်း စသည့် အချက်များသည် မြေယာမရှိသူနှင့် မြေနည်း တောင်သူများကို ဦးစားပေးမှုကြောင့် တရားမျှတမှုကိုဖြစ်စေပြီး မြေခွဲဝေမှု လုပ်ငန်းစဉ်များကိုလည်း ပွင့်လင်းမြင်သာ မှုရှိစေပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ တာဝန်ရှိသူများသည်လည်း ဆုံးဖြတ်ချက်များကို လွယ်ကူရှင်းလင်းစွာ အတည်ပြုနိုင်မည်ဖြစ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

**မန္တလေးတိုင်းဒေသကြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမှတ်(၄) ဦးဝင်းဖေမောင်**က ပုဒ်မ(၁၀၆) ပုဒ်မခွဲ (က၊ ခ၊ စ)တို့ကိုပြင်ဆင်ရာတွင် ကျေးရွာအဆင့် မြေနုကျွန်းမြေ ချထားရေးကော်မတီများ၌ ဒေသခံကိုင်းတောင်သူကိုယ်စားလှယ်များ ကိုယ်တိုင်ပါဝင်ခွင့်ရရှိရေး၊ မြေကွက်ခွဲဝေမှု စနစ်ကို လူထုရှေ့မှောက်တွင် ပွင့်လင်း မြင်သာစွာချပြရှင်းလင်းရေးနှင့် ခိုင်မာသည့် တိုင်ကြားစာ ဖြေရှင်းမှုယန္တရားတို့ကို နည်းဥပဒေတွင် အတိအကျထည့်သွင်းပေး ရန်လိုအပ်ပါကြောင်း၊ ပုဒ်မ (၁၁၂) ပုဒ်မခွဲ (က)ကို ပြင်ဆင်ရာတွင် ဝေဝါးစေနိုင်သော ယေဘုယျစကားရပ်များကို ပယ်ဖျက်ပြီး အမှန်တကယ်စိုက်ပျိုးမည့် ကိုင်းတောင်သူ စစ်စစ် (Smallholder Farmers) ဖြစ် ကြောင်း သတ်မှတ်သည့်စံနှုန်းများ(ဥပမာ- တစ်ဦးလျှင် အများဆုံးစိုက်ပျိုးနိုင်သည့် ဧက ပမာဏကန့်သတ်ချက်)ကို တိကျပြတ်သား စွာ ဖွင့်ဆိုပြဋ္ဌာန်းပေးရမည်ဖြစ်ပါကြောင်း။

လယ်ယာမြေနည်းဥပဒေ(၂၀၁၂) အခန်း (၁၂)ကို ပြင်ဆင်ခြင်းသည် ဥပဒေစာအုပ် ထဲက စာသားအချို့ကို ပြောင်းလဲခြင်း မဟုတ်ဘဲ မြေပြင်တွင် အမှန်တကယ် ရွေးချယ်စရာမြေမရှိဘဲ မြေနုကျွန်းကိုအမှီ ပြုနေရသည့် ကိုင်းတောင်သူလယ်သမား များ၏ ဘဝလုံခြုံရေး၊ တရားမျှတရေးနှင့် ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးတို့ အတွက် မရှိမဖြစ်လိုအပ်နေသည့် ပြုပြင် ပြောင်းလဲရေးဖြစ်ပါသောကြောင့် အဆို ကို ထောက်ခံဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ က ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်းတို့ကို ဇူလိုင် ၂၇ ရက်တွင် ကျင်းပ မည့် ၂၂ ရက်မြောက်နေ့ အစည်းအဝေး တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသား လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ဇူလိုင် ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသား
လွှတ်တော်
ရုပ်သံဖိုင်
ကြည့်ရန်

# နယ်စပ်ရေးရာဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ




**နေပြည်တော် ဇူလိုင် ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဒုတိယ အကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ ညနေပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရုံးဧရိယာအတွင်း ကျင်းပရာ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က အမှာ စကားပြောကြားပြီး ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်စွာဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင်ပင်များ၊ နှစ်ရှည်ပင်များ၊ အရိပ်ရလေကာပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

အလားတူ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ ရုံး၊ ကျောင်းများတွင်လည်း ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများကို တစ်ပြိုင် တည်းကျင်းပပြီး ရတနာတန်းဝင်ပင်များ၊ နှစ်ရှည်ပင်များ၊ အရိပ်ရလေကာပင်များ၊ ပန်းအလှပင်နှင့် သီးပင်စားပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ယနေ့တွင် သစ်ပင် ၅၀၄၁ ပင်၊ ပထမအကြိမ် က သစ်ပင် ၆၄၁၉ ပင် စုစုပေါင်းသစ်ပင် ၁၁၄၆၀ ကို စိုက်ပျိုးခဲ့ပြီး ရှင်သန်အောင်မြင် ဖြစ်ထွန်းရေးအတွက် ဆက်လက်ထိန်းသိမ်း ပြုစု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပစဉ်။

**နေပြည်တော် ဇူလိုင် ၂၄**

နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် ပုဗ္ဗသီရိ အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပထမနေ့ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အမျိုးသား ပြိုင်ပွဲဝင်အသင်း ၁၀ သင်း၊ အမျိုးသမီး ပြိုင်ပွဲဝင်အသင်း ၁၀ သင်းတို့ဖြင့် ဇူလိုင် ၃၁ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ဗဟို)

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရွှေဘိုတပ်နယ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ရွှေဘိုတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက အောင်သပြေခက်များဖြင့် သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုစဉ်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ အိုးစည်၊ ဒိုးပတ်၊ အတီးအမှုတ်၊ အကအခုန် မိသားစုများနှင့်ဝေးကွာ၍ နေ့မအား၊ ညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို ရွှေဘိုတပ်နယ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုခဲ့ကြပြီး တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(ဗဟို)

**❍ လူစီးအမြန်ရထားများမှ**

ရန်ကုန်-ပြည်လမ်းပိုင်းအတွင်း အမှတ် (၇၃)အဆန် ရန်ကုန်-ပြည်ခရီးစဉ်နှင့် အမှတ်(၇၄)အစုန် ပြည်-ရန်ကုန် ရထားခရီးစဉ်များကို လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားများအသုံးပြု၍ ဇူလိုင် ၃၁ ရက်မှစတင်၍ အောက်ပါအချိန်ဇယားအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်-

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၇၃)အဆန် | ရန်ကုန် | ပြည် | ၀၅:၃၀ | ၁၁:၃၀ | (၆)နာရီ |
| ၂ | အမှတ်(၇၄)အစုန် | ပြည် | ရန်ကုန် | ၁၃:၀၀ | ၁၉:၀၀ | (၆)နာရီ |

အထက်ပါ စတင်ပြေးဆွဲမည့် အမှတ် (၇၃)အဆန်၊ အမှတ်(၇၄)အစုန်ခေတ်မီ လေအေးပေးစက် ပါ DEMU ရထားတွဲဆိုင်း တစ်ဆိုင်းတွင် အထက်တန်းနှစ်တွဲ၊ ပထမတန်းလေးတွဲပါရှိပြီး အထက်တန်းတွင် ၆၆ ဦးနှင့် ပထမတန်းတွင် ၂၂၄ ဦး စုစုပေါင်း ဦးရေ ၂၉၀ စီးနင်းလိုက်ပါနိုင်မည်ဖြစ်သည်။ လက်မှတ်ခနှုန်းထားမှာ ခရီးစဉ်အစအဆုံး အထက်တန်းအတွက် ငွေကျပ် ၂၀၀၀၀ နှင့် ပထမတန်းအတွက် ငွေကျပ် ၁၅၀၀၀ တို့ဖြစ်ပြီး အဆိုပါရထားသည် ရန်ကုန်-ပြည်-ရန်ကုန် ခရီးစဉ်တစ်လျှောက် တညင်းကုန်း၊ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ ကြို့ပင်ကောက်၊ နတ္တလင်းနှင့် ပေါင်းတည်ဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်ပြီး ခရီးစဉ် အစအဆုံးပြေးဆွဲချိန် ခြောက်နာရီသာကြာမြင့်မည်ဖြစ်ရာ နေ့ချင်းပြန်သွားရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ရန်ကုန်-ပြည် ရထားလမ်းပိုင်းတွင်ပြေးဆွဲလျက်ရှိသော အမှတ်(၇၁)အဆန်၊ အမှတ်(၇၂)အစုန် လူစီးအမြန်လေအိတ် ရထားနှင့် ယခုပြေးဆွဲမည့် အမှတ်(၇၃)အဆန်၊ အမှတ်(၇၄)အစုန် ခေတ်မီ DEMU လူစီးအမြန်ရထားများ၏ ရထားလက်မှတ်များကို Online Railways Tacketing and Payment System (ORTP) စနစ်ဖြင့် လက်မှတ်များဝယ်ယူနိုင်မှာဖြစ်ပြီး ခရီးစဉ်အစအဆုံး အတွက် ခုနစ်ရက်နှင့် ကြားဘူတာများအတွက် ငါးရက်ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





# ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ပွဲစဉ်ပထမနေ့ ဝိတ်တန်းအလိုက် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၂၄**

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပွဲစဉ် ပထမနေ့ဝိတ်တန်းအလိုက် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၃၀ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ဗဟို)



**❑ တစ်ခါသုံးဆေးထိုးအပ်များမှ**

တစ်ခါသုံးဆေးထိုးအပ် ထုတ်လုပ်နေမှု၊ အရည်အသွေး စမ်းသပ်စစ်ဆေးနေမှုနှင့် ထုပ်ပိုးမှုစနစ်များကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။


ထို့နောက် စက်ရုံရှင်းလင်းဆောင် ခန်းမ၌ ဒုတိယဝန်ကြီးက ဖွင့်ပွဲအထိမ်းအမှတ် အမှာစကားပြောကြားရာတွင် လက်ရှိတွင် ဆေးဝါးစက်ရုံ(အင်ရောင်း)မှ သွေးကြောသွင်းဆေးရည်၊ ထိုးဆေး၊ ဆေးမှုန့်၊ လိမ်းဆေး စသောဆေးဝါး အမျိုးအစားပေါင်း ၄၄ မျိုးကို ထုတ်လုပ်လျက်ရှိကြောင်း၊ ယခုဆိုလျှင် စက်ရုံအနေဖြင့် တစ်ခါသုံးဆေးထိုးအပ် လေးမျိုးဖြစ်သည့် (3 ml/cc, 5 ml/cc, 10 ml/cc, 20 ml/cc) တို့ကို တစ်နှစ်လျှင် အခု သန်း၁၀၀ ထုတ်လုပ်မည်ဖြစ်သည့်အတွက် နိုင်ငံအတွင်းလိုအပ်လျက်ရှိသော လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၂၄

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကား ပြောကြားစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

ထို့သို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့နှင့် ခိုလမ်မြို့တို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဆေးတပ်ရင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

# လားရှိုးမြို့နှင့် ကော့မှူးမြို့နယ်တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇူလိုင် ၂၄

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့သို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ မဟာမြတ်မုနိရုပ်ရှင်တော် ဘုရားပရိဝုဏ်အတွင်း အခြေပြု၍ အဆိုပါမြို့ပေါ်ရှိ သံဃာတော် ၅၆ ပါး၊ သာသနာ့နွယ်ဝင် သီလရှင် ၂၂ ပါး၊ ဒေသခံပြည်သူ ၁၃၅ ဦးတို့ကို သွေးတိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ အရိုးအကြောရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ဆေးကုသမှုခံယူနေကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မဆယ်ဆိပ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာတို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို အဆိုပါကျေးရွာရှိ မဟာဗောဓိမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက်၌ အခြေပြု၍ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာ သံဃာတော် ငါးပါးနှင့် ဒေသခံပြည်သူ ၁၆၂ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးကို ဆုကြေးငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

❖ ဥပဒေဘောင်အတွင်းဝင်ရောက်မှု ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့ ညနေပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ရှိ တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသော PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ အမှာစကားများ ပြောကြားကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင် ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် M-16 သေနတ် နှစ်လက်၊ ကိုးလုံးကျည်လက်လုပ် ပြောင်းချော သေနတ် ခြောက်လက်၊ MG-1 လက်ပစ်ဗုံး နှစ်လုံး၊ စကားပြောစက် တစ်လုံး၊ ကျည်အိမ် သုံးခုနှင့် ကျည်မျိုးစုံ ၁၉၆ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို မောင်းပြန်ရိုင်ဖယ် နှစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၁၀၀၊ လက်လုပ်ပြောင်းချောသေနတ်ခြောက်လက်အတွက် ငွေကျပ် သိန်း ၃၀၊ လက်ပစ်ဗုံး နှစ်လုံး အတွက် ဆုကြေးငွေကျပ် ခြောက်သိန်း၊ စကားပြောစက် တစ်လုံးအတွက် ဆုကြေး ငွေကျပ် နှစ်သိန်းနှင့် အလင်းဝင်ရောက်လာသူ ၂၃ ဦးကို တစ်ဦးလျှင် ဆုကြေးငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၂၃၀ စုစုပေါင်း စုစုပေါင်း ငွေကျပ် ၃၆၈ သိန်းကိုပေးအပ်ကာ ခံဝန်ကတိလက်မှတ် ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ ကိုယ်စား ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသူများမှာ မြိတ်မြို့မှ အမျိုးသား ရှစ်ဦး၊ ထားဝယ်မြို့မှ အမျိုးသား ခုနစ်ဦး နှင့် အမျိုးသမီး တစ်ဦး၊ တနင်္သာရီမြို့မှ အမျိုးသား လေးဦး၊ ပုလောမြို့မှ အမျိုးသား တစ်ဦး၊ပလောက်မြို့မှ တစ်ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့မှ အမျိုးသား တစ်ဦး စုစုပေါင်း ၂၃ ဦးဖြစ် ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများ နှင့် အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်း ခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများ နှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ် မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ် များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့ များအတွင်း၌ပင် အထက်အောက်အဆင့် အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျ နိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန် ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်း ဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်း တို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုး ပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်ကိုစွန့်လွှတ်၍ ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများကို ပြန်လည် ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုး မှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်း သူများထံသို့ စနစ်တကျပြန်လည်လွှဲအပ် ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူ များအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်း ပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည် ဝင်ရောက်လာသူများ၏ စကားသံများ ကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"၂၀၂၄ ခုနှစ် ၄ လပိုင်း ၁ ရက်မှာ သူငယ်ချင်းကခေါ်လို့ ရောက်သွားခဲ့တယ်။ စခန်းမှာ သစ်ခုတ်၊ ဝါးခုတ်၊ မြေကျင်းတူး တာတွေ နေ့တိုင်း ပင်ပင်ပန်းပန်း လုပ်ခဲ့ ရပါတယ်။ စခန်းမှာ ခေါင်းဆောင်အကြီး ပိုင်းတွေက ကြီးနိုင်ငယ်ညှဉ်းလုပ်ကြ တယ်။ အစားအသောက်တွေဆို သူတို့က ကောင်းကောင်းစားပြီး ကျွန်တော်တို့ကို ပဲဟင်း၊ ငါးခြောက်နဲ့ပဲ ကျွေးတာပါ။ အသက်အန္တရာယ်များတဲ့ အလုပ်ဆို ကျွန်တော်တို့ကပဲလုပ်ရတယ်။ လမ်းမှာ ဂိတ်ဖွင့်ပြီး ပိုက်ဆံကောက်တယ်။ ရွာ တွေကို တစ်လတစ်ခါဆက်ကြေးကောက် ကြတယ်။ ရလာတဲ့ ပိုက်ဆံ သိန်း ၂၀၀၀ လောက်ကို သိန်း ၃၀၀ လောက်ပဲ စာရင်း တင်ပြီးတော့ ကျန်တဲ့ပိုက်ဆံကို သူတို့ ထိုင်းမှာ အိမ်တွေ၊ခြံတွေ၊မြေတွေ၊ကားတွေ ဝယ်ပြီးတော့ နေထိုင်ကြတယ်။ စခန်းမှာ ကျန်ခဲ့တဲ့ ကျွန်တော်တို့က ငတ်ပြတ်ပြီး နေရတယ်။ ကျွန်တော်တို့က တော်လှန် ရေးအတွက် ဝင်လာတာဆိုပေမယ့် ထင်ထားတာနဲ့ တခြားစီဖြစ်နေတယ်။ ပြည်သူတွေကို ဒုက္ခပေးတယ်လို့ ပြောရင်





လဲ ကျွန်တော်တို့ကို ဆူပူကြိမ်းမောင်း တယ်။ အချုပ်ချတယ်။ တပ်မတော်ထံ အလင်းဝင်တဲ့အခါမှာဆိုရင်လဲ တာဝန် ရှိတဲ့လူကြီးတွေက ကျွန်တော်တို့ကို နွေးနွေးထွေးထွေးနဲ့ ကြိုဆိုပြီး ကောင်းကောင်းမွန်မွန် နေထိုင်စား သောက်လို့ရအောင် စီစဉ်ပေးကြပါတယ်။ စိတ်အေးချမ်းသာစွာနဲ့ လွတ်လွတ် လပ်လပ်နေရပါတယ်။ တောထဲမှာ ကျန်ခဲ့တဲ့ညီအစ်ကို မောင်နှမတွေအားလုံး ကိုလဲ အမှားကိုသိပြီး အမှန်ကိုမြင်ကာ တပ်မတော်ထံ အမြန်ဆုံးအလင်းဝင်ကြ ပါလို့ တိုက်တွန်း ပြောကြားချင်ပါတယ်"ဟု ပြောသည်။

"၂၀၂၄ ခုနှစ် ၂ လပိုင်း ၁၄ ရက်မှာ စဝင်တယ်။ ဆေးသင်တန်း တစ်လတက် ရတယ်။ စခန်းမှာထမင်းချက်တာ၊ ထင်းခွဲတာ၊ ရေခပ်တာတွေ နေ့တိုင်းလုပ် ရတယ်။ နေရထိုင်ရတာ အဆင်မပြေဘူး။ အစားဆိုလဲ ကောင်းကောင်းမစားရဘူး။ စခန်းမှာဆို ဘာမှမလုပ်ဘဲနဲ့ အမြဲဆူပူ ကြိမ်းမောင်းခံရတယ်။ စခန်းအပြင်လဲ မထွက်ရဘူး။ အနေအထိုင် ကျဉ်းကျပ် တယ်။စစ်ကြောင်းလာရင်လဲ ခဏခဏ ပြေးရတယ်။ အမြဲဆူပူ အနိုင်ကျင့်လေ့ရှိ တယ်။ စခန်းမှာ မနေချင်လို့ ထွက်ပြေးတာ လေးခါရှိပြီ။ လုံးဝမလွတ်မြောက်ခဲ့ဘူး။ အခုမှ လွတ်လာတာပါ။ သူတို့ရဲ့ မတရား လုပ်တာတွေ ကြီးနိုင်ငယ်ညှဉ်းလုပ်တာ တွေကို သိမြင်လာပြီးတော့ တပ်မတော်ထံ အလင်းလာဝင်ချင်နေတာပါ။ အလင်းဝင် တဲ့ အခါမှာဆိုရင်လဲ တာဝန်ရှိတဲ့ လူကြီး တွေက နွေးနွေးထွေးထွေးကြိုဆိုပြီး ကောင်းကောင်းမွန်မွန် နေထိုင်စားသောက် လို့ရအောင် စီစဉ်ပေးကြပါတယ်။ တောထဲ မှာကျန်ခဲ့တဲ့ ညီအစ်ကို မောင်နှမတွေ အားလုံးလဲ တပ်မတော်ထံ အလင်းဝင် ကြပါလို့ တိုက်တွန်းပြောကြားချင်ပါ တယ်"ဟု ပြောသည်။ (၅၀၁)

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံ တစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလ အတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကိုအားလုံးဖြစ်စေ၊တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူ လုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင်နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူ လုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေပုဒ်မ ၉) **ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## ■ မူဆယ်မြို့မှ

အလေးထား ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ လုံးဝပြန်လည်အခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေနှိမ်နင်းလျက်ရှိသည်။


ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် စုံစမ်းရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့ နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက် စွမ်စော်(၂)လမ်းရှိ




မူဆယ်မြို့ စွမ်စော်ရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ကိုင်နေကြသူများကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့် နေရာပြပုံ။



မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သည့် တရုတ်နိုင်ငံသား အမျိုးသား ၁၇ ဦးကို တွေ့ရစဉ်။



မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ တရုတ်နိုင်ငံသား အမျိုးသား ၁၇ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၅ ဦးတို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သည့် နေအိမ်နှင့် လုပ်ငန်းနေရာကိုတွေ့ရစဉ်။





နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၁၇ ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၄၄ ဦးတို့ကို ဖုန်းမျိုးစုံ ၃၃ လုံး၊ All In One ကွန်ပျူတာ ၃၈ လုံး၊ Laptop တစ်လုံး၊ Star Link တစ်လုံး၊ ဆိုင်ကယ် ရှစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးပူးပေါင်းအဖွဲ့များသည် အဆိုပါရပ်ကွက်အတွင်း စုံစမ်းရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ နံနက် ၁၁ နာရီ ၁၀ မိနစ်ခန့်တွင် အဆိုပါလမ်းအတွင်းရှိ နေအိမ်တစ်လုံးမှ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ မြန်မာနိုင်ငံသား အမျိုးသား ၁၁ ဦးကို All In One ကွန်ပျူတာ ၃၃ လုံး၊ CPU သုံးလုံး၊ UPS ငါးလုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများကို လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခြင်းများပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတာကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သည့် မြန်မာနိုင်ငံသား အမျိုးသား ၁၁ ဦးတို့ကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

---

# လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများသို့ အသိပေးပန်ကြားခြင်း

နေပြည်တော် ဇူလိုင် ၂၄

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရေးကြိုးပမ်းနေသကဲ့သို့ ပြည်သူများ လျှပ်စစ်ဓာတ်အားကို စနစ်တကျသုံးစွဲလာစေရန် အသိပညာပေးခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ နည်းပညာကြောင့် ဓာတ်အားပျောက်ဆုံးမှုနှင့် နည်းပညာကြောင့်မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှု(ဓာတ်အားခိုးယူသုံးစွဲမှု)များ လျော့နည်းပပျောက်သွားစေရေးအတွက်လည်း အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် နည်းပညာကြောင့်မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှုများ ပပျောက်စေရေးအတွက် မသမာသောနည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အား တရားမဝင်သုံးစွဲမှုများကို အဖွဲ့များဖွဲ့စည်း၍ ဖော်ထုတ်အရေးယူလျက်ရှိပါသည်။

၃။ ထို့ပြင် Smart Meter စနစ်သို့ ကူးပြောင်းနိုင်ရေး တွန်းအားပေးဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့် ကိုယ်တိုင်မီတာဖတ်ရှု၍ မီတာခပေးဆောင်နိုင်မည့်အပြင် Control Centre များမှ စောင့်ကြည့်စစ်ဆေးနိုင်သည့် Digital စနစ်တစ်ခုတည်ဆောက်ခြင်းကိုလည်း တစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ လျှပ်စစ်ဓာတ်အားသုံးစွဲသူများအနေဖြင့် မသမာသောနည်းလမ်းများကိုအသုံးပြု၍ တရားမဝင် ဓာတ်အားရယူသုံးစွဲမှုများ ပြုလုပ်ထားပါက ၂၀၂၆ ခုနှစ် ဇူလိုင် ၃၁ ရက် နောက်ဆုံးထားပြီး သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်အသိပေးကြပါရန်နှင့် ယင်းသို့ အသိပေးလာပါက ဖြေလျှော့ပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အဆိုပါကာလကျော်လွန်ပြီးချိန်တွင် တရားမဝင်ဓာတ်အား သုံးစွဲမှုများကို Control Center များမှစစ်ဆေးတွေ့ရှိပါက ပြဋ္ဌာန်းထားသည့် လျှပ်စစ်ဥပဒေများနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ မီတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းသို့မဟုတ် ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အောက်ဖော်ပြပါ Call Center ဖုန်းနံပါတ်များသို့ ဆက်သွယ်သတင်းပို့ကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**

**-လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (နေပြည်တော်)-**
၀၆၇-၃၄၁၀၀၇၂

**-ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း (YESC)-**၁၇၁၇

**-မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း (MESC)-**၁၆၁၆
၀၂-၄၀၃၉၃၃၀၊ ၀၂-၄၀၇၃၆၆၆၊
၀၂-၄၀၇၂၆၁၈ (Hot Line)

**-ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ**
၀၆၇-၃၄၁၀၄၀၇၊ ၀၉၆၈၂၂၃၂၆၀၀၊
၀၉၆၆၅၄၃၂၅၇၅

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

---

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇူလိုင် ၂၄

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားသည်။(မိုး/ဇလ)

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများကို ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသား ကိုးဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့



ပြည်ပနိုင်ငံသား ကိုးဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိစဉ်။

**နေပြည်တော် ဇူလိုင် ၂၄**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် အိန္ဒိယနိုင်ငံသား သုံးဦး၊ အီသီယိုးပီးယားနိုင်ငံသား သုံးဦး၊ တိုဂိုနိုင်ငံသား တစ်ဦး၊ ယူဂန်ဒါနိုင်ငံသား တစ်ဦး၊ ကင်ညာနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ကိုးဦး ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်း ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ယခုနှစ် ဇူလိုင် ၂၄ ရက်ထိ မြဝတီမြို့နယ် အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ဦးရေ ၁၄၇၄၀ ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၀၂ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၂၈ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/ ၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၁၃ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၅ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်း ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်း အမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့်တာဝါတိုင်ကို ပြန်လည်ပြုပြင်ပြီးစီး၍ ပခုက္ကူ၊ ရေစကြိုမြို့နယ်များ လျှပ်စစ်ဓာတ်အားပြန်လည်ရရှိ

**နေပြည်တော် ဇူလိုင် ၂၄**

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ်လိုအပ်သည့် အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး၊ စက်မှုလက်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်ရေးနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ် ရရှိရေးသည် အလွန်ပင်အရေးကြီးသည်။

နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်မီးများ ပုံမှန်ရရှိရေးနှင့် လျှပ်စစ်ဓာတ်အားများ ပြတ်တောက်မှုမရှိစေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိစဉ် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို လျစ်လျူရှု၍ ဒေသဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေရန် အဖျက်အမှောင့်လုပ်ရပ်များကို စဉ်ဆက်မပြတ်ပြုလုပ်လျက်ရှိရာ ဇူလိုင် ၁၉ ရက်တွင် ပခုက္ကူမြို့နယ် ပေါင်လောင်ကန်ကျေးရွာအနီးရှိ ၁၃၂ ကေဗွီ ညောင်ပင်ကြီး-ဗုဒ္ဓကုန်းမဟာဓာတ်အားလိုင်းကို PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တာဝါတိုင်အမှတ်(၃၃၈) ပြိုလဲပျက်စီးခဲ့ရသည်။ ထိုသို့ ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် အဖျက်အမှောင့်လုပ်ငန်းကို ပြုလုပ်မှုကြောင့် ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ကမ္မမြို့တို့အတွင်းရှိ အပြစ်မဲ့ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အား ရုတ်တရက်ပြတ်တောက်သွားခဲ့ရပြီး လူမှုစီးပွားရေးနှင့် နေ့စဉ်ဘဝများတွင် အခက်အခဲပေါင်းများစွာဖြင့် ရင်ဆိုင်ကြုံတွေ့ခံစားခဲ့ကြရသည်။



၁၃၂ ကေဗွီ ညောင်ပင်ကြီး-ဗုဒ္ဓကုန်း ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၃၃၈) ဖောက်ခွဲဖျက်ဆီးခံရမှုကြောင့် ပြိုလဲပျက်စီးမှုကို ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံ။

အဆိုပါ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဖြစ်စဉ် ဖြစ်ပွားခဲ့ပြီးသည်နှင့် တစ်ပြိုင်နက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ မဟာဓာတ်အားလိုင်းမှူးရုံး(ဂန့်ဂေါ၊ အုန်းတော)၊ ပင်မဓာတ်အားခွဲရုံ(ဗုဒ္ဓကုန်း)နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတို့မှ လျှပ်စစ်ဝန်ထမ်းများသည် ပြည်သူများ လျှပ်စစ်ဓာတ်အား မြန်မြန်ဆန်ဆန် ပြန်လည်ရရှိရေးအတွက် သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ လေးရက်တိုင်တိုင် နေ့မအား ညမအား ကြိုးစားအားထုတ်၍ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသဖြင့် ဇူလိုင် ၂၃ ရက်တွင် အဆိုပါပျက်စီးသွားသည့် တာဝါတိုင်အမှတ်(၃၃၈)ကို ပြန်လည်ပြုပြင်ပြီးစီးခဲ့ပြီး ဓာတ်အားပြတ်တောက်ခဲ့သော ပခုက္ကူမြို့နယ်နှင့် ရေစကြိုမြို့နယ်တို့အတွင်းရှိ ဒေသများသို့ ဓာတ်အားများ ပြန်လည်ပို့လွှတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

အကြမ်းဖက် အဖျက်သမားများ၏ ယခုကဲ့သို့ မဟာဓာတ်အားလိုင်းများကို ဖျက်ဆီးမှုလုပ်ရပ်များကြောင့် ပြည်သူများက နေ့စဉ်လူမှုစီးပွားဘဝလုပ်ငန်းများ ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများကို တိုက်ရိုက်ထိတွေ့ခံစားခဲ့ကြရသဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ လျှပ်စစ်ဝန်ထမ်းများနှင့် တာဝန်သိပြည်သူများ၏ ပူးပေါင်းကြိုးပမ်းအားထုတ်မှုကြောင့် လျှပ်စစ်မီးများအမြန်ဆုံးပြန်လည်ပေးဝေနိုင်ပြီဖြစ်ကြောင်းနှင့် လျှပ်စစ်မီးပြန်လည်ရရှိမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၂၀၂၅-၂၀၂၆ ခုနှစ်ဘောလုံးရာသီ ပြင်သစ်လီဂူးဝမ်းပြိုင်ပွဲက ကလပ်အသင်းများအကြောင်း

M L




၂၀၂၅-၂၀၂၆ခုနှစ်ဘောလုံးရာသီ ပြင်သစ်လီဂူးဝမ်းပြိုင်ပွဲကိုတော့ ပြိုင်ပွဲဝင်အသင်း ၁၈ သင်းပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပွဲစဉ်ဇယားတွေကိုတော့ ပြီးခဲ့တဲ့နှစ် ဇွန် ၂၇ ရက်မှာ စတင်ကြေညာခဲ့တာဖြစ်ပါတယ်။ ရာသီအစ အဖွင့်ပွဲစဉ်ကိုတော့ ၂၀၂၅ ခုနှစ် ဩဂုတ် ၁၇ ရက်နေ့မှာ စတင်ခဲ့ပြီး ရာသီပိတ်ပွဲစဉ်ကိုတော့ ၂၀၂၆ ခုနှစ် မေ ၁၇ ရက်မှာ ကျင်းပခဲ့တာကို တွေ့ရမှာပါ။ အဲဒီပြိုင်ပွဲမှာတော့ ပီအက်စ်ဂျီအသင်းက မေ ၁၃ ရက်မှာ ကစားခဲ့တဲ့လန်းစ်အသင်းနဲ့ပွဲမှာ နှစ်ဂိုးပြတ်နဲ့နိုင်ပွဲရပြီးကတည်းက ချန်ပီယံဆုဖလားရရှိခဲ့တာကြောင့် အမှတ်ပေးဆုဖလားကို ငါးကြိမ်ဆက်တိုက်ဆွတ်ခူးနိုင်ခဲ့တဲ့အသင်းအဖြစ် ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ လီဂူးပြိုင်ပွဲဟာ ပြိုင်ပွဲဝင်အသင်း ၁၈ သင်းဖြစ်တာကြောင့် ပွဲစဉ် ၃၄ ပွဲသာကစားခဲ့ရပြီး ချန်ပီယံဆုအတွက်ကတော့ ပီအက်စ်ဂျီအသင်းနဲ့ လန်းစ်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရတာကို တွေ့ရမှာပါ။ ဒါပေမဲ့ ပွဲစဉ် ၃၃ ကစားပြီးချိန်မှာတော့ ပီအက်စ်ဂျီအသင်းက လန်းစ်အသင်းကို ရမှတ်ဖြတ်တောက်နိုင်ခဲ့တာကြောင့် ပြိုင်ပွဲမပြီးဆုံးမီ တစ်ပွဲအလိုမှာ ဆုဖလားကိုင်မြှောက်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

### အောင်မြင်မှုရရှိခဲ့သည့်ကလပ်အသင်းများ

၂၀၂၅-၂၀၂၆ ခုနှစ်ဘောလုံးရာသီပြင်သစ်လီဂူးဝမ်းပြိုင်ပွဲမှာတော့ ပြိုင်ပွဲဝင်အသင်းတွေအနေနဲ့ ကစားသမားသစ်ခေါ်ယူမှုအတွက် ယူရို ၇၅၅ သန်းကျော်သုံးစွဲခဲ့တာဖြစ်ပါတယ်။ဒါပေမဲ့ ကစားသမားပြန်လည်ရောင်းချမှုမှာတော့ ယူရို သန်း ၁၀၀၀ ကျော်ပြန်လည်ရရှိခဲ့တာကြောင့် အသားတင်အမြတ်ငွေ ၄၄၇ သန်းကျော်ပိုင်ဆိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒီပြိုင်ပွဲမှာ ပီအက်စ်ဂျီအသင်းက အခြားအသင်းတွေထက် ကစားသမားစုဖွဲ့မှုနဲ့ နည်းစနစ်ပိုင်းပိုကောင်းတဲ့အသင်းဖြစ်တာကြောင့် ပြိုင်ပွဲစုံမှာအောင်မြင်မှုရခဲ့တဲ့အသင်းလို့ဆိုရမှာပါ။

ပီအက်စ်ဂျီအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲမစတင်မီ ယူအီးအက်ဖ်အေစူပါဖလားပြိုင်ပွဲကို စပါးအသင်းနဲ့ကစားခဲ့ရပြီး ပွဲအစမှာစပါးအသင်းရဲ့ နှစ်ဂိုးပြတ်နဲ့ဦးဆောင်မှုကိုခံခဲ့ရပေမဲ့ ဒုတိယပိုင်းမှာ နည်းပြအန်းနရစ်ရဲ့လူစားလဲမှန်ကန်မှုကြောင့် တိုက်စစ်ပိုင်းပိုကောင်းလာခဲ့ပြီး ပွဲချိန် ၈၅ မိနစ်နဲ့ ပွဲချိန် မိနစ် ၉၀ ကျော်မှာ ချေပဂိုးတွေ ဆက်တိုက်ပြန်သွင်းနိုင်ခဲ့လို့ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် ပင်နယ်တီအဆုံးအဖြတ်မှာတော့ လေးဂိုးသုံးဂိုးနဲ့ နိုင်ပွဲရခဲ့တာကြောင့် ဆုဖလားတစ်လုံးရယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ပီအက်စ်ဂျီအသင်းရဲ့ရည်မှန်းချက်ကတော့ ချန်ပီယံလိဂ်ဖလားရရှိရေးကို ပစ်မှတ်ထားနေတာကြောင့် အမှတ်ပေးပြိုင်ပွဲတွေမှာ ကစားသမားတွေအလှည့်ကျအသုံးပြုခဲ့ရတာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ ဥရောပပြိုင်ပွဲရဲ့အမြင့်ဆုံးပြိုင်ပွဲဖြစ်တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာလဲ ချဲလ်ဆီးအသင်း၊ လီဗာပူးအသင်း၊ ဘိုင်ယန်မြူးနစ်အသင်း၊ အာဆင်နယ်အသင်းတို့ကိုကျော်ဖြတ်ပြီး ဆုဖလားရယူနိုင်ခဲ့တာကြောင့် ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ဆုဖလားလေးလုံးနဲ့အောင်မြင်မှုတွေရရှိခဲ့တဲ့အသင်းအဖြစ် ရပ်တည်နိုင်ခဲ့တာကို တွေ့ရမှာပါ။

လီဂူးပြိုင်ပွဲရဲ့ ဒုတိယမြောက်အောင်မြင်မှုရရှိခဲ့တဲ့ အသင်းကတော့ လန်းစ်အသင်းပဲဖြစ်တယ်လို့ဆိုရမှာပါ။ လန်းစ်အသင်းကတော့ ကစားသမားသစ်ခေါ်ယူမှုအတွက် ပြောင်းရွှေ့ကြေးအသုံးစရိတ် ၅၆ ဒသမ ၄၅ သန်းသာအသုံးပြုခဲ့ပြီး ထိပ်တန်းအဆင့်ကစားသမားတွေကို ခေါ်ယူနိုင်ခြင်းမရှိခဲ့ပါဘူး။ သူတို့အသင်းဟာ အဓိကကစားသမားတချို့လက်လွှတ်လိုက်ရပေမဲ့ နည်းပြပီယာရီဆော့ရဲ့နည်းစနစ်တွေကြောင့် အမှတ်ပေးပြိုင်ပွဲမှာ ရလဒ်တွေကောင်းခဲ့တာကို သတိပြုရမှာပါ။ လန်းစ်အသင်းဟာ အမှတ်ပေးပြိုင်ပွဲမှာ ၂၂ ပွဲနိုင်၊ လေးပွဲသရေ၊ ရှစ်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၇၀ ထိရရှိခဲ့ပြီး ဒုတိယနေရာကနေ ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာရယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒ့ါပြင် သူတို့အသင်းဟာ ကိုပါဒယ်ရေးဖလားပြိုင်ပွဲမှာလဲ စထရာဘော့အသင်း၊ လိုင်ယွန်အသင်း၊ တူးလော့အသင်း၊ နိုက်အသင်းတို့ကို သုံးဂိုးတစ်ဂိုးနဲ့ နိုင်ပွဲတွေရခဲ့တာကြောင့် ချန်ပီယံဆုဖလားကိုဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် လန်းစ်အသင်းဟာလဲ အသင်းလိုက်ကစားအားနဲ့ နည်းပြရဲ့နည်းစနစ်ကောင်းတွေကိုပိုင်ဆိုင်ခဲ့လို့ ဆုဖလားတစ်လုံးနဲ့ အောင်မြင်မှုရရှိခဲ့တာကိုတွေ့ရမှာပါ။ ဒ့ါပြင် အမှတ်ပေးပြိုင်ပွဲမှာလဲ ရှုံးပွဲခြောက်ပွဲသာရှိခဲ့တာကြောင့် ပြိုင်ပွဲပြီးဆုံးသွားချိန်မှာတော့ တိုက်စစ်ပိုင်းက သွင်းဂိုး ၇၆ ဂိုးနဲ့ ချန်ပီယံဆုဖလားဆွတ်ခူးရရှိခဲ့တာကိုတွေ့ရမှာပါ။

### ဥရောပပြိုင်ပွဲဝင်ခွင့်ရအသင်းများ

ပြင်သစ်လီဂူးပြိုင်ပွဲဟာ ယခင်ကယူအီးအက်ဖ်အေရဲ့ အဆင့်သတ်မှတ်ချက်မှာ ချန်ပီယံလိဂ်ပြိုင်ပွဲတိုက်ရိုက်ဝင်ခွင့်လေးနေရာထိရရှိခဲ့ပေမဲ့ နောက်ပိုင်းဥရောပပြိုင်ပွဲတွေမှာ အောင်မြင်မှုရရှိတာနည်းပါးလာတာကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲတိုက်ရိုက်ဝင်ခွင့်သုံးနေရာ၊ play-off ကစားခွင့်တစ်နေရာသာရရှိတော့တာကို တွေ့ရမှာပါ။ ယူရိုပါလိဂ်ပြိုင်ပွဲမှာတော့ တိုက်ရိုက်ဝင်ခွင့်နှစ်နေရာရရှိထားပြီး ကွန်ဖရင့်လိဂ်ပြိုင်ပွဲကိုတော့ တိုက်ရိုက်ဝင်ခွင့်တစ်နေရာ ရရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အဆင့်(၁)က ပီအက်စ်ဂျီအသင်းနဲ့ အဆင့်(၂)က လန်းစ်အသင်းတို့ဟာ ချန်ပီယံလိဂ်ပြိုင်ပွဲ တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့တာကိုတွေ့ရမှာပါ။ အဆင့်(၃)နေရာက လိုင်လီအသင်းကတော့ ကိုပါဒယ်ရေးဖလား ၃၂ သင်း အဆင့်၊ ယူရိုပါလိဂ်ဖလား ၁၆ သင်းအဆင့်ကနေ ထွက်ခဲ့ရတာကို တွေ့ရမှာပါ။ ဒါပေမဲ့ အမှတ်ပေးပြိုင်ပွဲမှာတော့ ၁၈ ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ကိုးပွဲရှုံးနဲ့ ရမှတ် ၆၁ မှတ်ရခဲ့တာကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲ တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

လိုင်ယွန်အသင်းကလဲ ကိုပါဒယ်ရေးဖလားပြိုင်ပွဲကို ကွာတားဖိုင်နယ်အဆင့်ထိရောက်ရှိခဲ့ပေမဲ့ လန်းစ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပြိုင်ပွဲကထွက်ခွာခဲ့ရတာဖြစ်ပါတယ်။ ဒ့ါပြင် ယူရိုပါလိဂ်ပြိုင်ပွဲမှာလဲ ၁၆ သင်းအဆင့်ထိရောက်ရှိခဲ့ပြီး ဆဲလ်တာဗီဂိုအသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုးတစ်ဂိုးနဲ့ရှုံးခဲ့တာကြောင့် ပြိုင်ပွဲကထွက်ခဲ့ရပေမဲ့ အမှတ်ပေးပြိုင်ပွဲမှာတော့ ၁၈ ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ၁၀ ပွဲရှုံးရလဒ်နဲ့ ရမှတ် ၆၀ ထိရရှိခဲ့တာကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲကို ခြေစစ်ပွဲကနေ ဝင်ရောက်ကစားခွင့်ရခဲ့တာကို တွေ့ရမှာပါ။

အဲဒီနောက်မှာတော့ မာဆေးအသင်းဟာ အမှတ်ပေးပြိုင်ပွဲရာသီအစမှာ ခြေစွမ်းပြသနိုင်ခဲ့တာကြောင့် အမှတ်ပေးချန်ပီယံဆုကို စိန်ခေါ်နိုင်ခဲ့တာဖြစ်ပေမဲ့ အောက်တိုဘာလနောက်ပိုင်းမှာ ဒဏ်ရာရကစားသမားများပြားခဲ့ပြီး အရန်ကစားသမားစုဖွဲ့မှုနည်းပါးခဲ့လို့ ရလဒ်တွေကျဆင်းသွားခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ဥရောပပြိုင်ပွဲဝင်ခွင့်အတွက်ပါရုန်းကန်ခဲ့ရပြီး ပြိုင်ပွဲပြီးဆုံးချိန်မှာတော့ ၁၈ ပွဲနိုင်၊ ငါးပွဲသရေ၊ ၁၁ ပွဲရှုံးနဲ့ ရမှတ် ၅၉ မှတ်သာရခဲ့တာကြောင့် အဆင့်(၅)နေရာကနေ ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်သာရရှိခဲ့တာကို တွေ့ရမှာပါ။

ရင်းနက်အသင်းကတော့ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိခဲ့ပေမဲ့ ရာသီပိတ်သိမ်းခါနီးမှာနိုင်ပွဲတွေဆက်ခဲ့တာကြောင့် ရမှတ် ၅၉ မှတ်နဲ့ အဆင့် (၆)မှာရောက်ရှိခဲ့ပြီး ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်တစ်နေရာရယူနိုင်ခဲ့တာဖြစ်ပါတယ်။ အမှတ်ပေးဇယား အဆင့် (၇) နေရာမှာရပ်တည်နိုင်ခဲ့တဲ့ မိုနာကိုအသင်းကတော့ ချန်ပီယံလိဂ်ပြိုင်ပွဲကို ရှုံးထွက်အဆင့်ထိရောက်ရှိခဲ့ပြီး ပီအက်စ်ဂျီအသင်းနဲ့တွေ့ဆုံခဲ့ရာမှာရှုံးနိမ့်ခဲ့တာကြောင့် ပြိုင်ပွဲကထွက်ခဲ့ရတာဖြစ်ပါတယ်။ အမှတ်ပေးပြိုင်ပွဲမှာတော့ ရမှတ် ၅၄ မှတ်သာရခဲ့တာကြောင့် အဆင့် (၇) နေရာကနေ ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲဝင်ခွင့်သာရရှိခဲ့တာဖြစ်ပါတယ်။

### တန်းဆင်းနှင့် တန်းတက်အသင်းများ

ပြင်သစ်လီဂူးပြိုင်ပွဲမှာ တိုက်ရိုက်တန်းဆင်းရတဲ့ အသင်းနှစ်သင်းသာရှိပြီး ကျန်တစ်သင်းကတော့ လီဂူး-၂ က play-off ပြိုင်ပွဲမှာ အနိုင်ရတဲ့အသင်းနဲ့ကစားရသလို နိုင်တဲ့အသင်းက လီဂူးဝမ်းပြိုင်ပွဲမှာ ကစားခွင့်ရတာဖြစ်ပါတယ်။ ၂၀၂၅-၂၀၂၆ ခုနှစ်ဘောလုံးရာသီပြီးဆုံးချိန်မှာတော့ အဆင့်(၁၈) မှာရပ်တည်ခဲ့တဲ့ မက်ဇ်အသင်းဟာ နိုင်ပွဲသုံးပွဲသာရရှိခဲ့လို့ ရမှတ် ၁၇ မှတ်နဲ့ တန်းဆင်းသွားရတာကို တွေ့ရမှာပါ။ ဒ့ါပြင် အဆင့် (၁၇) က နန့်တက်အသင်းကလဲ ပွဲစဉ် ၃၄ ပွဲမှာ လေးပွဲနိုင်၊ ကိုးပွဲသရေ၊ ရှုံးပွဲ ၂၀ ထိရှိခဲ့တာကြောင့် ရမှတ် ၂၄ မှတ်သာရရှိခဲ့ပြီး တိုက်ရိုက်တန်းဆင်းသွားခဲ့ရတာဖြစ်ပါတယ်။ နိုက်အသင်းကတော့ ပြိုင်ပွဲပြီးဆုံးချိန်မှာ ရမှတ် ၃၂ မှတ်နဲ့ အဆင့် (၁၆) မှာရပ်တည်နိုင်ခဲ့တာကြောင့် လီဂူး-၂က play-off ဗိုလ်လုပွဲကိုတက်ရောက်နိုင်ခဲ့တဲ့ စိန့်အက်တီယန်အသင်းနဲ့ ရှုံးထွက်ပွဲကစားခွင့်ရခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲမှာတော့ နိုက်အသင်းက နှစ်ကျော့ပေါင်းရလဒ် လေးဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာကြောင့် လီဂူးဝမ်းပြိုင်ပွဲမှာ ဆက်လက်ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။ လီဂူး-၂ ပြိုင်ပွဲကနေ ပြိုင်ပွဲပြီးဆုံးချိန်မှာ ၂၀ ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ခုနစ်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၆၇ မှတ်ထိရရှိခဲ့တဲ့ ထရွိုင်းယက်အသင်းကတော့ ချန်ပီယံဆုရရှိခဲ့လို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့ပြီး သူတို့အသင်းအနေနဲ့ လီဂူးဝမ်းပြိုင်ပွဲကို ယခုအကြိမ်အပါအဝင် ရှစ်ကြိမ်ထိတက်ရောက်နိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒ့ါပြင် လီမန်းအသင်းကလဲ လီဂူး-၂ပြိုင်ပွဲမှာ ၁၆ ပွဲနိုင်၊ ၁၄ ပွဲသရေ၊ လေးပွဲသာရှုံးခဲ့တာကြောင့် ရမှတ် ၆၂ မှတ်နဲ့ လီဂူးဝမ်းပြိုင်ပွဲကို တိုက်ရိုက်တန်းတက်ခွင့်ရခဲ့တာကြောင့် သူတို့အသင်းသမိုင်းမှာ လီဂူးဝမ်းပြိုင်ပွဲကို ပထမဆုံးအကြိမ်တက်ရောက်နိုင်ခဲ့တာဖြစ်ကြောင်း လေ့လာရေးသားလိုက်ရပါတယ်။








## အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထက(၂၇)၊ Grade-3 တွင် ပညာသင်ကြားနေသော မောင်ထက်ရဲ ဖုန်းမြတ်အောင်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေ စာရင်းအရ **မောင်ထက်ယံဘုန်းမြတ်အောင်** ဖြစ်ပါကြောင်း။ **မောင်ထက်ယံဘုန်းမြတ်အောင်**

## အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပြည်ကြီးဂန္ဓာရုံ အမှတ်(၁)ဘုန်းတော်ကြီးသင် ပညာရေးအထက်တန်းကျောင်းခွဲ၊ Grade-12(Bio)တွင် ပညာသင်ကြားနေသော (ဘ) ဦးသိန်းအောင်မြင့်၏သမီး မလင်းမြတ်သူ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေ စာရင်းအရ **မအိန္ဒြေခိုင်မြင့်** ဖြစ်ပါကြောင်း။ **မအိန္ဒြေခိုင်မြင့်**

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၁)ရပ်ကွက်၊ ၆၃ လမ်း၊ (၁၀၆ x ၁၀၇)လမ်းကြားနေ ဒေါ်ထက်ရည်မွန်အေး(၁၃/လရန(နိုင်)၁၈၆၄၃၆)၏ မိဘအမည်မှာ **ဦးကျားလျှံနှင့် ဒေါ်ဟွီးကျူ**တို့ဖြစ်ပါကြောင်း။

**ဦးကျားလျှံ(၁၃/လရန(နိုင်)၀၅၅၁၇၀)**
**ဒေါ်ဟွီးကျူ(၁၃/လရန(နိုင်)၀၀၀၇၃၅)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျွဲနဖားကျေးရွာအထက၊ Grade-2 တွင် ပညာသင်ကြားနေသော မောင်စိုင်းသုတအောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဖြိုးသူအောင်** ဖြစ်ပါကြောင်း။

**ဦးဖြိုးသူအောင်(၉/ပသက(နိုင်)၁၅၂၇၃၅)**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး**

## ရောင်းမည်၊ စုံစမ်းရန်

Super Custom 8J/4484[I–Zone]

ဖုန်းနံပါတ်

09–426806409
09–677606967
09–797205924
09–2057066
09–402667190

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သူရသီဟကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10တွင် ပညာသင်ကြားနေသော မသက်ထားဦး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဆန်းဦး** ဖြစ်ပါကြောင်း။ **ဦးဆန်းဦး(၅/ငဇန(နိုင်)၀၅၈၃၅၄)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ မိုးကြိုးကွက်သစ်-အလက၊ ကျောင်းဝင်အမှတ်-၀၇၅၉၊ Grade-6၊ တန်းခွဲ(A)မှ မအိမ့်ကျော့ကျော့ခိုင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဂေးလ်ဘတ်** ဖြစ်ပါကြောင်း။ **ဦးဂေးလ်ဘတ်(၁၃/တကန(နိုင်)၁၃၃၉၅၉)**

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

- ❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် လုံးတော်ပြည့်ရောင်တော်ဖွင့် ဆေးသင်္ကန်း ကပ်လှူပြီးစီးအောင်မြင်ခြင်းနှင့် ရွှေကြာသင်္ကန်းတော်ကပ်လှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ





မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပြီး ရွှေကြာသင်္ကန်းတော်ဆက်ကပ်ပူဇော်စဉ်။

နေပြည်တော် ဇူလိုင် ၂၄ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် လုံးတော်ပြည့် ရောင်တော်ဖွင့်ဆေးသင်္ကန်း ကပ်လှူပြီးစီး အောင်မြင်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် အောင်ပွဲ သုံးနှစ်ပြည့်အထိမ်း အမှတ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ၏ လက်တော်အရောက် ရွှေကြာ သင်္ကန်းတော် ကပ်လှူပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက် ကြည်ညိုသည်။ စာမျက်နှာ ၁၈ ကော်လံ ၃☆

## နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံ အဖွဲ့ဝင် အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး တစ်ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်



တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ အပ်နှံထားသော လက်နက်၊ ခဲယမ်းများကို ကြည့်ရှုစဉ်။

နေပြည်တော် ဇူလိုင် ၂၄ နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး တစ်ဦး စုစုပေါင်း ၂၃ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြရာ စာမျက်နှာ ၂၇ ကော်လံ ၁ ❖

**စည်းလုံးညီညွတ်မှု၊ စည်းကမ်းရှိမှုနှင့် စွမ်းအားရှိသမျှ အလုပ်လုပ်ကြပါစို့**

ဆောင်းပါး စာမျက်နှာ - ၁၀

**PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် တာဝါတိုင်ကို ပြန်လည်ပြုပြင်ပြီးစီး၍ ပခုက္ကူ ရေစကြို မြို့နယ်များ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိ**

စာမျက်နှာ - ၂၆

## ဖောင်ပိတ်သတင်း

## ပင်လယ်ကွေ့ဒေသ ဂြိုဟ်တုဓာတ်ပုံထုတ်ပြန်မှု ၂၄ နာရီ ဆိုင်းငံ့ရန် အမေရိကန် တောင်းဆိုချက် EU လက်ခံ



ပဲရစ် ဇူလိုင် ၂၅ ပင်လယ်ကွေ့ဒေသအတွင်း အမေရိကန်နှင့် အီရန်တို့အကြား စစ်ရေးတင်းမာမှုများ မြင့်တက်နေချိန်တွင် အဆိုပါဒေသဆိုင်ရာ ကော့ပါးနိကပ်စ် (Copernicus) ဂြိုဟ်တုဓာတ်ပုံများ ထုတ်လွှင့်ပြသမှုကို ၂၄ နာရီရွှေ့ဆိုင်းပေးရန် အမေရိကန်၏ တောင်းဆိုချက်ကို ဥရောပသမဂ္ဂ(EU)က စာမျက်နှာ ၁၇ ကော်လံ ၄ ❋

## ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ၅၅ ဦးကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၄ နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏လူမှုဘဝများကို ထိခိုက်ပျက်စီးစေပြီး အများပြည်သူအကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် စာမျက်နှာ ၂၈ ကော်လံ ၁ ■



မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သည့် မြန်မာနိုင်ငံသား အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၅ ဦးတို့ကို တွေ့ရစဉ်။